
www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes

# သူဌေးတို့လျှောက်သောလမ်း


## ညီညီနိုင်

WINK AND GROW
RICH
ROGER HAMILTON




WIN HAING

ညီညီနိုင် • သူဌေးတို့လျှောက်သောလမ်း



သူဌေးတို့လျှောက်သောလမ်း
ညီညီနိုင်
WINK AND GROW
RICH
ROGER HAMILTON

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သူဌေးတို့လျှောက်သောလမ်း

## ညီညီနိုင်

# WINK AND GROW RICH

## ROGER HAMILTON

စာမူခွင့်ပြုချက်အမှတ် ◆ ၄၀၀၅၇၀၀၆၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၄၀၀၄၁၀၀၆၀၄
ပထမအကြိမ် ◆ ၂၀၀၇-ခု၊ ဇူလိုင်လ
အုပ်ရေ ◆ (၁၀၀၀)အုပ်
မျက်နှာဖုံးဒီဇိုင်း ◆ ဝင်းနိုင် (A-7)
အတွင်းဖလင် ◆ မျိုးညွန့်နှင့်အဖွဲ့
ကွန်ပျူတာစာစီ ◆ သိန်းသိန်းအေး၊ သီသီထွန်း
W!zard အမှတ်-၁၉၇၊
၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးခင်မောင်ဦး(မြ-၀၄၀၇၃)
၄၇၃(က)၊ နီလာ(၆)လမ်း၊
ဂ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်းကြင်မြိုင်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။
တ

# မာတိကာ

ဘာသာပြန်သူ၏မိတ်ဆက်
အမှာစကား
အခန်း (၁)
တရံရောအခါက ၁
အခန်း (၂)
ရေတွင်း ၃
အခန်း (၃)
မျက်မှန်ပါရဂူ ၇
အခန်း (၄)
ပိုက်ဆရာ ၂၄
အခန်း (၅)
ဥယျာဉ်မှူး ၄၅
အခန်း (၆)
တံငါသည်ကြီး ၆၄
အခန်း (၇)
လှေလှော်သူ ၇၉
အခန်း (၈)
ဂီတပညာရှင် ၉၇
အခန်း (၉)
စားသောက်ဆိုင်တာဝန်ခံ ၁၁၀
အခန်း (၁၀)
လက်သမားဆရာလေး ၁၂၅
အခန်း (၁၁)
အဘွားအို ၁၃၀
နိဂုံးနှုတ်ဆက်စကား ၁၄၇

## ဘာသာပြန်သူ၏မိတ်ဆက်

ဒီစာအုပ်မူရင်းရေးသူ "ရော်ဂျာဟမ်မီလ်တန်"ဟာ ကင်းဘရစ်ချ် တရစ်နီတီကောလိပ်က ဘွဲ့ယူထားသူပါ။ ဒါပေမယ့် ဆောက်လုပ်ရေး လုပ်ငန်းတွေ မလုပ်ပါဘူး။ သူဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်လာပါတယ်။

သူဟာ စွန့်ဦးတီထွင်သူလည်း ဖြစ်ခဲ့ရာက အသက်နှစ်ဆယ် ကျော်မှာ မီလျံနာဖြစ်ခဲ့ပြီး အသက် သုံးဆယ်မှာ စီးပွားရေးဘဝ လွတ်မြောက်မှု ရခဲ့ပါတယ်။

ကုမ္ပဏီလုပ်ငန်းငါးခု ပိုင်ဆိုင်ပြီး ဝါသနာအရ ချမ်းသာကြီးပွားရေးလုပ်ငန်းစဉ်တွေကို ဝေမျှပေးနေပါတယ်။ သူဟာ အာရှစီးပွားရေး ရှေ့ဆောင်အတိုင်ပင်ခံတစ်ဦးပီပီ ညီလာခံတွေ၊ ညှိနှိုင်းပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ခဲ့ရသလို စီအီးအိုတွေ၊ စီနီယာမန်နေဂျာတွေနဲ့ ကုမ္ပဏီလုပ်ငန်းရှင်တွေကို အကြံပေးလျက် ရှိပါတယ်။

လောလောဆယ် စင်ကာပူနိုင်ငံမှာ ဇနီး၊ ကလေးသုံးယောက်နဲ့ နေထိုင်နေပါသတဲ့။

အခု သူရေးတဲ့စာအုပ်ဟာ အကြောင်းအရာပိုင်းမှာ သိပ်ထူးခြားလှတာ မဟုတ်ပေမယ့် တင်ပြပုံတင်ပြနည်းနဲ့ စီးပွားရေးရှုထောင့်တွေ၊





အတွေးအခေါ် ဒဿနတွေ ဆန်းသစ်ပြီး စိတ်ဝင်စားစရာကောင်းတာ တွေ့ရပါတယ်။

တိုးတက်ဖွံ့ဖြိုးနေတဲ့ အသိဉာဏ် (ဝါ) ဉာဏ်မျက်စိပွင့်လင်းမှု ရှိသူတိုင်း ချမ်းသာကြီးပွားနိုင်ကြောင်း အဓိက ပြဆိုထားပါတယ်။ အောင်မြင်ရေးဘဝလမ်းညွှန်ဆိုလည်း မမှားပါဘူး။

မြန်မာလူငယ်တွေအနေနဲ့ တစ်ချိန်မဟုတ်တစ်ချိန် တန်ဖိုးရှိရှိ အသုံးချနိုင်လိမ့်မယ်၊ သိသင့်သိထိုက် ဖတ်သင့်ဖတ်ထိုက်တယ်လို့ ယူဆပြီး ဘာသာပြန်ပေးခဲ့ခြင်းပါပဲ။

ဟုတ်မဟုတ် ဖတ်ကြည့်လိုက်ပါ။

(မြန်မာပြန်သူ)

ပဥ္စလက်ဆန်ဆန် အုံ့မခန်း ဆန်းကြယ်တဲ့အရာတွေနှင့်
ပြည့်နှက်နေတဲ့ ဒီစကြဝဠာကြီးက ကျွန်တော်တို့ရဲ့
ဇဝနဉာဏ်တွေ ထက်မြက်မှု ပိုမိုကြီးထွားဖွံ့ဖြိုးအောင်
စွမ်းဆောင်ပေးဖို့ စိတ်ရှည်သီးခံပြီး
စောင့်ဆိုင်းနေလေရဲ့။

အီဒင် ဖီးလ်ပေါ့(စ်)



## အမှာစကား

ပြန်လည်ကြိုဆိုပါတယ်။ ပြီးတော့ . . . ဒီစာအုပ်ကို ဖတ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

ဒီစာအုပ်ဟာ သာမန်ဇာတ်လမ်းတစ်ပုဒ်မဟုတ်ဘူးဆိုတာတော့ ကျေးဇူးပြုပြီး ကြိုပြောထားပါရစေ။

ဒီဇာတ်လမ်းထဲမှာ တကယ့်အဖြစ်အပျက်တွေ မပါပါဘူး။ တကယ့်အဖြစ်အပျက်က ဒီဇာတ်လမ်းရဲ့နောက်ကွယ်မှာ ရှိနေပြီး အုံ့မခန်းထူးဆန်းတဲ့ တကယ့်ဖြစ်ရပ်မှန်တစ်ခုအနေနဲ့ ကိုယ်တိုင်ဖော်ထုတ်ဖန်တီးဖို့ စောင့်ဆိုင်းနေတာပါ။

အဓိပ္ပာယ်က ဒီစာအုပ်ကို ထပ်တလဲလဲ ဖတ်မှသာ အဖြေထုတ်နိုင်မယ်လို့ ဆိုလိုတာပေါ့။ ငါးကြိမ်ဖြစ်ဖြစ် ဆယ့်ငါးကြိမ်ဖြစ်ဖြစ် ဖတ်တာကတော့ စာဖတ်သူအပေါ်မှာ မူတည်ပါတယ်။

ဒီတော့ . . . ဒီစာအုပ်ကို ရေကန်တစ်ကန်လို သဘောထားပြီး အသုံးပြုစေချင်ပါတယ်။ ရေဆိုတာ များနိုင်လေ အကျိုးရှိလေပဲ မဟုတ်လား။

အသုံးချရာမှာ လမ်းညွှန်ချက်အနေနဲ့ ခုလိုပြောချင်ပါတယ်။

လက်တွေ့ကျင့်ဆောင်ပါ။
ဆေးကြောသန့်စင်ပါ။
ထပ်ခါထပ်ခါ အသုံးပြုပါ။

*"အသုံးဟာ အခပဲဖြစ်ပါတယ်"*



# အခန်း (၁)

## တစ်ရံရောအခါက

"ဒါ နည်းနည်းမှ တရားမမျှကဘူး"

"ငါတော့ မကျန်းမမာဖြစ်ပြီး ခြေကုန်လက်ပန်းကျနေပြီ"

တကယ်လည်း ဟုတ်ပါတယ်။ သူဟာ အဖျားဝင်ပြီး နွမ်းလျနေပါတယ်။ နေမကောင်းထိုင်မသာဖြစ်လို့ မောနေရသလို၊ မောပန်းလွန်းလို့လည်း ပန်းဖျားဝင်နေရတာပါ။ အဲဒါ . . . ဖြစ်သင့်ပါရဲ့လား။

ရစ်ချတ်ရဲ့အဖေဟာ ဘဝသက်တမ်းတစ်လျှောက်လုံး လက်သမားအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်းခဲ့ရပါတယ်။

သူ့ခမျာ ချမ်းသာဖို့ အမြဲတောင့်တနေခဲ့ပေမယ့် တစ်ခါမှ ဆန္ဒမပြည့်ခဲ့ရရှာပါဘူး။

ချမ်းသာချင်စိတ်ကြောင့် အလုပ်ကို အပြင်းအထန် ပိုလုပ်ခဲ့ရာက နောက်ဆုံးတော့ စိတ်ဖိစီးမှုတွေက သူ့ကို အလဲထိုးပစ်လိုက်တော့တာပါပဲ။

သူဟာ အရုပ်ကြိုးပြတ်ဘဝနဲ့ အိပ်ရာပေါ် ပက်လက်လဲနေပြီး မထနိုင်တော့ပါဘူး။

"ရစ်ချတ် . . . လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လုံးလုံး အဖေဟာ ချမ်းသာမှုဆိုတဲ့ ရေတွင်းကို နေ့တိုင်းသွားပြီး တစ်ဒေါ်လာဖိုး ဝယ်နေကျပဲ၊ ဒီနေ့တော့ မင်းအကူအညီကို အဖေ လိုလာပြီ၊ ရော့ . . . ဟောဒီမှာ တစ်ဒေါ်လာ၊ အဲဒီရေတွင်းက ရေတစ်ပုံးသွားဝယ်လိုက်ပါ ငါ့သား၊ အဖေ မင်းကို စောင့်နေမယ်"

အဲဒီအချိန်မှာ ရစ်ချတ်ဟာ ကိုးနှစ်သားလေးပဲ ရှိပါသေးတယ်။ သူ့အနေနဲ့ အဖေ့အတွက် ဝမ်းနည်းကြေကွဲမှု ခံစားရသလို နည်းနည်းလည်း စိုးထိတ်ခဲ့မိပါတယ်။

မိသားစုရဲ့ ကြီးပွားချမ်းသာရေးဟာ ဒီဒေါ်လာတစ်ရွက်နဲ့အတူ သူ့လက်ထဲမှာ တည်ရှိနေတာကလား။

ဒီငွေဟာ မိသားစုချမ်းသာရေးနဲ့ သူ့အဖေကျန်းမာရေးရဲ့ သော့ချက်ပါပဲ။

သူဟာ နွမ်းကြေနေတဲ့ ငွေစက္ကူကို လက်နှစ်ဘက်နဲ့ ဆုပ်ပြီး သူ့အဖေရဲ့ အမှာစကားကို ဂရုတစိုက် နားထောင်နေမိခဲ့လေရဲ့။

"ဒီရွာကလူတွေဟာ ရာစုနှစ်ပေါင်းများစွာကတည်းက ချမ်းသာကြွယ်ဝမှုရေတွင်းကို နေ့စဉ် ဝတ္တရားမပျက် သွားခပ်ခဲ့ကြတဲ့ အလေ့အထတစ်ခု ရှိခဲ့တယ်ကွ၊ ရေတွင်းပေါ်မှာ စေတနာထားပါ ငါ့သား၊ ဒါဆိုရင် . . . မင်းကို စေတနာက ရောင်ပြန်ဟပ်ပြီး **အကျိုးပေးမှာ မုချပဲ"**



# အခန်း (၂)
## ရေတွင်း

ရစ်ချတ် . . . ရေတွင်းကို သွားတဲ့လမ်းကလေးအတိုင်း လျှောက်လာရင်းနဲ့ ရေတွင်းက ဘာကြောင့်များ သူ့အဖေကြီးနဲ့ ရွာသူရွာသားအများစုပေါ်မှာ ရက်ရက်ရောရော စေတနာမထားရသလဲလို့ တွေးလာမိခဲ့တယ်။

သူတို့ထဲက လူအတော်များများဟာ သူ့အဖေထက်တောင် ဆင်းရဲကျပ်တည်းပြီး စီးပွားရေးအခြေအနေ ဆိုးဝါးနေကြတာပဲ။

သေချာတာကတော့ သူတို့ဟာ နေ့စဉ်နေ့တိုင်း ရေတွင်းက ရေတစ်ပုံးတော့ မပျက်မကွက် ခပ်ခွင့်ရခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် . . . သူ မြင်ရသလောက်တော့ သူတို့က ရသမျှရေတွေကို သောက်သုံးပစ်လိုက်လို့ ကုန်ခန်းသွားရတာပဲပေါ့။

ရစ်ချတ်ဟာ ရှည်ရှည်ဝေးဝေးတော့ မစဉ်းစားနိုင်လိုက်ပါဘူး။ အဘွားသွားရာလမ်းမှာ အဘွားကြီးတစ်ယောက်နဲ့ တွေ့လိုက်တယ်။ အဘွား ကြီးက ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး လေညင်းခံနေတယ်။ သူ့လက်ထဲမှာလည်း အေးစက်နေတဲ့ ရေဖန်ခွက်တစ်လုံး ကိုင်ထားတယ်လေ။

ရစ်ချတ် ရပ်လိုက်မိတယ်။

"သားငယ်ကို အဘွား ဘာကူညီရမလဲ"

"ရေတွင်းကို သွားချင်လို့ လမ်းညွှန်ပေးပါလား အဘွား"

ရစ်ချတ်က ဒေါ်လာငွေစက္ကူလေး ထုတ်လိုက်ရင်းက ကျယ် ကျယ်လောင်လောင်ပဲ အော်မေးလိုက်တယ်။

"ဩော် . . . အေး၊ ဟုတ်ပြီ၊ ကောင်းပြီ၊ မင်းကလဲ ချမ်းသာချင်သကိုး၊ ဒါဆို . . . မင်း အဲဒီနေရာရောက်ပြီဆိုတာကော ဘယ်တော့ ဘယ်လို သိမှာလဲ"

ရစ်ချတ်က အဘွားအိုကို အကြောင်သား ငေးကြည့်လိုက် ပါတယ်။

အဘွားအိုက ပြုံးတယ်။ မျက်လုံးထဲမှာ အရောင်တစ်ချက် လက်သွားရာက ဆက်ပြောတယ်လေ။

"မင်း ချမ်းသာအောင် ဘယ်လောက်အထိ အပင်ပန်းခံ လုပ်ချင် သလဲ"

"အို . . . ပင်ပင်ပန်းပန်း လုပ်ရမယ် ဟုတ်လား၊ ကျွန်တော့်အဖေဆိုရင် တစ်သက်လုံး တအားအပင်ပန်းခံပြီး လုပ်ခဲ့တာပဲ၊ ခုထက်ထိ မချမ်းသာသေးဘူး၊ ဘာပဲဖြစ်ဖြစ် . . . ကျွန်တော် သူ့ထက်ပိုပြီး အပင်ပန်း ခံ လုပ်နိုင်မယ်လို့ အောက်မေ့တာပါပဲ"





"ဒါဆိုလဲ ဟောဒီလမ်းက သွားရုံပဲရှိတယ် . . . လမ်းမှာ မျက်မှန် ပါရဂူဆိုတဲ့လူကို တွေ့အောင် ရှာသွားပေတော့"

ရစ်ချတ်က လမ်းလေးကို လှမ်းကြည့်လိုက်တယ်။

အဘွားအို ပြလိုက်တဲ့လမ်းက ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ် နေချေရဲ့။

ဆင်တစ်ကောင်သွားနိုင်အောင် ကျယ်ဝန်းပြီး ကောင်းကောင်း မွန်မွန် ခင်းထားတဲ့ တခြားလမ်းနဲ့ယှဉ်ရင် သွားချင်စရာ မရှိပါဘူး။

ဒီကြားထဲမှာ . . . သူ့အဖေ အကြိုက်ဆုံး လက်သုံးစကား တစ်ခွန်းကို ကြားယောင်မိလိုက်တယ်။

**"လမ်းမှန်ပေါ် ရောက်နေတဲ့လူဟာ ဘယ်တော့မှ လမ်းမပျောက်ဘူး၊ မဆုံးရှုံးနိုင်ဘူး"**

ဒါပေမယ့် အဘွားအိုရဲ့ မျက်လုံးတွေထဲက အဓိပ္ပာယ်အရ ချုံထူထပ်တဲ့လမ်းကို သူ့ကို ရွေးခိုင်းခဲ့ပါတယ်။

သူမသွားခင်မှာ အဘွားအိုက မှတ်စုစာအုပ်လေးတစ်အုပ်နဲ့ ဘောလ်ပင်တစ်ချောင်း ထုတ်ပေးတယ်။

သူ့ကို ကမ်းပေးရင်းကလည်း . . .

"စဉ်းစားပါ၊ မှတ်ပါ" တဲ့။

အဘွားအိုက တခြားလက်တစ်ဖက်ကို မျှော်လင့်ချက်နဲ့ ဖြန့်ကမ်းလိုက်ပါတယ်။

ရစ်ချတ်က သူ့လက်ထဲမှာ ရှိနေတဲ့ ဒေါ်လာစက္ကူလေးကို ငုံ့ကြည့်လိုက်တယ်။

ပြီးတော့ . . . အဘွားအိုကို ကမ်းပေးလိုက်ပြီး မှတ်စုစာအုပ်လေးကို ယူလို့ ခုလို ရေးချလိုက်ပါတယ်။

*"ခွင့်လွှတ်ပါ၊ မှတ်ပါ"*

ဒီစကားသံဟာ သူ့အဖေပြောနေကျ စကားတွေနဲ့ မတူပါဘူး။

မကြာခင်မှာပဲ . . . သူဟာ တောအုပ်ထဲမှာရှိတဲ့ လမ်းအတိုင်း လျှောက်လှမ်းရင်းက မျက်မှန်ပါရဂူကို ရှာဖွေလျက်သား သူ့ကိုယ်သူ တွေ့လိုက်ရပါတော့တယ်။



# အခန်း (၃)

## မျက်မှန်ပါရဂူ

မကြာလိုက်ပါဘူး။ ရစ်ချတ်ဟာ တောအုပ်ထဲက အိမ်တစ်လုံးကို ရောက်သွားပါလေရော။

စင်စစ်တော့ . . . သူ အရင်က တစ်ခါမှ မတွေ့ဖူးသေးတဲ့ အရွယ်အစားနဲ့ ဧရာမအိမ်ကြီးပါပဲ။

သူရပ်နေတဲ့နေရာက ကြည့်လိုက်တဲ့အခါမှာတင် ဧကပေါင်းများစွာ ပြုစုစိုက်ပျိုးထားတဲ့ ပန်းဥယျာဉ်ကြီးတွေ၊ လှပတဲ့ရေပန်းတွေ၊ ပြိုင်ကားတွေ တစ်စုကြီးနဲ့ ခေါင်မိုးပေါ်မှာလည်း ဟယ်လီကော်ပတာ ဆင်းဖို့ ကွင်းကလေးလိုလိုပါ တွေ့လိုက်ရပါတယ်။

သူက အိမ်ရှေ့အရောက်သွားပြီး တံခါးခေါက်လိုက်ပါတယ်။

စမတ်ကျကျ လှပတဲ့ ဝတ်စုံပွကြီး ဝတ်ထားတဲ့ လူရွယ်တစ်ယောက် ပေါ်လာတယ်။ ရစ်ချတ် နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်မိတယ်။ ဒါပေမယ့် သူ့ကိုယ်သူ အမြန်ဆုံး ပြန်ထိန်းပြီး သူ့မှတ်စုစာအုပ်လေး ထိုးပြရင်းက . . .

"ဦးလေးဟာ မျက်မှန်ပါရဂူဖြစ်မယ် ထင်တယ်၊ အဘွားအိုက လွှတ်လိုက်တာပါ၊ ကျွန်တော် ချမ်းသာချင်လို့"

မျက်မှန်ပါရဂူက ရစ်ချတ်ကို ရွှင်ရွှင်မြူးမြူးလေး ကြည့်လိုက်ပါတယ်။

"ဟုတ်ပြီ . . . ဟုတ်ပြီ၊ ကောင်းပြီ . . . နေပါဦး၊ မင်းက ဘယ်လောက်များ ချမ်းသာချင်လို့လဲ"

ရစ်ချတ်က အဲဒီလူရွယ်ကို စံထားလောက်တဲ့ ပုဂ္ဂိုလ်ရယ်လို့ တလေးတစား ကြည့်လိုက်ရာက . . .

"ကျွန်တော် . . . သူဌေးဖြစ်တဲ့အထိ ချမ်းသာချင်ပါတယ်"

"အို . . . ဒါ ရိုးရိုးရှင်းရှင်းလေးပါကွာ၊ အဲ . . . ဒီထက်ပိုကောင်းတဲ့ မေးခွန်းတွေ ထပ်မေးရုံပဲ ရှိတော့တယ်"

အဲဒီ တဒင်္ဂမှာပဲ ရစ်ချတ် အပြေးအလွှား စဉ်းစားလိုက်ရသလို တကယ့်လူကုံထံ အဝတ်အစားတွေ ဝတ်ထားတဲ့ လူတွေအပေါ်မှာ သူ့အဖေ ထားရှိတဲ့ အမြင်အတွေးတွေကို ဖွင့်ပြောဖို့ စဉ်းစားမိရင်းနဲ့ တစ်ဆက်တည်းမှာ ပိုကောင်းတဲ့ မေးခွန်းတစ်ခုထုတ်ပြီး အကြံဉာဏ်တွေကို ဂရုစိုက် တောင်းခံဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့။

"ဒါဖြင့် . . . ဦးက ဘယ်လောက်တောင် ချမ်းသာနေပြီလဲဟင်"

"အေး . . . ကိုယ်လား၊ အလုပ်လုပ်စရာ မလိုတော့အောင်ကို





ဝင်ငွေတွေ ကောင်းတယ်၊ ကိုယ်ဝါသနာပါတာတွေလုပ်ဖို့ အချိန်ဖြုန်းနိုင်တယ်၊ ပြီးတော့ . . . ကိုယ့်ကို လိုလေသေးမရှိ ပြည့်စုံမှုတွေ ပေးခဲ့တဲ့ လောကကြီးကို နည်းပေါင်းစုံနဲ့ ပြန်အကျိုးပြုနေတာပဲ"

ရစ်ချတ်က လူရွယ်ကို ကြောင်စီစီလေး အငေးသား။

"ဒါပေမယ့် ဦးမှာ ပိုက်ဆံတွေ ဘယ်လောက်အများကြီး ရှိနေပြီလဲ"

"အဲဒါက အရေးကြီးလို့လားကွ"

ရစ်ချတ် မျက်နှာလေး ရှုံ့မဲ့သွားတယ်။

သူက ခေါင်းစဉ်ပြောင်းဖို့ ဆုံးဖြတ်လိုက်ပြီး . . .

"ဒါဆို ဦး ဘယ်လိုချမ်းသာလာသလဲ သိပါရစေ"

ဒီတစ်ခါ . . . မျက်မှန်ပါရဂူလူရွယ်ရဲ့ မျက်လုံးတွေမှာ တဖျပ်ဖျပ် အရောင်လက်သွားရာက အတွင်းစကားကို ဖွင့်ပြောလာတယ်လေ။

"အိမ်း . . . ဦးကတော့ မျက်မှန်နဲ့ပတ်သက်လို့ ပါရဂူမြောက်အောင် ကြိုးစားရင်း မျက်မှန်ပါရဂူ ဖြစ်လာတာပဲကွ"

ဒီလိုနဲ့ . . . ခုအခါမှာ ရစ်ချတ်အနေနှင့် ဖြစ်စဉ်တစ်ခုလုံး အစအဆုံးကို ပြန်တွေးမိပါတော့တယ်။

သူ့ဖေဖေ အမြဲပြောလေ့ရှိတဲ့ စကားတစ်ခွန်းကို သူ အမှတ်ရလိုက်မိတယ်ဆိုပါတော့။

*"မင်း ဘာကိုမှပါရဂူ ငွေဖြစ်အောင်လုပ်နိုင်မှာ မဟုတ်ဘူး ငါ့သား"*

အခု ဒီပုဂ္ဂိုလ်လေး ပြောပေါက်အရတော့ ဉာဏ်ရှိအောင် လုပ်တဲ့လမ်းစဉ်က ချော်နေသလိုပါပဲ။

ဒါပေမယ့် . . . သူ့မျက်လုံးတွေထဲက တလက်လက် အရောင်တွေက လမ်းမှာတွေ့ခဲ့တဲ့ အဘွားအိုကို ပြန်သတိရစေပါတယ်။

"ဟုတ်ပြီ၊ ကောင်းပြီ၊ ကောင်းတယ်" လို့ ပြောခဲ့တုန်းက အဘွား အိုရဲ့ မျက်လုံးတွေထဲမှာလည်း ဒီလိုပဲ အရောင်တွေ လက်လက်တောက် နေခဲ့တာကလား။

ဒီလိုနဲ့ သူက ပိုကောင်းတဲ့ နောက်မေးခွန်းလေးတစ်ခုကို မေးမိ ပြန်ပါတယ်။

"ဒါဆို . . . မျက်မှန်ပါရဂူဘဝကနေ ချမ်းသာလာအောင်ကော ဦး ဘယ်လိုလုပ်ခဲ့ပါလိမ့်"

မျက်မှန်ပါရဂူက ဧရာမဧည့်ခန်းကြီးထဲက နောက်မှီဆိုဖာတစ် လုံးပေါ် ဝင်ထိုင်လိုက်ပြီး ရစ်ချတ်ကိုလည်း သူ့လိုပဲ ဝင်ထိုင်ဖို့ လက်ပြ လိုက်ပါတယ်။

ရစ်ချတ်က ဆိုဖာကြီးထဲ အိခနဲ နစ်ဝင်သွားရာက ဟာ . . . ငါ့အိပ်ရာထက်တောင် ပိုကြီးပြီး ပိုဇိမ်ရှိပါလားဆိုတာ မတွေးဘဲ မနေနိုင် လိုက်ပါဘူး။

မျက်မှန်ပါရဂူက သူ့ဇာတ်လမ်းကို စပြောလိုက်ပါတယ်။

"ဦးအလုပ်က လူတွေရဲ့ မျက်စိအမြင် ကြည်လင်အောင် လုပ် ပေးရတာပဲကွ၊ အထူးသဖြင့် ကလေးတွေကို အမြင်လင်းအောင် ကူညီ ရာမှာ ကျွမ်းကျင်ခဲ့တယ်၊ ကလေးတွေဆိုတာက မွေးပြီးတဲ့နောက် နှစ် အတော်ကြာအောင် ကမ္ဘာလောကကြီးကို ကြည်ကြည်လင်လင် မမြင်နိုင် ကြဘူး၊ ဝေတေတေ ဝါးတားတား ဖြစ်နေကြပြီး အဆင်ပြေအောင် ဘယ်လိုလုပ်ရမှန်းလည်း မသိကြဘူးလေ"

"အဲ . . . ဦးက သူတို့နဲ့ သင့်တော်ရာ မျက်မှန်တွေကို တပ်ပေး ရတယ်၊ အဲဒီတော့မှ သူတို့က . . . 'လက်စသတ်တော့ ကမ္ဘာလောကကြီး က ဒီလိုကိုး' လို့ မြင်သိသွားကြတာပဲ၊ ဒီအဖြစ်က ဦးကိုလည်း ငါကိုယ်





တိုင် မှုန်ဝါးဝါးကမ္ဘာကြီးမှာ နေခဲ့ရပါလားလို့ ခံစားရတဲ့ အသိဝင်လာ စေတယ်"

ဒီအခါမှာ ရစ်ချတ်လည်း မေးခွန်းအသစ်တစ်ခု ခေါင်းထဲ ဝင် ရာက . . .

"ဒီလိုခံစားချက်က ဘာတွေ ဖြစ်လာသလဲ"

"မင်း ဘာတွေမေးတယ်ဆိုတာထက် ဘယ်တော့မေးမှာလဲ ဆိုတာ အဓိကပိုကျတယ် . . . ဦးပြောခဲ့သလိုပဲ . . . လောကကြီးမှာ အရာဝတ္ထု ကိစ္စဝိစ္စတွေက ရှုပ်ရှုပ်ထွေးထွေးနဲ့ မှုန်ဝါးနေတယ်လို့ ခံစား ရတယ်၊ ငါဟာ . . . လူစုစုနောက် ရောယောင်လိုက်သွားပြီး အသက်မွေး နေထိုင်ခဲ့ဖူးတယ်၊ မင်းတို့ပြောနေတဲ့ ရေတွင်းကိုတောင် နေ့တိုင်းသွားခပ် ဖူးသေးရဲ့၊ ဒီနောက် . . . လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတော့ ငါ့ကိုယ်ငါ မေးကြည့်မိတယ်၊ ငါ့ဘဝမှာ မျက်မှန်ပါရဂူဖြစ်အောင် လုပ်ရင် ဘယ် လောက်ကောင်းမလဲလို့"

"အဖြေကတော့ ရိုးရိုးရှင်းရှင်းလေးပဲ၊ ဒါဆိုရင် ငါကိုယ်တိုင် အမြင်တွေ ပီပြင်ကြည်လင်လာမယ်၊ ထင်လင်းပြတ်သားမှုတွေ ရှိလာ မယ်၊ ပိုမိုကောင်းမွန်တဲ့ အမြင်တွေ ရလာမယ်၊ ဒါဟာ ငါကိုယ်တိုင် မှုန်ဝါးဝါးနဲ့ ကြောင်တောင်ကန်း ဖြစ်နေပါလားလို့ နားလည်လိုက်တဲ့အချိန် မှာ ဆင်ခြင်မိလိုက်တာတွေပဲ . . . တကယ်တော့ အဲဒီတုန်းက ငါ့ကိုယ်ငါ ဘယ်သူဘယ်ဝါမှန်းတောင် သဲသဲကွဲကွဲ ပီပီသသ ထင်လင်းတဲ့အမြင် မရခဲ့သေးပါဘူး၊ တကယ်စင်စစ်က . . . ငါဟာ အများသူငါနောက် ဘုမသိ ဘမသိနဲ့ ရောလိုက်ခဲ့မိတာပဲ"

"မကြာခင်မှာပဲ . . . အောင်မြင်ကျော်ကြားတဲ့ တကယ့်ပုဂ္ဂိုလ်

တွေ့မှန်သမျှ ကြီးကျယ်ထူးကဲတဲ့ အမြင်တွေနဲ့ သူတို့ဘဝခရီးကို ပြန်စခဲ့ကြတာ နားလည်လာတယ်၊ သူတို့ လောလောဆယ် ဘယ်နေရာကို ရောက်နေကြသလဲ၊ ဘယ်ကို ဆက်သွားဖို့ ပြင်နေကြသလဲဆိုတာတွေလဲ ပီပြင်ထင်ရှားတဲ့အမြင်နဲ့ ကြည့်တတ်လာခဲ့တယ်၊ သူတို့ဟာ သူတို့သွားချင်တဲ့နေရာကို လေဆာရောင်ခြည်ထိုးပြီး ပြတ်ပြတ်သားသား မြင်သိခဲ့ကြတာလဲ တွေ့ခဲ့ရတယ်၊ ဒီတော့ . . . ငါလဲ ငါ့ရဲ့မြင်နိုင်စွမ်းအားကို ရှာဖွေမြှင့်တင်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ တိုးတက်ကြည်လင်တဲ့ အမြင်တွေ ရလိုက်တာနဲ့ ငါ့ဘဝလဲ ပြောင်းလဲခဲ့ရတော့တာပေါ့"

မျက်မှန်ပါရဂူ ပြောခဲ့တာနဲ့အမျှ ရစ်ချတ်လည်း အတွေးအာရုံတွေ ဖြန့်ကျက်ဖို့ စမိပါတော့တယ်။

သူက ဘယ်နည်းနဲ့ ချမ်းသာမလဲဆိုတာ သိချင်ခဲ့ပါတယ်။

သူ မြော်မြင်အားကောင်းကောင်းနဲ့ အမြင်သန်အောင်လုပ်ဖို့ ဘာကြောင့်လိုအပ်သလဲ။

ချမ်းသာတဲ့လူတွေထဲမှာ မြော်မြင်ဉာဏ် မရှိတဲ့လူရယ်လို့ မပါတာ သေချာပါရဲ့။

တစ်ဆက်တည်းမှာ . . . သူ့အဖေရဲ့ မြင်နိုင်စွမ်းကို ပြန်တွေးကြည့်လိုက်ရာက သက်ပြင်းချလိုက်မိပါတယ်။

သူ့အဖေဟာ အမြင်ကျဉ်းသလောက် အမြင်တိုတာနဲ့အမျှ မနက်ဖြန် (ဝါ) နောက်တစ်နေ့အတွက်တောင် မျှော်မကြည့်တတ်ခဲ့ဘူး ဆိုရမယ့်သူပါပဲ။

ရစ်ချတ်က မေးခွန်းတစ်ခု ထပ်မေးလိုက်ပါတယ်။

"ဒါဖြင့် . . . ဦးက ပိုတော်တဲ့ မျက်မှန်ပါရဂူဖြစ်အောင် အပြင်းအထန် ပိုကြိုးစားဖို့ ဆုံးဖြတ်ခဲ့ရောလား"






"ချာတိတ်ရယ် . . . မင်းက ဦးစကားကို သေသေချာချာမှ နားမထောင်ခဲ့ပဲကိုးကွ၊ ဦးက ဒီနောက်ပိုင်းမှာ အလုပ်ကို အသည်းအသန် လုပ်စရာမှ မလိုတော့ပဲ၊ ဦးရဲ့ငွေတွေက ဦးအတွက် အလုပ်လုပ်ပေးကြတာပေါ့၊ ဦး ရှင်သန်ကြီးပွားဖို့အတွက် လုံလောက်တဲ့ ငွေကြေးတွေကို ရင်းနှီးမြှုပ်နှံမှုတွေက ဖန်တီးပေးတာပဲ၊ ဒီတော့ ပိုတော်တဲ့ မျက်မှန်ပါရဂူဖြစ်ဖို့ ဆုံးဖြတ်လိုက်တာဟာ မျက်မှန်ပညာကို ပိုတတ်အောင် လုပ်ဖို့ မဟုတ်ပါဘူး၊ ဦး ချမ်းသာခဲ့တာလဲ မျက်မှန်လုပ်ငန်းက အဓိကကျတာမှ မဟုတ်ဘဲ . . . မျက်မှန်ရဲ့ သဘောတရားအရ လောကအမြင် မှန်ကန်ကြည်လင်အောင် ရှာဖွေခဲ့တာကြောင့်ပဲ ဆိုရမှာပေါ့"

"ကဲ . . . မင်း ပိုရှင်းသွားအောင် ငါ ရေးချပြမယ်လေ"

မျက်မှန်ပါရဂူက ရှေ့ကို ငုံ့ပြီး ရစ်ချတ်ရဲ့မှတ်တမ်းစာအုပ်မှာ ပုံတစ်ပုံ ဆွဲပြလိုက်ပါတယ်။



"ပြောရမယ်ဆိုရင်တော့ . . . လူတချို့သာ အတိုင်းအဆမသိ ချမ်းသာကြတယ် (ဒါမှမဟုတ်) သူတို့ဟာ နဂိုရှိရင်းစွဲဘဝထက် အဆ မတန် ကြွယ်ဝတိုးတက်ခဲ့ကြတာပဲ . . . မင်းရဲ့ ကြီးပွားချမ်းသာမှုဆိုတာ လဲ အချိန်ရယ်၊ မွေးရာပါ အရည်အသွေးရယ်၊ စိတ်ဝင်စားအားသန်မှု ရယ်၊ မင်းပတ်ဝန်းကျင်က အရင်းခံ အခြေအနေတွေက ထွက်ပေါ်လာ လိမ့်မယ်၊ ဆိုလိုတာက မင်းရဲ့အစွမ်းအစ အရည်အချင်းက မင်းရဲ့အောင် မြင်မှုကို လမ်းကြောင်းဆက်သွယ်ပေးမယ့် သော့ချက်ဖြစ်တယ်လို့ပါပဲ . . . ဒီဆက်သွယ်ရေးလမ်းကြောင်းမှာ အဆင့် (၄)ဆင့် (ဝါ) ပုံစံ (၄)မျိုး ရှိပြီး . . . မင်းကြိုက်တဲ့ပုံစံကို ရွေးချယ်နိုင်တာပဲ"

## သင့်ရဲ့ဆက်သွယ်ရေးဟာ ဘယ်အတန်းအစားမျိုးလဲ

ဆက်သွယ်ရေးအဆင့် ၄ ဆင့်

(၁) လဲလှယ်မှု


(၂) ဆက်နွှယ်မှု

(၃) လှုံ့ဆော်မှု

(၄) စိတ်ကူးဉာဏ်ရင့်သန်မှု








မျက်မှန်ပါရဂူက အဆင့်နံပါတ် (၁)ကို လက်ညှိုးထောက်ပြ ပါတယ်။

"လူများစုအနေနဲ့တော့ လဲလှယ်မှုဆိုတာကို အလွယ်တကူပဲ ရွေးချယ်ကြတယ်၊ လဲလှယ်မှုဆိုတာက စာဒကတက်ရင်းနဲ့ အချိန်တွေ ကုန်ရတာပဲ (ဒါမှမဟုတ်) ရှေ့ရေးအတွက် ဘာမှရေရေရာရာ မဖန်တီး နိုင်ဘဲ စကားများနေရတာကလား၊ လူတွေက လဲလှယ်ရတာကို ကြိုက်ကြ ပေမယ့် ဒါဟာ ချမ်းသာစေတဲ့လမ်းတော့ မဟုတ်ဘူး"

အင်း . . . လဲလှယ်တယ်ဆိုတာ . . . လုပ်အားနဲ့ လုပ်ခကို ဖလှယ်ရတာလို့ ရစ်ချတ် နားလည်လိုက်ပါတယ်။

ဒီနောက် . . . မျက်မှန်ပါရဂူက နံပါတ် (၂)အဆင့်ကို ညွှန်ပြလိုက်တာပါပဲ။

"တချို့လူတွေကတော့ အဲဒီထက်ပိုပြီး ပီပြင်ကြည်လင်တဲ့နည်းကို ရွေးကြတယ်၊ အဲဒါကတော့ ပေါင်းသင်းဆက်ဆံရေးကို တန်ဖိုးထားပြီး လေးနက်တဲ့အဓိပ္ပာယ်ကို ဖော်ဆောင်ကြတာပဲ . . . သူတို့ဟာ သူတို့နဲ့ နီးစပ်ရာပတ်ဝန်းကျင်က လူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ခင်မင်မှုရရှိအောင် ဆွဲဆောင်ကြိုးပမ်းကြတယ် . . . သူတို့လိုလူစားတွေက ဧရာမအသင်းအဖွဲ့ရဲ့ ကစားသမားတွေလို ဖြစ်ခဲ့ကြပြီး . . . အဲဒီအဖွဲ့အစည်းဟာ သူတို့ရဲ့ အကြီးမားဆုံး ရင်းနှီးပိုင်ဆိုင်မှုလို့ ဆိုရမှာပဲ"

"လူနည်းစုလေးတစ်ခုကတော့ သူတို့ဘဝနဲ့ ပတ်သက်လို့ လှုပ်ရှားတက်ကြွမှုကို အလေးပေးခဲ့ကြသလို သူတို့ဟာ တခြားလူတွေက အရေးထား အာရုံစိုက်ပြီး ဆက်စပ်လာရအောင် လုပ်နိုင်စွမ်းရှိကြတယ် . . . အဲဒီလို လူစားတွေကတော့ ခေါင်းဆောင်တွေ ဖြစ်လာတယ်၊ သူတို့က ဆက်သွယ်ရေးနဲ့ အရှိန်အဟုန်ကို ဖန်တီးနိုင်တဲ့ လှုံ့ဆော်အားတွေ ရှိသူတွေပေါ့"

ဒီနောက် မျက်မှန်ပါရဂူက နံပါတ် (၄)အဆင့်ကို ခပ်ကြွားကြွားလေး ထိုးပြလိုက်တယ်လေ။

"အဲဒီအဆင့်မှာတော့ ငါကိုယ်တိုင် ရွေးချယ်ပြီး လက်ရှိပါဝင်လှုပ်ရှားနေတာကွ၊ မင်းမှာ ဉာဏ်ရင့်သန်လို့ စိတ်ကူးစိတ်သန်းကောင်းတွေ ထုတ်နိုင်မယ်ဆိုရင် ခေါင်းဆောင်တွေရဲ့ ထိပ်သီးခေါင်းဆောင်ကြီးတစ်





ယောက် ဖြစ်သွားနိုင်တယ်၊ အဲသလို . . . ကြံစည်စိတ်ကူးနိုင်တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ရှိဖို့အတွက်တော့ . . . မင်း အမြင်တွေ ကြည်လင်ပြတ်သားရမယ်၊ ဒါကို သံသယရှိစရာ မလိုဘူး၊ အဲဒီအဆင့် မင်းရောက်နေတဲ့အခါမှာ မင်းရဲ့အမြင်စွမ်းအားဟာ ခေါင်းဆောင်မှုရဲ့ အခြေခံအုတ်မြစ်၊ မှတ်ကျောက် ဖြစ်နေရမယ်၊ မင်း ကြွယ်ဝချမ်းသာဖို့ သော့ချက်ဟာ ခေါင်းဆောင်တွေကို ဘယ်လိုဦးဆောင်ရမလဲဆိုတာ လေ့လာသင်ကြားဖို့ပဲ ဖြစ်တယ်"

ဒီမှာတင် ရစ်ချတ်အဖို့ မေးကွက်ရသွားပါလေရော။

"ဒါဖြင့် . . . ဦးရဲ့အမြင်က ဘာတွေဘယ်လိုရှိသလဲ"

မျက်မှန်ပါရဂူက တုံ့ပြန်တဲ့အနေနဲ့ သိပ်ထူးဆန်းတဲ့ အမူအရာပြလိုက်ပါတယ်။ မျက်လုံးတွေ အရောင်တဖိတ်ဖိတ်တောက်သွားရာက ပြုံးပြလိုက်သလို မျက်လွှာပင့်ကြည့်လိုက်တာပါပဲ။

"ကဲ . . . မင်းရဲ့အမြင်ကကော"

ဒီလိုမျိုး အရင်က ဘယ်သူမှ ရစ်ချတ်ကို မမေးခဲ့ကြပါဘူး။ သူကလည်း ခုမှ (၉)နှစ်သားလေးပဲ ရှိသေးတာကိုး။ ဒီတော့ . . . သူ့မှာ မြင်နိုင်စွမ်းလည်း မရှိပါဘူး။ အမြင်ကြည်လင်မှုနှင့် စူးစိုက်မှုတွေလည်း အားသိပ်မရှိခဲ့ဘူးပေါ့။ သူဟာ တကယ့်ကို မှုန်ဝါးဝါးကောင်လေးပါပဲ။

ဒီနောက် သူ့ကို အဘွားအိုကြီး မေးခဲ့တဲ့မေးခွန်းကို ပြန်သတိရလိုက်တယ်။ ဒီလိုနဲ့ သူက . . .

"ကျွန်တော် မြင်နိုင်စွမ်းကို ရှာဖွေမယ်ဆိုရင် အမြင်ရပြီ မရဘူးဆိုတာ ဘယ်လိုသိနိုင်မလဲ"

"မြင်နိုင်စွမ်းကို ရှာလို့ရတဲ့အခါမှာ အရာရာဟာ ဖြုန်းခနဲ ကြည်လင်ထင်ရှားသွားတယ်၊ ပြက်ပြက်ထင်ထင် မြင်လိုက်ရမယ် . . . ဒီတွင်

. . . ကိုယ့်ပတ်ဝန်းကျင်ကို တစ်ပတ်လှည့်ကြည့်ရင်းက ဩော် . . . လက်စသတ်တော့ ကမ္ဘာကြီးဟာ ဒီလိုဖြစ်နေတာကိုးလို့တောင် မြည်တမ်းမိလိမ့်မယ်၊ အဲဒီနောက်တော့ . . . မင်းရဲ့ပြင်းပြတဲ့ဆန္ဒတွေအရ ချမ်းသာဖို့နဲ့ အခွင့်ထူးတွေရဖို့ လူတွေကို စတင်ဆွဲဆောင်စည်းရုံးမှုတွေ လုပ်လာတော့မယ်"

ရစ်ချတ်ဟာ မသဲမကွဲနဲ့ သံသယရှိနေရတုန်းပါပဲ။

မျက်မှန်ပါရဂူပြောတဲ့ စကားတွေက သူ့အတွက် နားဝေးနေရတယ်။ လက်လှမ်းမမီအောင် ဖြစ်နေရတယ်။ မြင်နိုင်စွမ်းတွေ အားပိုကောင်းသွားတာနဲ့ မျက်မှန်ပါရဂူက ဘယ်လိုလုပ်ပြီး ချမ်းသာလာရသလဲ။

လက်တွေ့မှာ သူပြောသလောက် လွယ်မှာမဟုတ်ပါဘူး။

သူ့အဖေပြောခဲ့တဲ့ စကားသံတွေကို သူ ပြန်သတိရလိုက်မိ၏။

**"ငွေဆိုတာ ပဒေသာပင်က သီးတာမဟုတ်ဘူး"**

ဒီတော့ . . . သူ့ဖေဖေက တကယ်သိလို့သာ ပြောတာဖြစ်ရမယ်။ နောက်ပြီး . . . သူ့အဖေဟာ လက်သမားတစ်ယောက်။ လက်သမားပညာမှာတော့ ကျွမ်းသလားမမေးနဲ့။ သစ်ပင်တွေကို ကုလားထိုင်၊ စားပွဲလှလှလေးတွေဖြစ်အောင် လုပ်တတ်တဲ့လူ။ ဒါတင်မကဘူး . . . လိုရာအကုန်လုပ်တတ်တယ်။ အဲ သူ မလုပ်တတ်တာဆိုလို့ ငွေတစ်ခုပဲ။

ရစ်ချတ်ဟာ ချမ်းသာကြွယ်ဝမှုရေတွင်းကြီးအကြောင်း သွားစဉ်းစားမိပြန်တယ်။ ငွေတွေက အဲဒီတွင်းထဲက ထွက်တယ်ဆိုတာကိုး။ ဒီလိုနဲ့ မျက်မှန်ပါရဂူကို သူက မေးကြည့်တယ်။

"ဒါဖြင့် . . . ဦးကော ချမ်းသာကြွယ်ဝမှုပေးတဲ့ ရေတွင်းကို သွားခပ်သေးလား၊ ရေတွင်းက ခပ်ပြီး ချမ်းသာလာတာ မဟုတ်လား"

မျက်မှန်ပါရဂူက ရယ်လိုက်တာလေ။





"ငါ ချမ်းသာလာတာက အဲဒီရေတွင်းကို အသွားရပ်တဲ့နေ့ကစပြီး ချမ်းသာလာတာကွ၊ အဲဒီရေတွင်းက မင်းထင်သလို မဟုတ်ပါဘူး သားရယ်၊ ဦးကတော့ ဦးရဲ့အမြင်အာရုံတွေ ကြည်လင်ပြတ်သားထက်သန်အားကောင်းလာတာနဲ့တစ်ပြိုင်နက် ချမ်းသာခဲ့ရတာ အမှန်ပဲ"

"အဲဒီအချက်တွေ ပြည့်စုံအောင်ကော ဘယ်လိုလုပ်သလဲ ဦး"

"ဒါကို သိဖို့အတွက်တော့ ပိုက်ဆက်ဆရာဆီ မင်း သွားတွေ့ဖို့လိုလိမ့်မယ်၊ ငါလဲ အဲသလိုပဲ သူ့ဆီက လေ့လာပညာသင်ခဲ့ရတာပဲ"

ရစ်ချတ် ကြားရသမျှတော့ အထူးအဆန်းတွေချည်းပေါ့။

သူသိခဲ့သရွေ့၊ လက်ခံထားခဲ့တာတွေနဲ့တော့ တခြားစီပါပဲ။

ဒါနဲ့အမျှ . . . သူ့အဖေ သွားခိုင်းလိုက်တဲ့ ရေတွင်းဆီက တဖြည်းဖြည်း ဝေးသထက်ဝေးခဲ့ပါရောလားလို့လည်း ခံစားလိုက်မိတယ်။

လောလောဆယ် . . . သူ့ခရီးစဉ်ကို ဒီအတိုင်း ဆက်သွားမလား။ နောက်ပြန်လှည့်မလား။ ကြိုက်သလို ရွေးနိုင်သေးရဲ့။

သူ့အဖေကကော သူ ဘာပြောဦးမှာလဲ။

သူ့အဖေရဲ့ စကားသံတွေ ကြားယောင်မိလိုက်ပြန်ပါတယ်။

**"မင်းကိုယ်မင်း သစ္စာရှိပါ"**

ရစ်ချတ် . . . မျက်မှန်ပါရဂူကို လှမ်းကြည့်လိုက်ရာက . . .

"ကျွန်တော့်အဖေက မှာခဲ့ဖူးတာတော့ မင်းကိုယ်မင်း သစ္စာရှိပါတဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော် သစ္စာရှိမယ်ဆိုရင် အမြင်စွမ်းအားကို ဘာလို့ရှာရဦးမှာလဲ"

မျက်မှန်ပါရဂူက ပြုံးလိုက်တယ်။

"ကဲ . . . မင်းအဖေကကော သူ့ကိုယ်သူ တကယ်သစ္စာရှိခဲ့လို့လား"

"ဟာ . . . သိပ်ရှိတာပေါ့"

ရစ်ချတ်က ခပ်ကန်ကန်လေး ကာကွယ်တုံ့ပြန်လိုက်မိတော့တာပဲ။

"ပြီးတော့ . . . သူ့အတိတ်အတွက် (ဒါမှမဟုတ်) အနာဂတ်အတွက် လုပ်ခဲ့တာတွေဟာ သစ္စာရှိရှိ မှန်မှန်ကန်ကန် ဖြစ်ခဲ့ရဲ့လား။

ရစ်ချတ်က သူ့အဖေနဲ့ ပတ်သက်လို့ မျက်မှန်ပါရဂူကြီးက စစ်ချက်ထုတ်နေတာတွေကို မကြိုက်သလို မျက်နှာလွှဲပြီး ငေးနေလိုက်တယ်ပေါ့။

"ဒီမယ် ရစ်ချတ် . . . မင်းအဖေပြောတာတွေ မှန်ပါတယ်၊ ဒါပေမယ့် . . . စကားလုံးတွေအဖြစ်နဲ့ ကြည့်ရင်သာ မှန်တာတွေ့ရမှာ၊ မင်းရဲ့အတိတ်အတွက် မှန်ကန်မှုကို လက်ရှိရောက်နေတဲ့ အနေအထားအရ ဆုံးဖြတ်နိုင်တယ်၊ အနာဂတ်အတွက် မှန်မှန်ကန်ကန် ဆုံးဖြတ်မယ်ဆိုရင်တော့ မင်းဘဝဟာ အတိုင်းအဆမရှိ ပြောင်းလဲသွားမှာ မလွဲဘူး"

မျက်မှန်ပါရဂူက ရှေ့ကို ညွတ်ကိုင်းလိုက်သလို ရစ်ချတ်က သူ့ကို ပြန်ကြည့်လိုက်တယ်။

"မင်းရဲ့အတိတ်လုပ်ရပ်တွေ မှန်မမှန် ရိုးရိုးတန်းတန်း သိချင်ရင်တော့ မှတ်ဉာဏ်ထက်သန်ရုံနဲ့ လုံလောက်ပါတယ်၊ ဘာပဲဖြစ်ဖြစ် . . . မင်းရဲ့ ဒီနေ့ရှိနေတဲ့ ပကတိအခြေအနေပေါ်မှာ အတိအကျ တွက်ဆပြီး မင်းဘဝ မင်းကြမ္မာကို ဖန်တီးရမှာပဲလေ"

"မင်းရဲ့အနာဂတ်ကို ရဲရဲဝံ့ဝံ့နဲ့ မှန်မှန်ကန်ကန် ရင်ဆိုင်ဖြတ်သန်းဖို့အတွက်တော့ မြင်နိုင်စွမ်း အားကောင်းဖို့ လိုတယ်၊ အမြင်အာရုံမရှိဘဲနဲ့တော့ မင်းဟာ ဦးတည်ရာပန်းတိုင်မဲ့တဲ့ ခရီးကို နှင်နေရဦးမှာပဲ၊





တစ်နည်းအားဖြင့် လမ်းပေါ်မှာ ယောင်လည်လည်နဲ့ အဖြေရှာရင်း မောနေရမှာပေါ့၊ မင်းရဲ့အမြင်တွေဟာ မင်းရဲ့မှတ်ဉာဏ်ထက် ပိုပြီးအားသန်လာတယ်ဆိုမှ မင်းရဲ့အနာဂတ်ဟာလဲ အတိတ်ထက်ပိုပြီး အဖိုးတန်လာမှာ သေချာတယ်"

ရစ်ချတ် မတ်တတ်ရပ်လိုက်ပါတယ်။

"အိုကေ . . . ကောင်းပြီလေ၊ ကျွန်တော် ပိုက်ဆရာကို သွားရှာပါ့မယ်၊ အဲ . . . မသွားခင် ပိုကောင်းတဲ့ မေးခွန်းလေးတစ်ခုတော့ မေးဖို့ရှိပါသေးတယ်၊ ခု . . . ဦး ပြောခဲ့သမျှ စကားတွေအားလုံးထဲမှာ ကျွန်တော် လက်စွဲပြုရမယ့် အသုံးဝင်ဆုံးသတင်းစကားဟာ ဘာပါလဲ"

မျက်မှန်ပါရဂူ ပြန်ပြောပုံကတော့ . . .

"မင်းရဲ့အကြီးမားဆုံး ပိုင်ဆိုင်မှုဟာ တစ်နေ့ဖြစ်လာစေချင်တဲ့ မင်းပုံစံကို ပုံဖော်ပြီး မင်းမြင်တတ်ဖို့ပဲ၊ ဒါကို လူနည်းစုလေးလောက်သာ နားလည်ကြတယ်၊ မင်းရဲ့မြင်နိုင်စွမ်းကို ထင်ရှားအောင် အားဖြည့်ပါ၊ မင်းရဲ့အမြင်တွေမှာ ကြည်လင်ပြတ်သားမှုရပြီး တကယ်လဲ စစ်မှန်ပြီဆိုတာနဲ့ မင်းရဲ့ကိုယ်ပိုင်အရည်အချင်းဟာ အရမ်းအဖိုးတန်သွားသလို . . . လက်တွေ့အသုံးချနိုင်ပြီဆိုပါတော့ . . . ဒီအမြင်တွေရဲ့ တစ်စွန်းတစ်စလေးကို သုံးရုံနဲ့တင် . . . မင်းဆန္ဒရှိသလောက် ချမ်းသာလာတော့မှာပဲ"

"ဒီအချက်ကို ဦး ထပ်ရှင်းပြပေးပါဦးလား ခင်ဗျာ"

"ရပါတယ် . . . မင်းလုပ်ချင်တဲ့အခွင့်ကို အရင်ရွေးပေါ့၊ မင်းအမြင်ကျယ်သလောက် ခရီးပေါက် အရာရောက်မယ်၊ အမြင်သန်အောင် လေ့လာသင်ကြားမှုတွေ ပိုလုပ်တာဟာ မင်းကို ပိုကောင်းတဲ့ဘဝကို ပို့ပေးမှာပဲ"

ရစ်ချတ်ရဲ့မျက်လုံးတွေ ကျယ်သွားပါတယ်။

အမြင်သန်အောင် သင်ပါ၊ အကောင်းတွေ ပိုရမယ်တဲ့။

မျက်မှန်ပါရဂူက ရစ်ချတ်ရဲ့ ပိစိကိုယ်ခန္ဓာလေးထဲက အကြော တစ်ချောင်းကို ကိုင်လှုပ်လိုက်တာပဲ ဖြစ်ပါတယ်။

မျက်မှန်ပါရဂူရဲ့စကားက သူ့ကို ဟတ်ထိသွားစေတယ် ဆိုရမယ်။

သူ့မိသားစုဟာ ဘဝတစ်လျှောက်လုံး မဆိုစလောက် အနည်းငယ်မျှလေးသာ ရခဲ့ကြတာကလား။

သူ့အဖေမျာ တကုပ်ကုပ်နဲ့ မနားတမ်း အလုပ်လုပ်ခဲ့ရရှာတာပဲ။ အလုပ်နဲ့ လက်နဲ့ မပြတ်အောင် လုပ်နေရတော့လည်း သူ ဘယ်ဘဝ ဘယ်အဆင့်မှာ ရောက်နေတယ်ဆိုတာ တွေးဖို့လေးတောင် အချိန်မရခဲ့ဘူးပေါ့။

သူက အလုပ်ထဲမှာလည်း အားသွန်ခွန်စိုက် နစ်နေရာက ရှေ့ရေးနောက်ရေးတွေကို ဘယ်လိုရှုမြင်သုံးသပ်ရမလဲဆိုတာတွေ သင်ဖို့လည်း အချိန်ဘယ်ရှိလို့တုန်း။

မျက်မှန်ပါရဂူ ပြောတာတွေသာ မှန်မယ်ဆိုရင် . . . ဘဝအမြင်သန်အောင် ဗဟုသုတတွေ မဆည်းပူးဘဲ အလုပ်ချည်း ဖိလုပ်နေခဲ့တာဟာ ချမ်းသာအောင် မဖန်တီးပေးနိုင်ခဲ့ဘူးပေါ့။ ဒီအပြင် ဆင်းရဲသထက် ဆင်းရဲအောင် တွန်းချခဲ့တယ်ဆိုပါတော့။

ဒီတွင် . . . ရစ်ချတ်က စိတ်ထဲမှာ ပေါ်လာတဲ့ ခံစားချက်အတိုင်း ညာဏ်မီသလောက် ရေးမှတ်လိုက်ပါတော့တယ်။

*၂။ မင်းနေချင်တဲ့အဆင့်ကို ရွေးချယ်ပါ။*

*၃။ မင်းမြင့်သလောက် မင်းရမှာပဲ။*





ရစ်ချတ်က မျက်မှန်ပါရဂူရဲ့မျက်လုံးတွေထဲကို မျှော်လင့်ခြင်းအပြည့်နဲ့ စိုက်ကြည့်မိတယ်။

မျက်မှန်ပါရဂူဟာ ထူးထူးခြားခြား ကြည်လင်တဲ့အဆင့်မှာ ရောက်နေတာ ကောင်းကောင်းကြီး တွေ့လိုက်ရပါတယ်။

သူဟာ ဒီအဆင့်ထက် ပိုကောင်းတဲ့အဆင့်ကို တက်ဦးမှာလားလို့ သိချင်စိတ်နဲ့ မေးခွန်းထုတ်ဖို့ ကြံလိုက်မိတယ်။

ရစ်ချတ်ဟာ သူ့အကြံကို သူသဘောကျပြီး ပြုံးလိုက်မိတယ်။

ပိုကောင်းတဲ့မေးခွန်းတွေ မေးတိုင်းဟာ သူ့ခရီးစဉ်မှာ နောက်ထပ်တံခါးတွေ ဖွင့်ပေးနိုင်တယ်ဆိုတာလည်း နားလည်လိုက်တယ်။ သူက ခုလို ရေးချလိုက်ပြန်တယ်။

*၄။ မေးပါ။ မေးရင် အဖြေရမယ်။*

သူက သားသားနားနားဝတ်ထားတဲ့ ပုဂ္ဂိုလ်လေးကို ကျေးဇူးတင်စကားပြောပြီး ပိုက်ဆရာကို တွေ့ဖို့ ထွက်ခဲ့ပါတော့တယ်။

## အခန်း (၄)

### ပိုက်ဆရာ

ရစ်ချတ် ဝေးဝေးတော့ မသွားလိုက်ရပါဘူး။

ပိုက်ဆရာ ဘယ်မှာရှိတယ်ဆိုတာ မျက်မှန်ပါရဂူက မပြော လိုက်ပေမယ့် သူရှာနိုင်ခဲ့ပါတယ်။

သူနဲ့တွေ့ချိန်မှာ ပိုက်ဆရာဟာ ဒူးလောက်နက်တဲ့ စမ်းချောင်း တစ်ခုထဲ ဆင်းနေလေရဲ့။ ပိုက်ဆရာကို ကြည့်ရတာ က,နေသလိုပါပဲ။

"ဦးက ပိုက်ဆရာမဟုတ်လား၊ မျက်မှန်ပါရဂူက လွှတ်လိုက်တာ ပါ . . . ချမ်းသာအောင် ကျွန်တော့်ကို ကူညီပေးနိုင်မလားဟင်"

ပိုက်ဆရာက ရစ်ချတ်ကို လှမ်းကြည့်ပြီး . . .

"သိပ်ကူညီနိုင်တာပေါ့ကွာ၊ ငါ့ရိုးခန်းကိုသာ လိုက်ခဲ့"





ရစ်ချတ် တစ်အောင့်ကြာ နားလိုက်ရာက သူ့ရှူးဖိနပ်တွေကို ချွတ်ပြီး မှတ်စုစာအုပ်လေးကို မြောက်ကိုင်လျက် ရေထဲဆင်းချသွားပါ တယ်။

"ဒီနေရာမှာပဲ စကားပြောလို့မရဘူးလား"

ပိုက်ဆရာက တအံ့တသြနဲ့ သူ့ကို ပြန်ကြည့်လိုက်တယ်။

"ချမ်းသာမှုရဲ့အရသာ ဘယ်လိုရှိမှန်း မသိဘဲနဲ့ မင်းက ဘယ် လောက်များတောင် ချမ်းသာရေးပညာကို သင်ချင်လို့လဲ"

"စမ်းချောင်းထဲမှာ ဆင်းရပ်နေနိုင်တာ ချမ်းသာတာပဲ မဟုတ် လား"

"မဟုတ်ဘူးကွ . . . ရေစိုတဲ့ဒဏ် ဘယ်လောက်ခံနိုင်မလဲလို့ စမ်းသပ်လေ့လာနေတာပါ၊ ချမ်းသာမှုဆိုတာကတော့ တို့ဘေးပတ်လည် မှာ ဝိုင်းရံထားတာပဲ၊ ဒါပေမယ့် . . . တို့အတော်များများက ဒါကို သတိ မထားနိုင်လောက်အောင် အလုပ်တွေ သိပ်ရှုပ်နေတာကိုး၊ အနီးကပ်မိပြန် တော့လည်း ရေစိုမှာ ကြောက်သလို ရုတ်တရက် လန့်သွားကြတယ်လေ"

ရစ်ချတ်မှာ အဖြေထုတ်ဖို့ မေးခွန်းကောင်းလေးတစ်ခု ရလိုက် တယ်။

"တကယ်လို့ ကျွန်တော်က ရေမကူးတတ်ဘူးဆိုရင်ကော"

"အဲဒါထက် ရေစိုခံပြီး သင်ကြားဖို့ အဓိကကျပါတယ်၊ မင်း လက်ထဲက စာအုပ်က ရေကူးသင်ပေးနိုင်မယ်ထင်လို့လား"

ရစ်ချတ်က စာအုပ်ကို ပြန်ကြည့်ပြီး ပြန်ပြောလိုက်ပါတယ်။

"စဉ်းစားမိတာလေးတွေ မှတ်ဖို့ပါ၊ စဉ်းစားပါ၊ မှတ်ပါ"

တစ်ဆက်တည်းမှာ ပိုက်ဆရာက . . .

"စဉ်းစားပါ၊ မှတ်ပါ၊ လုပ်ပါ၊ ပြန်သုံးသပ်ပါ"

လို့ ပြောလိုက်ပါတယ်။

သူက နောက်ပြန်လှည့်သွားရာက စပန်နာ (ဠ)တစ်ချောင်းကို ကောက်ယူလိုက်ပါတယ်။ ပြီးတော့ . . .

"သင်ကြားတယ်ဆိုတာ ကစားပွဲတစ်ခုပါပဲ၊ အဲဒါ မှတ်ထား၊ ဟုတ်ပြီနော်၊ ကုန်းပေါ်မှာ လှုပ်ရှားဖို့ ပုံစံချ၊ မှတ်၊ ဒါပေမယ့် . . . ရေထဲ ခုန်ချဖို့နဲ့ နစ်သွားဖို့ ကူးဖို့ကြုံလာရင်လည်း တွန်းမနေနဲ့၊ နောက် . . . ရေထဲက တက်ပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဆင်ခြင်သုံးသပ်၊ မင်း ဘယ်လို တိုးတက်ထွန်းကားအောင် လုပ်နိုင်မလဲ စဉ်းစား၊ ပြီးတော့ . . . အစအဆုံး ပြန်လုပ်၊ သင်ကြားရာမှာ အချိန်ဆိုတာ မရှိဘူး၊ မင်းလုံခြုံ စိတ်ချရပြီဆိုတာနဲ့ ခြောက်သွေ့နေတာတွေ၊ ဒီ့အပြင် မင်းကိုယ်မင်း လှည့် စားနေမိတာတွေကိုလည်း သင်ဖို့ ကြိုးစားပါ။

ရစ်ချတ်လည်း . . . သူ့ရဲ့မှတ်စုစာရင်းမှာ ပထမဆုံးအချက် ကို ထပ်ဖြည့်လိုက်သလို . . . အသစ်တစ်ခုကိုလည်း ထပ်ရေးချလိုက် ပါတယ်။

*၁။ စဉ်းစားပါ၊ မှတ်ပါ၊*
*လုပ်ပါ၊ ပြန်သုံးသပ်ပါ။*

*၂။ သင်ကြားတယ်ဆိုတာ ကစားပွဲတစ်ခုပဲ။*

"ဒါဖြင့် . . . ဦးရဲ့အမြင်ဟာ ဘာလဲ၊ အဲဒီအမြင်က ချမ်းသာ အောင် လုပ်ပေးခဲ့တာလား"

"သိပ်ဟုတ်တာပေါ့ကွာ၊ ငါက ပိုက်ဆက်သမားပဲ၊ ရေပိုက်တွေ ဆက်ပေးရတာကို ငါ မြတ်နိုးတယ်၊ ငါ့ရဲ့အမြင်ကတော့ လောင်စာသုံး





စွမ်းအင်ရုံတွေက ရေစုပ်ရေမှုတ် မောင်းနှင်ရတဲ့ စက်စွမ်းအားတွေ ထုတ် လုပ်နိုင်တယ်ဆိုတာပဲ . . . ရာနှုန်းပြည့် ကိုယ့်ဘာသာကိုယ် ထိန်းနိုင်တဲ့ စနစ်ပေါ့"

"အဲဒါက ဦး ချမ်းသာခဲ့ရတဲ့အကြောင်းပဲလား"

ရစ်ချတ်က နားမရှင်းသလို မေးမိတာပါ။

"ငါ ချမ်းသာလာရတာက ပိုတော်တဲ့ ပိုက်ဆက်ဆရာ ဖြစ်ခဲ့ လို့ပဲကွ"

ရစ်ချတ်က ရှေ့ဆက် ဘာပြောဦးမလဲ နားစွင့်ထားလိုက်ပါ တယ်။ ဒီလေသံက မျက်မှန်ပါရဂူရဲ့ ပြောပေါက်တွေနဲ့ တစ်ထပ်တည်း မဟုတ်လား။

"ဒီလို ကလေးရဲ့၊ ဦးမှာ ပိုက်ဆက်တဲ့လုပ်ငန်းတစ်ခု ပိုင်ဆိုင် ထားတယ်၊ ဦးရဲ့အဖွဲ့သားတွေက အိမ်တွေကို ပိုက်တွေ လိုက်တပ်ဆင် ပေးသလို ဦးကလဲ လိုအပ်တဲ့ ပြင်ဆင်မှုတွေနဲ့ လျှပ်စစ်လုပ်ငန်းတွေပါ လုပ်တယ်၊ မန်နေဂျာကြီးတစ်ယောက်နဲ့ စပ်တူလုပ်မိတဲ့နောက် ဦးတို့ရဲ့ ဝန်ဆောင်မှုတွေကို ဖရန်ချိုက်စ်နစ်နဲ့ နာမည်ခံလုပ်ငန်းခွဲတွေ ထူထောင် လိုက်တယ်၊ အဲဒီကရတဲ့ အမြတ်အစွန်းတွေနဲ့ အိမ် ခြံ မြေ ကုမ္ပဏီတစ်ခု ထပ်ဖွင့်လိုက်တယ်၊ ခုဆိုရင် အဲဒီကုမ္ပဏီလုပ်ငန်းက ရေပိုက်လုပ်ငန်းထက် နှစ်ဆတောင် ငွေဝင်လမ်းဖြောင့်နေပြီ"

"လစဉ်လုပ်ငန်းဝင်ငွေ ၄၀ ရာခိုင်နှုန်းဟာ ဦးရဲ့အသုံးစရိတ် တွေကို ကာမိရုံမက ကျန်တာတွေကို ရင်းနှီးမြှုပ်နှံမှုထဲ ထည့်နိုင်ခဲ့တယ်၊ ဒီအထဲမှာ ဦးရဲ့ပင်တိုင်စီမံကိန်းဖြစ်တဲ့ ရေစုပ်ရေတင်စက်တွေထုတ်တဲ့ လုပ်ငန်းထဲ ၂၀ ရာခိုင်နှုန်း ထည့်တာလဲ ပါတာပေါ့"

ပိုက်သမားကြီးမှာ . . . အမြင်ကြည်လင်မှုနှင့် ပြတ်သားမှုတွေ အမြောက်အမြားရှိပုံ ရပါတယ်။

ဒါပေမယ့် ရစ်ချတ်အနေနဲ့ သူ့အမြင်တွေက သူ့ကို ကြွယ်ဝချမ်းသာအောင် ဘယ်လိုလုပ်ပေးခဲ့တယ်ဆိုတာတော့ မခန့်မှန်းနိုင်သေးပါဘူး။

ဒီအတွက် သူ စိုက်ထုတ်ရင်းနှီးမှုတန်ဖိုးကလည်း နည်းမည်မထင်ရပါ။

သူက အဲဒီအကြောင်းမမေးခင်မှာ အရေးပေါ်ဝင်လာတဲ့ မှတ်ချက်တစ်ခုကို ကောက်ခါငင်ကာ ထုတ်ဖော်မိပါတယ်။

"ဦးပြောတဲ့စကားက ဦးချမ်းသာလာရတာဟာ ပိုက်သမားကျော်တစ်ယောက်ထက် စီးပွားရေးလုပ်ငန်းရှင်ကောင်းတစ်ယောက် ဖြစ်ခဲ့တာကြောင့်လို့ ထင်ရပါတယ်"

ပိုက်သမားကြီးက ရယ်တယ်လေ။

"ဦးမှာ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ဖို့အတွက် ပူလောင်ပြင်းပြမှုမရှိလှပါဘူးကွာ၊ ဦးက ပိုက်ဆက်ဖို့သာ ဆန္ဒဇောတွေ ထက်သန်နေတာပါ၊ ကျွမ်းကျင်တဲ့ ပိုက်သမားဖြစ်လာအောင်သာ ဂရုစိုက်ကြိုးစားခဲ့တာပါ"

ရစ်ချတ်မျက်နှာပြင်မှာ ဇဝေဇဝါ ဖြစ်သွားရပါတယ်။

ပိုက်သမားက စကားဆက်တယ်။

"ဦး မင်းနားရှင်းအောင် အသေးစိတ် ပြောပြမယ်၊ ပိုက်ဆက်တဲ့အလုပ်က ဦးရဲ့ပင်မအခြေခံလုပ်ငန်းဖြစ်ခဲ့တာ အမှန်ပါပဲ။ ဦးဟာ ပိုက်တွေနဲ့ ပတ်သက်တဲ့ ပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်တယ်။ ပိုက်လုပ်ငန်းကို ဦး မြတ်နိုးတယ်၊ ငွေရှာရတာ၊ စီမံခန့်ခွဲမှုနဲ့ တခြားကိစ္စအဝဝကို






တကယ်တမ်း စိတ်မဝင်စားခဲ့ပါဘူး၊ အဲဒါတွေက ဦးကို စိတ်ညစ်လောက်အောင် ငြီးငွေ့ထိုင်းမှိုင်းစေတာကလားကွဲ့"

"ဒီနောက်တော့ . . . ဦးဟာ ပိုတော်တဲ့ပိုက်ဆက်သမားဘဝကို အရောက်ကြိုးပမ်းဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဦးရဲ့ပြင်းပြတဲ့ အာသီသနဲ့ ဦးရဲ့အရေးကြီးတဲ့ဘဝကို ဖြန့်ကျက်ဖို့ အားထုတ်ခဲ့တယ်၊ ချမ်းသာဖို့ဟာလဲ အရေးကြီးတာနဲ့အမျှ ချမ်းသာရေးကို ဖန်တီးရာမှာ ပိုက်သွယ်တဲ့စနစ်ကို ရိုးရိုးလေး အခြေခံထားခဲ့တယ်၊ အဲဒါကတော့ သိုလှောင်စုဆောင်းတဲ့သဘောပဲ၊ ပျော်ပျော်ပါးပါးနဲ့ လုပ်ခဲ့တာပဲ သားရဲ့"

ပိုက်သမားကြီးက စမ်းချောင်းဘေးကမ်းပါးမှာ ထိုင်ပြီး ရစ်ချတ်ရဲ့ မှတ်စုစာအုပ်လေးထဲမှာ ပုံဆွဲပြပါတယ်။ သူဆွဲတဲ့ပုံကတော့ . . .




"အခု ဦးနားလည်ခဲ့တာက ငွေဘယ်လောက်ရှာနိုင်တယ်ဆိုတာအကြောင်းမဟုတ်ဘဲ ဒီငွေတွေဟာ အစဉ်တစိုက် ကုန်ဆုံးပျောက်ပျောက်သွားတတ်တယ်ဆိုတာပေါ့၊ ဟော့ဒါ ဦးရဲ့ငွေပိုက်ခေါင်းပဲဖြစ်ပြီး ငွေအားလုံး


ဟာ ရေတွေအဖြစ်နဲ့ တစ်စက်စက်ကျနေတယ်၊ ဦးအနေနဲ့ အညံ့စား ပိုက်သမားဘဝနဲ့ ရသမျှငွေတွေကို ရေလို ဖြုန်းပစ်ခဲ့တယ်၊ အလုပ်ထပ် လုပ်ရင်းက ငွေပိုက်ခေါင်းကို ဆက်ဖွင့်ထားနိုင်တာပဲ ဆိုတာလောက်သာ စဉ်းစားတတ်တဲ့ဉာဏ် ရှိခဲ့တယ်၊ ဒီလိုနဲ့ ရေတွေဟာ တဖြည်းဖြည်း ကုန်ခန်းပြီး အလဟဿဖြစ်ကုန်တဲ့ အဓိပ္ပာယ်ပဲ”

“အဲ . . . ပိုက်သမားလူတော်တစ်ယောက် ဖြစ်လာတော့ အဲဒီ ငွေတွေကို ခွဲဝေစုဆောင်းမှုတချို့ လုပ်လာတယ်၊ ရေပုံးတစ်လုံးနဲ့ အောက် က ခံထားတတ်လာတယ်၊ ကျွမ်းကျင်သထက် ကျွမ်းကျင်လာတဲ့နောက် တော့ ငွေတချို့ကို ရင်းနှီးမြှုပ်နှံမှုထဲ ထည့်ထားလိုက်တယ်။ စုဆောင်းငွေ တွေက ပုံးထဲမှာ ကျန်ရှိနေတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုတွေက ငွေပိုက်ခေါင်း အသစ်တွေ ဖြစ်လာပြန်တယ်၊ ဦးငွေတွေက ငွေတွေ ထပ်လုပ်ပေးတယ်”

“ဒီလိုနဲ့ မကြာခင်မှာ ဦး ထင်ထင်ရှားရှားသိလာတာက အလ ဟဿ ဖြုန်းတီးသွားတဲ့ ရေတွေဟာ ပြန်မရတော့ဘူးဆိုတာနဲ့ ရင်းနှီးမြှုပ်နှံ မှုနဲ့ ထပ်တလဲလဲ အရင်းအနှီး ထပ်ထည့်တာတွေက အမြတ်အစွန်းတွေ ဆတိုးပွားများလာတယ်ဆိုတာပဲ၊ ပိုက်သမားလူတော်တစ်ယောက်အနေနဲ့ ဦးရဲ့ဝင်ငွေ ရာခိုင်နှုန်း အတော်များများဟာ ရင်းနှီးမြှုပ်နှံမှုထဲ ရောက် သွားအောင် လုပ်နိုင်ခဲ့တယ်၊ ဦးလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုရာမှာ ဦးရဲ့ လုပ်ငန်းတွေ၊ ဦးရဲ့လူတွေနဲ့ ဦးကိုယ်တိုင် ပါဝင်တယ်၊ ဝင်ငွေရဲ့ ၁၀ ရာ ခိုင်နှုန်းနဲ့ အစပျိုးလိုက်တာဟာ သုံးနှစ်အကြာမှာ ၄၀ ရာခိုင်နှုန်းအထိ တိုးလာပြီး ခြောက်နှစ်ကြာတော့ ၆၀ ရာခိုင်နှုန်းတောင် ကျော်သွားတော့ တာပဲ”







"ဦးဟာ တစ်ချိန်က ငွေတွေကို ရင်းနှီးမြှုပ်နှံမှု လုပ်မယ့်အစား သုံးဖြုန်းပစ်ခဲ့ဖူးတာ သိခဲ့တယ်၊ အဲ့သလိုပဲ **အချိန်** ကို အလကားဖြုန်းတီးပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ရကောင်းမှန်း မသိခဲ့တာလဲ နားလည်လာတယ်၊ တို့အားလုံးလိုလို အဲဒီလိုအမှား မှားခဲ့ကြတာပဲ၊ ဦးဆိုရင် . . . ဦးရဲ့အချိန်တွေကို တန်ဖိုးမဲ့ ဆုံးရှုံးအောင် ဖြုန်းတီးပစ်ခဲ့တယ်၊ ဒီလိုနဲ့ . . . နောက်ပိုင်းမှာတော့ ပိုကောင်းတဲ့ ပိုက်သွယ်စနစ်ကို ဖန်တီးမိခဲ့တယ်"

သူက ပိုက်သွယ်စနစ်ပုံကို ဆွဲပြခဲ့ပါတယ်။

"ကဲ . . . အခု . . . ဒီပိုက်ခေါင်းက နေ့တိုင်း ရေ ၂၄ စက် ကျနေတယ်ဆိုပါစို့၊ ဒီအချိန်ရေစက်တွေကို မင်းရဲ့တဒင်္ဂ ပျော်ရွှင်ချမ်းသာမှု (ဒါမှမဟုတ်) အလဟဿ ကုန်လွန်ဖြုန်းတီးသွားမယ့်အစား အစွမ်းအာနိသင်အပြည့်ယူပြီး မင်းဘဝအတွက် အကျိုးရှိအောင် အသုံးချမယ်ဆိုရင် တန်ဖိုးဖြတ်လို့မရအောင် အဖိုးတန်သွားမှာပဲ . . . တစ်ခုရှိတာက အချိန်ဆိုတာ လွန်သွားပြီးမှ ပြန်လိုချင်လို့ မရတော့ဘူး ဆိုတာပဲ"

ရစ်ချတ်ကိုယ်တိုင်လည်း သူ့အချိန်အတော်များများကို လေလွင့်ဖြုန်းတီးပစ်ခဲ့မိတာ ပြန်သတိရလိုက်မိတယ်။


ဒီတင် . . . သူ ခုလို မှတ်ချက်ကောက်ရေးလိုက်တော့တာပါပဲ။

*၆။ အချိန်တွေကို ပိုပြီးရင်းနှီးမြှုပ်နှံမှု လုပ်ပါ။*

*အချိန်ဖြုန်းမှုတွေကို လျှော့ပစ်ပါ။*

*၇။ ငွေကို ပိုပြီးရင်းနှီးမြှုပ်နှံပါ။*

*ငွေဖြုန်းတာတွေ လျှော့ပါ။*



"ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းဆိုတဲ့ ငွေပိုက်ခေါင်းက ရတဲ့ငွေတွေဟာ ဦးရဲ့ကိုယ်ပိုင်အလုပ်ဆိုတဲ့ ငွေပိုက်ခေါင်းကရတဲ့ ဝင်ငွေတွေထက်တောင် အဆပေါင်းများစွာ ပိုပြီးရေလျှံလာတယ်ဆိုပါတော့ . . . ဒီတော့လဲ ဦးရဲ့အလုပ်ကို ကိုယ်တိုင်လုပ်နေရာက ရပ်ပြီး ဦးစီးရုံ လောက်သာနေတော့တယ်၊ ကဲ . . . ဦးသာ ပိုတော်တဲ့ပိုက်သမား ဖြစ်မလာခဲ့ရင် ခုလိုဘဝနဲ့ ချမ်းသာကြွယ်ဝလာမှာ မဟုတ်ဘူးမှတ်လား"

ရစ်ချတ်ကတော့ အလွယ်တကူ ယုံစားလက်ခံမှု မရှိသေးပါဘူး။ သူ့အဖေကိုယ်တိုင် လစဉ်ငွေလေးကြေးလေးတွေစုပြီး ပြန်လည်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ကြိုးစားခဲ့တာလည်း သူအသိပါပဲ။

ဒါပေမယ့် . . . သူ့အဖေက ငွေများများစားစားနဲ့ မစ,နိုင်ခဲ့သလို . . . ရင်းနှီးမှုလုပ်တိုင်းမှာလည်း လုပ်သလောက် ရှုံးခဲ့ရပါတယ်။

"ခုလိုဆိုတော့ ဦးရဲ့ပိုက်သွယ်တဲ့စနစ်က ငွေထွက်ကောင်းအောင် လုပ်နိုင်တယ်လို့ ပြောရမှာပေါ့၊ ကျွန်တော့်အဖေလို ရေတစ်စက်ချင်းသာ ကျလာရင် ဘယ်လွယ်ပါ့မလဲ . . . သူ့အတွက်တော့ ရင်းနှီးမြှုပ်နှံမှုပုံးထဲ ထည့်ရင်းနဲ့ပဲ လုံးပါးပါးခဲ့ရတာပါ . . . "

ပိုက်သမားကြီးက အားပါးတရ ပြုံးလိုက်တယ်။

"ကောင်းပြီ၊ ဒီအတွက် ငါ့ကို ပိုကောင်းတဲ့ မေးခွန်းတစ်ခု ထုတ်ပါဦး"

ရစ်ချတ် စဉ်းစားရပါပြီ။

သူက အလုပ်ကို အပင်ပန်းခံ မလုပ်ချင်တော့ပေမယ့် ဦးနှောက်ခြောက်လောက်အောင်တော့ စဉ်းစားရတယ်ပေါ့။

"အဲ . . . ငွေမရှိဘဲနဲ့ ငွေပိုက်ခေါင်းတစ်ခု တပ်ချင်လို့ မရဘူးလား၊ ဘယ်နည်းနဲ့ ဖန်တီးရမလဲ"





"သိပ်ကောင်းတဲ့ မေးခွန်းပဲကွာ . . . ဒါဆိုလဲ ငွေထက်ပိုပြီး အဖိုးတန်တဲ့ တခြားပိုက်ခေါင်းတစ်ခုကို သုံးရတော့မှာပေါ့ကွ"

"ဗျာ . . . ရွှေခေါင်းလား"

"မဟုတ်ဘူး၊ အချိန် . . . အချိန်ပေါ့ ကလေးရဲ့၊ အချိန်ပိုက်ခေါင်းက ထွက်လာတဲ့ အချိန်တွေကို တို့အားလုံး ညီတူမျှတူ သုံးစွဲခွင့်ရနေခဲ့ကြတာပဲဥစ္စာ၊ ရယ်စရာကောင်းတာက . . . အချိန်ထက် ငွေကိုတန်ဖိုးထားကြတဲ့လူတွေဟာ ဘယ်တော့မှ မချမ်းသာကြတာပဲ . . . အချိန်ကို ငွေထက် တန်ဖိုးထားကြသူတွေကတော့ အချိန်မရွေး ချမ်းသာအောင် လုပ်နိုင်ကြတယ်"

ရစ်ချတ်က ဒီစကားတွေကို အမှန်တကယ် နားမလည်ပေမယ့် လေးလေးနက်နက် စဉ်းစားခန်းဝင်လိုက်မိတယ်။ အရေးကြီးတဲ့အချက်တွေကို မှတ်ထားဖို့လည်း ပြင်ထားလိုက်တယ်။

လူအတော်များများဟာ သူတို့ရဲ့အချိန်တွေကို ငွေနဲ့ ဖလှယ်ရတာ ကျေနပ်ပျော်ရွှင်လေ့ ရှိကြတယ်၊ အဲဒါကိုပဲ အလုပ်လုပ်တာလို့ ခေါ်ကြတာပဲ . . . တစ်နည်းပြောရင်တော့ တိုက်ရိုက်ဖလှယ်တာပေါ့၊ လူများစုက စဉ်းစားပုံရတယ်၊ သူတို့ဟာ အလုပ်လုပ်ဖို့အတွက် ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေကို အချိန်နဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ကြတယ်လို့၊ ပြီးတော့ . . . ရေစက်တစ်စက်ပေါ်မှာ ထိုက်သင့်တဲ့ငွေတွေရရင် ပြီးရောလို့၊ ဒါပေမယ့် . . . အဲဒါက မှားယွင်းတဲ့ ရင်းနှီးမြှုပ်နှံမှုပဲ၊ အကြောင်းကတော့ သူတို့ရဲ့ ဖလှယ်မှု ရပ်ဆိုင်းသွားတာနဲ့၊ ဖလှယ်ဖို့ အချိန်မရှိတော့တာနဲ့၊ ကုမ္ပဏီတွေက သူတို့မှာ လုပ်ခပေးစရာ ငွေမရှိတော့ဘူးဆိုတာနဲ့ . . . သူတို့ရဲ့ ငွေပိုက်ခေါင်းက စီးကျမှုတွေ ခန်းသွားမှာဖြစ်လို့ပဲပေါ့ . . .

ဒါကြောင့်လဲ ဒီလို ငွေနဲ့ လုပ်ခကို ဖလှယ်တဲ့ အချိန်ရင်းနှီးမြှုပ်နှံမှုဟာ တန်ဖိုးနိမ့်လှတယ်လို့ ဦး ဆိုချင်တယ်"

ရစ်ချတ်ကိုယ်တိုင်တော့ သူဟာ စိတ်လှုပ်ရှားနေသလား၊ စိတ်ကသိကအောက် ဖြစ်သွားသလား၊ မခွဲခြားတတ်တော့ပါဘူး။

သူ့ဖေဖေဟာ ငွေပိုက် အမြဲတမ်းပွင့်နေအောင် အလုပ်ကို အသည်းအသန်လုပ်ခဲ့ရာက ခုတော့ မမာမကျန်းဖြစ်ပြီး ခြေကုန်လက်ပမ်း ကျနေခဲ့ရသလို . . . သူတို့ရဲ့ ငွေပိုက်ခေါင်းလည်း တစ်စက်မှ မထွက်တော့ဘဲ ခန်းခြောက်သွားခဲ့ပါပြီ။

သူ့ရဲ့ တစ်သက်လုံး ကြိုးပမ်းမှုရဲ့ ဆုလာဘ်က ခေါင်းခဲနာစွဲပြီး မြှော့မြှော့ယဲ့ယဲ့လေးသာ ကျန်တော့တာပါပဲ။

ပိုက်ဆရာက စကားဆက်ပါတယ်။

"ဒီတော့ ပိုက်သမားကောင်းတစ်ယောက်အနေနဲ့ ငါ့ရဲ့အချိန်နာရီစက်တွေကို တန်ဖိုးမြင့်မားစွာ အသုံးချဖို့ ခွဲဝေခဲ့တယ်၊ အချိန် ရင်းနှီးမြှုပ်နှံမှု စနစ်တကျ လုပ်ခဲ့တယ်ဆိုပါတော့၊ ငါ ရင်းနှီးမြှုပ်နှံခဲ့တဲ့ အချိန်တွေနဲ့အမျှ အကျိုးအမြတ်တွေ ပြန်ရခဲ့တာပါပဲ၊ တစ်သက်စာကို ပြန်ရခဲ့တာကွဲ့၊ ဒါကလဲ အချိန်ပိုက်ခေါင်းနဲ့ ငွေပိုက်ခေါင်း အသစ်အသစ်တွေ ထပ်တပ်နိုင်အောင် အချိန်တွေကို ရယူနိုင်ခဲ့လို့ပဲပေါ့"

ရစ်ချတ်က ကြားဖြတ်ပြီး . . .

"ဒါ့ထက် . . . ဦး အချိန်ကို ရင်းနှီးမြှုပ်နှံနေသလား၊ ဖြုန်းတီးနေသလားဆိုတာ ဘယ်လိုလုပ်သိနိုင်မှာပါလဲ"

"မင်း အချိန်ဖြုန်းနေတဲ့ကာလမှာ စိတ်ခံစားမှုတစ်ခုခုကို ရနေမှာ ဖြစ်ပေမယ့် ဘဝကို တည်ဆောက်မှုလုပ်နေတာတော့ မဟုတ်ဘူး၊





မင်း အချိန်ကို အရင်းအနှီးလုပ်နေတဲ့အခါမှာတော့ အချိန်က အချည်းနှီး ကုန်ဆုံးသွားတာ မဟုတ်ဘဲ တစ်နေ့စာ၊ တစ်ပတ်စာဆိုသလို တန်ဖိုးရှိရှိနဲ့ ကုန်ဆုံးသွားရတာပဲ၊ ငါ ဆိုလိုရင်းကို သရုပ်ပေါ်အောင် ငါ ရေးပြမယ်"

ဒီလိုနဲ့ ပိုက်ဆရာကြီးက သရုပ်ပြပုံတစ်ပုံ ရေးပြခဲ့ပြန်ပါတယ်။

"မင်း အချိန်တွေထဲမှာ မင်းကိုယ်မင်း ရင်းနှီးမြှုပ်နှံမှုလုပ်ပြီဆိုတာနဲ့ မင်းရဲ့သက်တမ်းကို ရှည်လျားစေမယ့် အဆင့်မီ အရည်အသွေးတွေနဲ့ မင်းရဲ့ကျန်းမာရေးလဲ ပါဝင်တယ်၊ အတွေ့အကြုံသစ်တွေနဲ့ ကြီးမားတဲ့ စွမ်းအားတွေ၊ ရှင်သန်ဖို့လိုအပ်တဲ့ တက်ကြွလှုပ်ရှားမှုတွေက မင်းကို တစ်နေ့တခြား အားကောင်းအောင် လုပ်ပေးနိုင်တယ်"

ဒီမှာ . . . ရစ်ချတ် ရုတ်တရက် သဘောပေါက်လိုက်တာက သူ့အဖေ ကျန်းမာရေးချို့တဲ့ခဲ့ရတဲ့ အကြောင်းရင်းက ပိုက်ဆရာကြီး ပြောတဲ့ ပိုက်လိုင်းကို အမြဲတစေ ပိတ်ထားလို့ဆိုတာပါပဲ။

သူ့အဖေက လေ့ကျင့်ခန်းလုပ်တာနဲ့ အာရုံပြောင်းပြီး အတွေ့အကြုံသစ်တွေရအောင် ရှာဖွေတာဟာ သက်သက်မဲ့ အချိန်ဖြုန်းတာလို့ ယူဆခဲ့တာကိုး။

ဒီလိုနဲ့ သူက ပိုက်လိုင်းကို ပိတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ခုတော့ . . . ငွေလည်း မရ၊ အချိန်လည်း မရှိ၊ မီးစာကုန် ဆီခမ်းဘဝနဲ့ ဒုက္ခ ရောက်ခဲ့ရတော့တာကလား။

"မင်းအနေနဲ့ လေ့လာသင်ကြားမှုလုပ်ရာမှာလဲ အချိန်ကို ရင်းနှီးမြှုပ်နှံရတာပဲ . . . ဦးက မင်း ဘယ်လိုပိုက်သွယ်ရမယ်ဆိုတာ သင်ပေးနေတာ မဟုတ်ဘူးနော်၊ ပိုက်သမားကောင်းတစ်ယောက်ဖြစ်အောင် ဘာတွေ လုပ်ရမယ်ဆိုတာသာ သင်ပေးနေတာပါ၊ အထူးသဖြင့် ကြီးပွားချမ်း

သာရေးနဲ့ စပ်လျဉ်းတဲ့ ခြားနားတဲ့ စိတ်နေစိတ်ထားတွေ၊ အလေ့အကျင့်
တွေ၊ နည်းနိဿယဗျူဟာတွေကို ဦးစားပေးပြီး သင်ယူစေချင်တယ်”

“မင်းရဲ့ သုံးသပ်လေ့လာမှု၊ အာရုံစူးစိုက်မှု၊ အမြင်ကြည်လင်ပြတ်သားမှုတွေကို ဘယ်လိုအဆင့်မြှင့်ရမယ်ဆိုတာ သင်ကြားပါ၊ မင်းရဲ့ အမြင်ဟာ ဘာတွေလဲဆိုတာ သင်ကြားပါ၊ ဒါမှ အချိန်နဲ့ ပတ်သက်တဲ့ တကယ့်ရင်းနှီးမြှုပ်နှံမှုအစစ် ဖြစ်တယ်၊ အခု လက်ရှိ မင်းလုပ်နေတဲ့ အလုပ်မျိုးပေါ့ . . .”


ရစ်ချတ် သူ့မှတ်စုကို ဖွင့်ကိုင်ထားရင်းက . . . သူ အချိန်ကို ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ်နဲ့ အသုံးပြုခဲ့ရဲ့လားဆိုတာ ပြန်စဉ်းစားမိတယ်။

တစ်ဖက်ကတော့ ရေထဲ စိမ်ထားတဲ့ သူ့ခြေချောင်းလေးတွေ ပဲကြီးခွံလို တွန့်စပြုလာတာ တွေ့လိုက်ရတယ်။

“မင်းရဲ့ ကွန်ယက်လုပ်ငန်းတွေထဲ ရင်းနှီးမြှုပ်နှံမှု လုပ်တယ်ဆိုတာကတော့ မိတ်ဆွေတွေ၊ တန်းတူရည်တူ အလုပ်လုပ်ဘက်၊ အပေါင်းအဖော်တွေ၊ အဆက်အသွယ်တွေနဲ့ ကွန်ယက်ဖြန့်ကျက်တည်ဆောက်မှုကို ဖန်တီးတာပဲ . . . မင်းကွန်ယက်ကို မင်း မျက်ခြေမပြတ် အချိန်ပေးပြီး ဂရုစိုက် စောင့်ရှောက်နေတာနဲ့အမျှ သူတို့ရဲ့ စိတ်ဝင်စားမှုတွေ တုံ့ပြန်ရလာမှာ သေချာတယ်၊ မင်း ပတ်ဝန်းကျင်ကလူတွေရဲ့ ထောက်ခံပံ့ပိုးအားပေးမှုတွေ ဘယ်အချိန်မှာ လိုအပ်လာမယ်ဆိုတာ မင်းမသိနိုင်သလို သူတို့ဘက်ကလည်း အကူအညီတွေ လိုလာနိုင်တယ် . . . မင်းရဲ့ဩဇာသက်ရောက်မှုဟာ မင်းရဲ့ကွန်ယက် ကောင်းရင်ကောင်းသလောက် ကြီးမားနိုင်တယ် ဆိုရမယ်”







"မင်းရဲ့ငွေကြေး၊ ပိုင်ဆိုင်မှုနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါမှာ သူတို့နဲ့ လက်တွဲပြီး အချိန်ကုန်ရတဲ့အကြောင်းတွေ ပြောနေတာ မဟုတ်ပါဘူး၊ မင်းရဲ့လုပ်ငန်းတွေ တည်ထောင်ရာမှာ အချိန်ကို ရင်းနှီးမြှုပ်နှံမှု လုပ်တတ်ဖို့သာ ပြောနေတာပါ၊ မင်းရဲ့အချိန်ကို ရင်းနှီးမြှုပ်နှံမှုထဲမှာ လူကောင်းလူတော်တွေကို မှန်မှန်ကန်ကန် စုစည်းနိုင်ဖို့နဲ့ မှန်ကန်တဲ့ အခွင့်အလမ်းတွေ၊ မှန်ကန်တဲ့ ထုတ်လုပ်မှုတွေနဲ့ ဝန်ဆောင်မှုတွေကို ရွေးချယ်တာလဲ ပါဝင်တယ်၊ ပိုက်သွယ်တဲ့စနစ် မှန်ကန်ကောင်းမွန်မှ မင်းအတွက် အလုပ်ဖြစ်မယ့်သဘောပါပဲ၊ မင်းရဲ့အချိန်ကို ဝင်ငွေသစ်တွေ ရရှိရေးဘက် ဦးတည်ထားရမယ်"

ရစ်ချတ်က ခေါင်းညိတ်ပြလိုက်ပါတယ်။

သူ့အဖေက အလုပ်ထဲ ခေါင်းစိုက်လုပ်နေတဲ့ သူ့အဖေရဲ့ ကြိုးပမ်းမှုအားလုံးဟာ ပိုက်သွယ်တဲ့ကဏ္ဍပါပဲ၊ ဒါပေမယ့် . . . သူ့အဖေ အလုပ်ရပ်နားလိုက်တာနဲ့ ပိုက်လိုင်းတစ်ခုလုံးရဲ့ လှုပ်ရှားမှုတွေလည်း ရပ်ဆိုင်းသွားပါတော့တယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း သူ့အဖေဟာ တတ်နိုင်သလောက် ငွေစုပြီး တချို့ကို ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ကြိုးစားခဲ့တာ သူအသိပါ။ ဒါပေမယ့် . . . သူဟာ သုတပညာ (ဒါမှမဟုတ်) ကွန်ယက်ဖြန့်ကျက်မှုရဖို့အတွက်တော့ အချိန်ယူ ရင်းနှီးမြှုပ်နှံမှု မလုပ်ခဲ့မိရှာပါဘူး။ ဒီလိုနဲ့ ပိုက်လိုင်းက စီးဆင်းမှု ပြတ်တောက်သွားတာဟာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူ့ခမျာ ခုတော့ ခြေမဲ့လက်မဲ့ဘဝနဲ့ မှိုင်တွေကျနေရပါပြီ။

"မင်းအနေနဲ့ အချိန်ကို ရင်းနှီးမြှုပ်နှံတဲ့အခါမှာ အချိန်ဟာ ငွေမဟုတ်ဘူးဆိုတာ သိထားရမယ်၊ အချိန်ဆိုတာက ငွေထက်ပိုပြီး တန်ဖိုး






ကြီးတယ်၊ အရေးပါတယ်ကွဲ့၊ ကောင်းသထက်ကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုကို ရွေးချယ်ဖို့ အချိန်ယူရာမှာလဲ ဘဝတစ်လျှောက်လုံး ထပ်တလဲလဲ သင်ကြားလေ့လာမှုတွေကို အမှီပြုရမယ်၊ ဒီနည်းကို မင်း လက်လွတ်ကင်းကွာလို့ ဘယ်တော့မှ မရဘူး၊ အခု မင်း ဒီမှာလာပြီး အချိန်ကုန်ခံ ပညာဆည်းပူးနေတဲ့ အကျိုးရလဒ်ဖြစ်တဲ့ ရေစက်ဟာ အင်မတန် ကြီးမားပါတယ်၊ ဒါဟာ ငွေစီးကြောင်းကို မြောင်းသွယ်ရာရောက်တဲ့ အချိန်ကို အသုံးချမှုပါပဲ"


"မင်းသိတဲ့အတိုင်း . . . ဦးဟာ ပိုက်ဆရာကြီး မဖြစ်ခင်က စီးပွားရေးလုပ်ငန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မတည်ထောင်နိုင်ခဲ့ဘူး၊ ဒါပေမယ့် လုံလောက်တဲ့အချိန် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပြီးတဲ့နောက်ပိုင်းကျမှ နေရာမှန်ကို ရောက်ခဲ့ရတော့တာပဲ"

ပိုက်ဆရာကြီးက သူ့ကို အကဲခတ်ဖို့ ခေတ္တစကားဖြတ်လိုက်ပြီး ဆက်ပြောပုံက . . .

"လူတစ်ယောက်ဟာ သူ့အချိန်ကို ဘယ်လိုဖြုန်းပြီး ဘယ်လို ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တယ်ဆိုတာ ပြပါ၊ ဦးက သူ့ရဲ့အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်ပြလိုက်မယ်"

ရစ်ချတ်က မှတ်စုစာရွက်လေးတစ်ရွက်ကို လှန်ပြီး ဖြုန်းခဲ့တဲ့ အချိန်နဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ခဲ့တဲ့အချိန်တွေကို သရုပ်ပြဇယားလေး ဆွဲပြလိုက်မိပါတယ်။ ပိုက်ဆရာကြီး နှာခေါင်းရှုံ့ပြီး စိတ်ဓာတ်ကျသွားပါတယ်။ ဒီနောက် သူက သူ့အဖေရဲ့အချိန်ကို အသုံးချပုံကိုလည်း ယှဉ်ပြီး ရေးဆွဲပြလိုက်ပါတယ်။










ချာတိတ်လေးဟာ သူဆွဲတဲ့ပုံကို သူပြန်ကြည့်မိပြီး မြင်နိုင်စွမ်းတွေ ကြည်လင်မှု သိသိသာသာ တိုးပွားလာပါတယ်။

သူဟာ တကယ်ပဲ သင်ကြားနေတာပါ။

ဒီနေ့အဖို့ သူ ဘယ်လိုအချိန်တွေ အသုံးချပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ခဲ့သလဲဆိုတာလည်း ပုံစံချကြည့်ပါရဲ့။




ပိုက်ဆရာကြီးက ဂွကို သုံးပြီး လျှာခင်လေးတစ်ခုကို လျှော့လိုက်ရာက စမ်းချောင်းထဲက နှုတ်သီးပေါက်တစ်ခုက အသက်ဝင်လှုပ်ရှားလာပါတယ်။

ပြီးတော့ . . . သူက မေးလိုက်ပါတယ်။

"မင်း မျက်လှည့်ဆန်ဆန် ပြကွက်လေးတစ်ခုကို ကြည့်မလား"

"ဒါပေမယ့် . . . ခုလောလောဆယ်ပဲ ကျွန်တော် ကြည့်မြင်နေရပြီလို့ မှတ်တာပဲ . . . အချိန်က ငွေအဖြစ် ပြောင်းပစ်လိုက်နိုင်တာဟာ

မျက်လှည့်ပဲ မဟုတ်လား၊ ကျွန်တော့်ရဲ့အချိန်တွေကို အမှန်အကန် ရင်းနှီးမြှုပ်နှံလိုက်ရုံနဲ့ ကျွန်တော် လိုလားတောင့်တတဲ့ ကြွယ်ဝချမ်းသာမှုအားလုံးကို ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လားလို့"

"ဟုတ်လိုက်လေကွာ၊ အဲဒါ တကယ့်မျက်လှည့်ပဲ . . . ပြီးတော့ ကောင်းတဲ့ပိုက်သွယ်မှုကိုလဲ ဆိုနိုင်တယ်၊ ကဲ . . . အခု မင်းဥယျာဉ်မှူးကို သွားတွေ့ပေတော့"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်မသွားခင် မေးခွန်းလေးတစ်ခု ကျန်ပါသေးတယ်၊ တကယ်လို့ ဦးမှာ အကျိုးအမြတ်တစ်ခုခု ပြန်မရဘူးဆိုရင် ငွေနဲ့အချိန်ကို ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တဲ့ ဦးရဲ့ အမြင်ဟာ မှန်တယ်လို့ ပြောနိုင်ပါ့မလား၊ နောက်ပြီး . . . ဘယ်လိုအမြင်မျိုးကြောင့် ဦး ချမ်းသာခဲ့ရတာပါလဲ"

"ကောင်းပြီ. . . ကောင်းပြီ. . . ကောင်းပြီ"

ပိုက်ဆရာကြီးက ပြုံးပြုံးကြီး ပြောလိုက်ပါတယ်။

"မင်းမေးခွန်းတွေက ပိုပိုကောင်းလာပါလား၊ ဒါပေမယ့် ဒီအချိန်ကျမှတော့ မင်းအနေနဲ့ အဖြေရပြီးသားလို့ ဦး အောက်မေ့တာပါပဲ။

ရစ်ချတ် နည်းနည်းတော့ ခေါင်းရှုပ်သွားပါတယ်။

သူ့မှာ အဖြေရပြီဆိုလျက်နဲ့ သူ ဘာလို့မတွေ့ခဲ့ရတာပါလိမ့်။

ဒီတွင် . . . မျက်မှန်ပါရဂူပြောခဲ့တဲ့ စကားကို သတိရလိုက်ရာက ပြန်ဖတ်ကြည့်လိုက်မိပါတော့တယ်။

*၇။ မင်းမြင်သလောက် မင်းဂျမှာပဲ။*

ရစ်ချတ်ဟာ အဘွားအိုကို ကတိပေးခဲ့တာထက် ပိုပြီး အပင်ပန်းခံ အားထုတ်ကြိုးစားဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။



# အခန်း (၅)

## ဥယျာဉ်မှူး

ဥယျာဉ်မှူးကို တွေ့ဖို့ကလည်း မခဲယဉ်းလှပါဘူး။

ရစ်ချတ်ဟာ မြစ်တစ်မြစ် စီးဆင်းသွားတဲ့ မြက်ခင်းလွင်ပြင်လေးအတိုင်း လျှောက်သွားရာက . . . မြစ်ကမ်းဘေးမှာ သူတွေ့ဖူးသမျှထဲမှာ အလှဆုံးပန်းခင်းတွေ၊ သီးပင်တွေနဲ့ ခြံတွေကို မြင်လိုက်ရပါတယ်။

ဒီနောက် . . . သရက်ပင်အောက်မှာ မိန်းမပျိုလေးနှစ်ယောက်နဲ့အတူ ပျော်ပွဲစားထွက်နေတဲ့ လှပတဲ့ ခပ်ရှူယ်ရွယ်အမျိုးသမီးတစ်ယောက်ကို တွေ့ခဲ့ရတော့တာပါပဲ။

"ဟဲလို . . . ကျွန်တော် ရစ်ချတ်ပါ . . . ခုပဲ ကျွန်တော် ပိုက်ဆရာနဲ့ စကားပြောခဲ့ပြီးပါပြီ . . . အန်တီ့အနေနဲ့ ကျွန်တော့်ကို မျက်လှည့်တစ်ခုခု ပြနိုင်မလားလို့ပါ"

ဥယျာဉ်မှူးအမျိုးသမီးက ပြုံးလိုက်ပါတယ်။

"ရစ်ချတ်တဲ့ . . . ဟင်းဟင်းဟင်း . . . အဲတော့ ဘယ်ဟာဖြစ်မလဲ"

"တဆိတ်ပြန်ပြောပေးပါဦးခင်ဗျာ"

"ရစ်ချ်ဟတ်ဒ်ဆိုတာ မင်းရဲ့နာမည်ပေါ့လား၊ ဒီတော့ အဲဒါဘာဖြစ်သွားမလဲ၊ မင်းဘဝဟာ 'ရစ်ချ်' ဆိုတဲ့အတိုင်း ချမ်းသာသလား၊ ဒါမှမဟုတ် 'ဟတ်ဒ်' ဆိုတဲ့စကားအရ မင်းဘဝက ခက်ခဲကြမ်းတမ်းသလား . . . ဘယ်လိုလဲ"

အို . . . ဘယ်လောက်များ ထူးဆန်းလိုက်တဲ့မေးခွန်းပါလဲ။

ရစ်ချတ်လည်း ထွေထွေထူးထူး မစဉ်းစားတော့ဘဲ ပြန်ပြောလိုက်မိတယ်။

"ဘဝဆိုတာ ကြမ်းတမ်းခက်ခဲတာပဲ . . . မဟုတ်ဘူးလား"

ဒါဟာ သူပြောသမျှထဲမှာ အမိုက်မဲဆုံးစကားတစ်ခွန်း ဖြစ်နိုင်ပါတယ်။

ရစ်ချတ်ဟာ လှပတဲ့ ပန်းဥယျာဉ်ထဲမှာ ထိုင်နေရာက နွေးထွေးတဲ့ နေရောင်ခြည်အောက်မှာ တငြိမ့်ငြိမ့် စီးဆင်းနေတဲ့ မြစ်ကို ကြည့်ပြီး ပကတိငြိမ်းချမ်းမှု ခံစားနေရပါတယ်။

ဒီကြားထဲက သူက ဘာကြောင့်များ ဘဝဟာ ခက်ခဲကြမ်းတမ်းတယ်လို့ တွေးမိရပါလိမ့်။

ဒါပေမယ့် . . . သူ့အဖို့ သူ့အဖေနဲ့အတူ ကြုံတွေ့ခံစားခဲ့ရတဲ့ ဘဝနဲ့ ယှဉ်ပြီး ပြောခဲ့မိတာပဲ မဟုတ်ပါလား။

နွေနွေးခင်းက သူ့ကို ထွေးပွေ့ထားတဲ့တိုင်အောင် ချမ်းစိမ့်စိမ့်





လေး ဖြစ်နေလို့ သူ အံ့ဩနေရပါတယ်။ တစ်ခုခုတော့ ဖြစ်တော့မယ့် အရိပ်အယောင်ပါပဲ။ သူက လှပတဲ့ ဝန်းကျင်လောကကို အကဲခတ်ကြည့်ရင်းနဲ့ သူ့နှုတ်ခမ်းလေးတွေ လှုပ်ခတ်သွားရပါတယ်။ ပြီးတော့ . . . သူ့အဖေရဲ့အသံကို နားမှ ဆတ်ဆတ်ကြားလိုက်ရတော့တာပါပဲ။

"ဘဝဆိုတာ ကြမ်းတမ်းခက်ခဲတယ်ကွ"

ဥယျာဉ်မှူးမမကတော့ လေထဲ လွင့်မျောလာတဲ့ အံ့ဖွယ်ဆန်းကြယ်တဲ့ ဂီတသံတစ်ခုကို နားစိုက်နေပုံနဲ့ ငြိမ်ထိုင်နေလေရဲ့။

ဒီနောက် . . . ပြုံးမျက်နှာလေးပေါ်က သာယာအေးမြတဲ့ တီးတိုးသံစဉ်လေး ထွက်လာတယ်။

"ကောင်းပြီ . . . ကောင်းပြီ . . . ကောင်းပြီ"

ချမ်းစိမ့်စိမ့်လေးဖြစ်နေမှုက ကျောရိုးခိုက်သွားသလို ရစ်ချတ်မျက်လုံးတွေ ပြူးကျယ်သွားပြီး ရေပြင်ရှိရာကို ကြည့်လိုက်မိပါတယ်။

"ဝဲလ် . . . ဝဲလ် . . . ဝဲလ်"

(ဤနေရာတွင် ဝဲလ် (Well)ဆိုသော စကားလုံးကို 'ကောင်းပြီ' ဟူသော အဓိပ္ပာယ်နှင့်အတူ "ရေတွင်း . . . ရေတွင်း"ဟုလည်း အနက်ထွက်၍ နှစ်ခွ Alternate သုံးလိုက်ခြင်း ဖြစ်ပါသည်။)

ဒီနောက်တော့ . . . သူက မျက်လှည့်ကို ဖြန်းခနဲ မြင်လိုက်ရပါတယ်။

သူ အသက်ရှူရပ်မတတ်ပါပဲ။

"ဝဲလ် . . . ဝဲလ် . . . ဝဲလ်"

အစစ်ပဲ။ တကယ့်ကို မျက်လှည့်ပဥ္စလက်အတတ်နဲ့ လုပ်ပြလိုက်တာနဲ့ မခြားပါဘူး။ ရေတွင်းက သူ့ပတ်ဝန်းကျင်မှာပဲ ရှိခဲ့တာပါ။ တစ်နေ့လုံး တစ်ချိန်လုံး ရှိနေခဲ့တာတောင် သူ မမြင်ခဲ့ပါလား။

ခုတော့ . . . ရုတ်တရက်ကြီးဆိုသလို သူ ရှင်းရှင်းကြီး မြင်တွေ့နေရပါပြီ။ သူမြင်ရတဲ့အရာက သူ့ကို အံ့အားသင့်သွားစေပါတယ်။ ဒီမြင်တွေ့မှုဟာ သူ့ကို လုံးဝလွှမ်းမိုးလိုက်ပါတယ်။

သူဟာ ချမ်းသာမှုရေတွင်းကို စိုက်ငေးကြည့်နေမိတော့တာပါပဲ။

သက်ပြင်းကြီးချလိုက်ရင်းက ရစ်ချတ်ဟာ အဘွားအို၊ မျက်မှန်ပါရဂူ၊ ပိုက်ဆရာနဲ့ ဥယျာဉ်မှူးမမတို့ရဲ့ စကားလုံးတွေထဲက အဆီအနှစ်တွေကို စတင်ထုတ်ယူမိလိုက်ပါပြီ။

သူတို့ တစ်ယောက်ချင်း ပြောစကားတွေကို ကြားယောင်မိသလို သူ မေးခဲ့တာတွေကို ပြန်သတိရလိုက်တာနဲ့အမျှ သူ ရေးမှတ်ခဲ့တာတွေကိုလည်း ကွက်ခနဲ မြင်ခဲ့မိပါတော့တယ်။

သူက ထခုန်လိုက်သလို ပန်းဥယျာဉ်ထဲမှာ ကခုန်ရင်းက မိန်းမပျိုလေးနှစ်ယောက်ကို မြူးတူးပျော်ရွှင်သွားစေပါတယ်။

"ဝဲလ် . . . ဝဲလ် . . . ဝဲလ် . . . ဒါဟာ ချမ်းသာမှုရေတွင်းကြီးပဲ . . . အဲဒီရေတွင်းရှိနေတာကို တို့အားလုံး သိကြတာပဲ၊ ဘယ်သူမဆို မြင်နိုင်ကြပေမယ့် . . . များသောအားဖြင့် တို့က ရှာမတွေ့ခဲ့ကြပါဘူး၊ ဒါပေမယ့် . . . ခုတော့ ကျွန်တော် မြင်ရပြီ . . . ကောင်းခြင်း (ဒါမှမဟုတ်) ရေတွင်းဆိုတာ တို့စကားလုံးတွေထဲမှာ ပါနေတာပဲ၊ ဝဲလ်ဆိုတဲ့ စကားဟာ တို့နှုတ်ဖျားမှာ ရှိနေတာကလား။

*"ရေတွင်းဟာ တို့စကားလုံးတွေထဲမှာ ရှိနေတယ်"*

ရစ်ချတ်ဟာ ခုံတန်းကို ပြန်မှီထိုင်လိုက်ရာက မျက်လုံးကမျက်ရည်တွေကို သုတ်လိုက်ပြီး . . .

"ကျွန်တော်ပြောတာ မှားသွားတယ်၊ ကျွန်တော်ပြောတဲ့အတိုင်း





အတည်မယူပါနဲ့ဗျာ . . . ဘဝဆိုတာ ကြမ်းတမ်းခက်ခဲတာ မဟုတ်ပါဘူး၊ ဘဝဆိုတာ ကြွယ်ဝချမ်းသာခြင်းပါ၊ ဘဝဟာ ကြွယ်ဝချမ်းသာမှုနဲ့ ပြည့်ဝနေတယ်ဆိုတာ ကျွန်တော် တကယ့်ကို ယုံကြည်ခဲ့ပါပြီ၊ ကျွန်တော် မှန်းတာထက်တောင် ချမ်းသာကြွယ်ဝမှုက ပိုများပါသေးတယ်ဗျာ"

ဥယျာဉ်မှူးမမက ထပ်ဖြည့်လိုက်ပါတယ်။

"ဘဝဆိုတာ ကြမ်းတမ်းတယ်၊ ဒါမှမဟုတ် ဘဝဆိုတာ ကြွယ်ဝချမ်းသာတယ် . . . မင်းမြင်သလောက် မင်းရတာပဲ"

ဒီနောက် . . . သူမက ထပ်ရေရွတ်လိုက်ပါတယ်။

"ကောင်းခြင်းတွေ ပြည့်စုံတဲ့ ရေချိုတွင်းဟာ မင်းရဲ့စကားလုံးထဲမှာ ရှိနေပါတယ်"

ရစ်ချတ်က စိတ်လှုပ်ရှားမှုနဲ့ ကတုန်ကယင် ကြားကပြောမိလေရဲ့။

"ဒီနေ့ ကျွန်တော်တွေ့ခဲ့တဲ့လူတွေဟာ ကျွန်တော့်အဖေနဲ့ ကျွန်တော်သိကျွမ်းတဲ့ ရွာသူရွာသားတွေနဲ့မတူ ခြားနားစွာ တွေးခေါ်ကြတာကို ခံစားနားလည်လိုက်ရပါပြီ . . . သူတို့ဟာ သူတို့နဲ့ ကွဲပြားခြားနားတဲ့ စကားလုံးတွေ သုံးသလို ပိုကောင်းတဲ့မေးခွန်းတွေလဲ ထုတ်ကြပါတယ်၊ ဒါဟာလဲ သူတို့ရဲ့စိတ်နေသဘောထားတွေက ပိုထူးခြားကောင်းမွန်နေလို့ပဲဆိုတာ သိရပါတယ်၊ ဒါပေမယ့် ခုဆိုရင် ကျွန်တော်နားလည်ထားသမျှတွေအားလုံး စောက်ထိုးပြောင်းပြန်ဖြစ်ကုန်ပါတယ်"

"သူတို့ဟာ ပိုကောင်းတဲ့မေးခွန်းတွေ ထုတ်နိုင်ကြတဲ့အတွက် ပိုကောင်းတဲ့ စိတ်နေစိတ်ထား ရှိကြတယ်၊ ဒါကြောင့်လဲ ပိုကောင်းတဲ့ စကားလုံးတွေ အသုံးပြုပြီး ပြောကြတာပဲ"

"ခု . . . မင်းပြောနေတဲ့အတိုင်းပဲပေါ့"

ဥယျာဉ်မှူးမမက ထပ်ဖြည့်ပေးတာပါ။

ရစ်ချတ်က ဆက်ပြောတယ်။

"ပိုက်ဆရာနဲ့ မျက်မှန်ပါရဂူတွေလဲ ကျွန်တော်နဲ့ ကျွန်တော့်အဖေလိုပဲ ဘဝကြမ်းကို စခဲ့ကြရတာပါပဲ၊ ဒါပေမယ့် . . . သူတို့ဟာ စကားလုံးတွေ ပြောင်းလိုက်တာနဲ့ သူတို့ရဲ့ ထင်ရှားကြည်လင်တဲ့အမြင်နဲ့ မျက်စိတွေ ပွင့်သွားကြတာကလား၊ သူတို့ဟာ ရေချိုတွင်းထဲကို ပိုက်သွယ်ခဲ့ကြရာက ခုတော့ အကြီးအကျယ် ချမ်းသာကုန်ကြပြီပေါ့"

"ကျွန်တော်တို့ တစ်သက်လုံး ချမ်းသာမှုရေတွင်းကို တမ်းတခဲ့ကြတာပဲ . . . တကယ်တော့ အဲဒီရေတွင်းဟာ အစစ်တကယ် မရှိပါဘူး၊ ရေတွင်းအစစ်ဟာ ကျွန်တော်တို့စကားလုံးတွေ၊ ကျွန်တော်တို့နှုတ်ဖျားတွေမှာပဲ ရှိသလို . . . ကျွန်တော် မူလထင်ထားခဲ့တာထက် အဆပေါင်းများစွာ ကြီးမားလှပါတယ်"

ဥယျာဉ်မှူးအမျိုးသမီးက ခေါင်းညိတ်ပြလိုက်ပါတယ်။

"နောက်ပြီး . . . ချမ်းသာကြွယ်ဝမှုနဲ့ စပ်ပြီးပြောတဲ့ စကားလုံးတိုင်းဟာ (ဒါမှမဟုတ်) ရေတွင်းကို သွယ်၊ ပိုက်သွယ်ဖို့ စဉ်းစားမှုတိုင်းဟာ အတိုင်းအဆ မရှိပါဘူး၊ ဒါနဲ့အမျှ . . . ရေတွင်းနဲ့ပတ်သက်လို့ မေးတဲ့မေးခွန်းတိုင်းဟာလဲ တန်ဖိုးဖြတ်လို့မရပါဘူး"

"အဲဒါ တကယ့်မျော်ဗိဇ္ဇာအတတ်ပါကလား"

ရစ်ချတ်ဟာ သူ့မှတ်စုလေးထဲ ရေးချလိုက်ပါတယ်။

*၈။ "မင်းရဲ့ရေတွင်းဟာ မင်းစကားလုံးတွေပဲပေါ့"*

ဥယျာဉ်မှူးမမက ထပ်ပြုံးပြန်တယ်။

နောက် . . . သူက ရစ်ချတ်ကို ကြည့်ပြီး ထူးထူးခြားခြား တစ်ခု





လုပ်ပြလိုက်တယ်။ သူ့မျက်လုံးတွေဟာ အရောင်တဖျပ်ဖျပ် ရွှန်းလက်တောက်ပသွားရာက မျက်တောင်ခတ်လိုက်တာပါပဲ။

ရစ်ချတ်လည်း ပိုက်ဆရာကြီး ပြောခဲ့တာကို ပြေးသတိရလိုက်ပါတယ်။

*၅။ "သင်ကြားတယ်ဆိုတာ ကစားပွဲတစ်ခု"*

သူ့အနေနဲ့ ဒီကစားပွဲမှာ တကယ့်ကို ပျော်ရွှင်စပြုလာပါပြီ။

"အန်တီက ချမ်းသာသလား"

"အန်တီမှာ ချစ်စရာကောင်းတဲ့ သမီးလေးနှစ်ယောက်နဲ့ အံ့ဩစရာကောင်းတဲ့ ခင်ပွန်းတစ်ယောက် ရှိတယ်၊ အန်တီ့ကျန်းမာရေးကလဲ ဒေါင်ဒေါင်မြည်နေတာပဲ၊ နောက်ပြီး . . . အန်တီ့မှာ အချိန်ပိုတွေ ရနေတယ်၊ ဒီတော့ . . . ဟုတ်တယ်၊ အန်တီ ချမ်းသာတယ်လို့ ပြောရမှာပေါ့"

"ဒါထက် . . . အန်တီ့မှာ ငွေရေးကြေးရေး သောကရောက်စရာမရှိတာ စီးပွားရေးလုပ်ငန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ထားလို့ ထင်ပါရဲ့"

"ခု . . . မင်း မျက်စိတစ်ဆုံးမြင်တဲ့ မြေတွေဟာ အန်တီ ပိုင်တာပဲ၊ မျက်မှန်ပါရဂူကလဲ ဒီပတ်ဝန်းကျင်က လူချမ်းသာ ၈၅ ဦးကို အန်တီ့ကို မြေငှားခ ပေးနေကြတာကွဲ့ . . . ပြီးတော့ ရွာထဲက အိမ်ယာမြေ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာလဲ ရင်းနှီးမြှုပ်နှံမှုတွေ ပါဝင်ထားတယ်လေ"

"အန်တီက ဥယျာဉ်စိုက်လို့ရတဲ့ ဝင်ငွေနဲ့ စားသုံးခဲ့ရာက တချို့ကို စုငွေအဖြစ် ဖယ်ပြီး အရင်းအနှီးလုပ်ထားခဲ့တယ်၊ အရေးကြီးတဲ့အချက်က ငွေသူဌေးတွေနဲ့ ဘဏ်လုပ်ငန်းရှင်တွေဆီ သွားပြီး အချိန်ပေးလေ့လာဆွေးနွေးမှုတွေ လုပ်ခဲ့တာပဲ၊ အလားတူပဲ . . . အချိန်ကို ရင်းနှီး

မြှုပ်နှံပြီး အောင်မြင်တဲ့ မြေရှင်ကြီးတွေ၊ ဖွံ့ဖြိုးရေးသမားတွေနဲ့ တွေ့ဆုံပြီး သင်ယူလေ့လာခဲ့သေးတယ်ကွ"

"အန်တီ့မှာက ကိုယ်ပိုင်မြေက ပေးလာတဲ့ သဘာဝမိခင်ကြီးရဲ့ အမြင်မျိုးတွေလဲ ရထားတယ်၊ သဘာဝက ငါ့ကို ချမ်းသာအောင် လုပ်ပေးသလို ငါ့ရဲ့ချမ်းသာမှုတွေနဲ့ သဘာဝရေမြေကို ပြန်ကျေးဇူးဆပ်ရမယ် . . . ဒါဟာ . . . ဥယျာဉ်မှူးကောင်းတစ်ယောက်ရဲ့ ကျင့်စဉ်လဲ ဖြစ်တယ်၊ ဒါဟာ မင်း အခု ရှုမြင်နေရတဲ့ အလှအပတွေရဲ့ အကြောင်းဆိုလဲ မမှားဘူး၊ အန်တီဟာ လက်တွေ့အိပ်မက်ထဲမှာ ပျော်ရွှင်နေရတာပဲ"

ကလေးမလေးတွေက မြစ်ကမ်းဘေးမှာ လိုက်တမ်းပြေးတမ်း ကစားနေလေရဲ့။ ရစ်ချတ်ဟာ ရုတ်တရက် နေရောင်ခြည်ရဲ့ ပူနွေးမှုကို သတိပြုမိလိုက်တယ်။ ဒီနေရာမှာ သူတို့ချည်းရှိတာမှ မဟုတ်ပါပဲလား။

သစ်ပင်တွေပေါ်မှာ ခုန်ပျံရင်း ကျီကျီကျာကျာ မြည်နေကြတဲ့ ရောင်စုံငှက်လေးတွေ၊ ပန်းခင်းတွေပေါ်မှာ ပျံဝဲကစားနေကြတဲ့ လိပ်ပြာသက်တန့်တစ်အုပ်လည်း ရှိနေသေးတယ်လေ။

ရစ်ချတ်ဟာ သူ့အိမ်ငယ်လေးနဲ့ အိပ်ရာပေါ်လဲနေတဲ့ အဖေ့ကို အမှတ်ရလိုက်မိပြီး ရင်ထဲမကောင်းဖြစ်သွားတယ်။

ရစ်ချတ်က တအောင့်လောက် စဉ်းစားလိုက်တယ်။ ပြီးတော့

"မျက်မှန်ပါရဂူက သိပ်ချမ်းသာတယ်ဆို၊ ဘာဖြစ်လို့ အန်တီ့ဆီက အိမ်ငှားနေရတာလဲ"

"မျက်မှန်ပါရဂူမှာလဲ ထူးဆန်းအံ့သြစရာ အမြင်တစ်ခု ရှိတယ်ကွဲ့ . . . သူ့အမြင်အရ . . . အိမ်တစ်လုံးဝယ်ပြီး သူ့ငွေတွေကို အသေမခံချင်ဘူးတဲ့ . . . သူက သူ့ငွေတွေကို ရင်းနှီးမြှုပ်နှံမှု လုပ်ရတာ ပို





နှစ်သက်တယ်၊ အိမ်ဆိုတာတော့ မရှိသုံးအနေနဲ့သာ သဘောထားတယ်၊ သူက အန်တီရဲ့ ပန်းဥယျာဉ်ကြီးကိုလဲ အရမ်းသဘောကျတယ်"

အဖြေကို သိပြီးပေမယ့် ရစ်ချတ်က နောက်မေးခွန်းတစ်ခု တမင်မေးလိုက်ပါတယ်။

"ဒါဖြင့် . . . အန်တီ ဘယ်လိုနည်းနဲ့ ချမ်းသာလာတာလဲ"

ဥယျာဉ်မှူးက မြစ်ပြင်ဘက်လှည့်ပြီး ရယ်တယ်လေ။

"အန်တီဟာ ဥယျာဉ်မှူးကောင်းတစ်ယောက် ဖြစ်လာလို့ပဲပေါ့"

"မင်းက ပိုက်ဆရာနဲ့ တွေ့ခဲ့တာဆိုတော့ မင်း ဘာတွေ သင်ကြားခဲ့တယ်ဆိုတာလဲ အန်တီ တွက်မိပါတယ်၊ ဒီတော့ . . . ဒီထက်ကောင်းတဲ့မေးခွန်း မေးပါဦး"

ရစ်ချတ်ကလည်း မဆိုင်းမတွပါပဲ။

"ကျွန်တော့်အနေနဲ့ အမြင်သစ်တွေ ရှာဖွေဖို့ လိုအပ်တာကို သိခဲ့ရသလို အချိန်ကို ဖြုန်းတီးပစ်မယ့်အစား ရင်းနှီးမြှုပ်နှံမှု လုပ်ရမယ်ဆိုတာလဲ နားလည်ခဲ့ရပါတယ်၊ ဒါပေမယ့် ဘယ်လိုလုပ်ရမှာလဲ"

"ဒီထက်ပိုကောင်းတဲ့မေးခွန်း ရှိဦးမယ်ထင်တယ်"

ရစ်ချတ်ရဲ့အသိလွှာနောက်မှာ မေးခွန်းတစ်ခုက ပုန်းကပ်နေတယ်။ ဒါကို သူက အကြိတ်အနယ် ဆွဲထုတ်လိုက်ရတယ်။

"ခုအတိုင်းဆိုတော့ . . . ပိုက်ဆရာကြီးကော၊ အန်တီကော အလုပ်လုပ်စရာ မလိုတော့တာ တွေ့ရတယ်၊ ဘာကြောင့် အလုပ်မလုပ်တော့ကြတာလဲ"

"ကောင်းလိုက်တဲ့မေးခွန်းကွာ၊ အန်တီ့အဖို့ ဥယျာဉ်စိုက်ပျိုးရေးဟာ အန်တီ့အလုပ် မဟုတ်ပါဘူး။ ဒါဟာ အန်တီ့ရဲ့ ပြင်းပြတဲ့ အာသီသ

ပါ . . . ဥယျာဉ်စိုက်ရင်းကပဲ အန်တီ့ရဲ့ အတွေးအမြင်တွေကို အားဖြည့်နေခဲ့တယ်ဆိုပါတော့၊ ဒီအချက်ဟာ လျှို့ဝှက်ချက်ပဲ ရစ်ချတ်၊ မင်းရဲ့ချမ်းသာမှုဟာ မင်းရဲ့စိတ်ဓာတ်ထဲကပဲ အစပျိုးတာ၊ ချမ်းသာမှုဆိုတာ အဆုံးမရှိဘူး၊ အစသာရှိတာမျိုး"

"အဲဒီချမ်းသာမှုက အန်တီ့အတွက် ဘယ်လိုအစပျိုးခဲ့ပါလိမ့်"

"ဒီဥယျာဉ်ကြီးကို မင်းတွေ့တယ်မဟုတ်လား၊ ဒီဥယျာဉ်ကြီးဟာ အရောင်စုံ၊ အနံ့စုံ၊ တေးသံစုံနဲ့ ကြွယ်ဝနေတာပဲ၊ ဒီဥယျာဉ်ကြီးဟာ မြေတစ်ကွက်ကနေ အစပျိုးခဲ့တယ် ဆိုရမယ်၊ အဲဒီနောက် အန်တီက ရေတွေ၊ နေတွေ ဂရုစိုက်မှု၊ ပြုစုယုယမှုတွေကို စေတနာထားပြီး လုံလောက်ပြည့်ဝအောင် တိုက်ကျွေးပေးခဲ့တယ်၊ အပြန်အလှန်အနေနဲ့ နေ့တိုင်းလိုလို သဘာဝက ပေးအပ်တဲ့ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုတွေ ပြန်ရခဲ့တာပေါ့၊ ဒီတော့ ချမ်းသာမှုဟာ ပန်းတွေ မပွင့်ခင် အကြာကြီးကတည်းက အန်တီ့မှာ ရရှိပြီးသား"

ရစ်ချတ်က ပန်းတွေကို ငေးကြည့်ရင်းက စကားလေးတွေကို သဘောကျသလို ပြုံးလိုက်မိတယ်။ ချမ်းသာကြွယ်ဝမှုဟာ ပန်းတွေ မပွင့်ခင် အကြာကြီးကတည်းက ရရှိပြီးသားတဲ့။

ဒီလိုနဲ့ . . . သူ့မှတ်စုထဲ ရေးထည့်လိုက်တယ်။

*၄။ "ချမ်းသာမှုဟာ အစပဲ။*

*အဆုံးမဟုတ်ဘူး"*

"အန်တီ့ရဲ့ အတွေးအခေါ် ကြည်လင်မှု ဘယ်လိုရခဲ့တယ်ဆိုတာ သိရပါပြီ၊ ဒါနဲ့ . . . ပြတ်သားမှုနဲ့ အာရုံစိုက်မှုတွေကို ဘယ်လိုနည်းနဲ့ ရခဲ့တယ်ဆိုတာ ပြောပါဦး"





"အန်တီက ပိုတော်တဲ့ ဥယျာဉ်မှူးကောင်းတစ်ယောက်ဖြစ်ဖို့ ဆုံးဖြတ်လိုက်တာနဲ့ အချိန်အလကားဖြုန်းတာတွေကို လျှော့ချပစ်လိုက်ပြီး ရင်းနှီးမြှုပ်နှံဖို့အတွက် အချိန်တွေ ပိုတိုးလိုက်တာပဲ၊ အန်တီ့ဘဝကို ပန်းဥယျာဉ်တစ်ခုလို သဘောထား ပြုပြင်ခဲ့တယ်၊ အန်တီရဲ့ စိတ်အာရုံတွေကို ပန်းဥယျာဉ်ကြီးတစ်ခုလုံးပေါ် လုံးဝစိုက်ထားလိုက်တယ်၊ အပင်တွေရှင်သန်ကြီးပြင်းအောင် ရေလောင်းပေါင်းသင်ဖို့ ဦးစားပေးတယ်၊ ခြောက်သွေ့ပြီး အပင်တွေ သေသွားမှာကိုတော့ နည်းနည်းမှ အဖြစ်မခံဘူး"

ရစ်ချတ်အနေနဲ့ သူ့အဖေ ခြံထဲမှာ အပင်ပျိုး မျိုးချခဲ့တာနဲ့ အမြဲမပြတ် ဂရုစိုက်ပြုစုခဲ့တာကို ပြန်တွေးမိလိုက်ပါတယ်။ သူ့အဖေက အခြေအနေ သိပ်မကောင်းဘူးလို့ ပြောခဲ့တဲ့ကြားက ရေလောင်းပေါင်းသင်လုပ်ပြီး အပင်ကြီးပေါက်လာတာလည်း တွေ့ရတယ်။ ဆိုးတာက အသီးတွေ အောင်တဲ့အထိ မပြုစုခဲ့တော့ အပင်က ပိန်လိန်ခြောက်ကပ်သွားခဲ့ရတာပဲ။ သူ . . . သက်ပြင်းချလိုက်ပါတယ်။

"အန်တီဟာ ထွန်ယက်စိုက်ပျိုးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ ရိတ်သိမ်းခူးဆွတ်မှုတွေကို အစွမ်းကုန် လုပ်ဆောင်ခဲ့တာကို ပြန်သုံးသပ်မိတယ်။ ဒီအချက်ဟာ အန်တီ့ဘဝရဲ့ ကြီးမားတဲ့ သင်ခန်းစာတွေ ဖြစ်ခဲ့သလို၊ စိုက်ပျိုးရေးပညာကို ဆက်သွယ်ရေးကွန်ယက်နဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ကောင်းကောင်းကြီး အသုံးချနိုင်ခဲ့တယ် . . . ငွေကြေးစီးပွားရေးကိစ္စတွေမှာ အတွေ့အကြုံနုပြီး စိတ်ဝင်စားမှု နည်းခဲ့ပေမယ့် ဥယျာဉ်စိုက်ပျိုးရေးပညာမှာ အတွေ့အကြုံရင့်ပြီး စိတ်ဝင်စားမှုများတာက တစ်မျိုးကောင်းသွားတာပေါ့"

"အန်တီအနေနဲ့ တွေ့တဲ့လူသစ်တိုင်းနဲ့ ပညာအသစ်တွေမှာ

မျိုးစေ့ချပြီး စိုက်ပျိုးမှုလုပ်တယ်၊ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ကြပ်ကြပ်မတ်မတ် ဂရုတစိုက်နဲ့ ထိန်းသိမ်းစောင့်ရှောက်တယ်၊ အချိန်တန်တဲ့အခါ ပေါ်ထွန်းလာတဲ့ ဆုလာဘ်အသီးအပွင့်တွေကို တန်ဖိုးထားပြီး ခူးဆွတ်တယ်၊ ဒီလိုမှမဟုတ်ရင် ခုအခြေအနေမျိုး ဘယ်ရောက်လာနိုင်ပါ့မလဲ"

"ဒီတော့ အန်တီ ချမ်းသာလာခဲ့ရတဲ့ အကြောင်းရင်းဟာ ပိုတော်တဲ့ ဥယျာဉ်မှူးကောင်းတစ်ယောက် ဖြစ်ခဲ့ရလို့ပဲ ဆိုနိုင်ပါတယ်"

ရစ်ချတ် . . . သူနဲ့ သူ့အဖေအကြောင်း အသည်းအသန် ပြန်စဉ်းစားမိတယ်။ သူတို့ ဘာတွေကို ထွန်ယက်စိုက်ပျိုးမိခဲ့ပါသလဲ။ ဘာတွေကို ရေလောင်းပေါင်းသင် ပြုစုစောင့်ရှောက်ခဲ့ပါသလဲ။ သူတို့မှာ အပင်စိုက်ခဲ့တာဆိုလို့ ပြောပလောက်အောင် မရှိခဲ့တာ သေချာသလို စိုက်ပျိုးလုပ်ကိုင်ဖို့ အချိန်မယူခဲ့မိတာလည်း အမှန်ပါပဲ။

သူက အသံကျယ်ကျယ်နဲ့ပဲ မေးလိုက်မိတယ်။

"ဒီတော့ . . . ချမ်းသာမှုရေတွင်းကို နေ့တိုင်းသွားခပ်တာကကော ထွန်ယက်စိုက်ပျိုးပြီး ခူးဆွတ်ရာမရောက်ဘူးလားခဗျ"

"ဘယ်ရေတွင်းလဲ"

ဥယျာဉ်မှူးမမက မေးပြီး ရယ်လိုက်တယ်။

"တကယ့်ရေတွင်းတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ အခု ပြောနေတဲ့ စကားလုံးတွေထဲပါတဲ့ ရေတွင်းလဲ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရွာသားတွေ နေ့တိုင်းသွားခပ်ကြတဲ့ ရေတွင်းပါ"

"ကောင်းပြီ . . . ဒါဆိုရင်တော့ ဘာမှမရှိတဲ့ အလကားရေတွင်းဆိုတာ မင်းသိလောက်ပြီပေါ့"





ရစ်ချတ်ဟာ ပိုက်ဆရာရဲ့ အချိန်ပိုက်ခေါင်းအကြောင်း တွေးမိလိုက်ပါတယ်။ ခုဆို . . . သူဟာ အချိန်ကို ဖြုန်းမယ့်အစား အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ရမယ်ဆိုတာ သိခဲ့ပါပြီ။

လောလောဆယ်မှာလည်း . . . သူ့ရဲ့အချိန်ကို အသုံးပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ရာမှာ . . . စိုက်ပျိုးရမယ်၊ ပြုစုစောင့်ရှောက်ရမယ်၊ ပြီးတော့ ခူးဆွတ်ရိတ်သိမ်းရမယ်ဆိုတာတွေလည်း နားလည်လိုက်ပါပြီ။

သူက ရေးချလိုက်ပါတယ်။

*၁၀။ "စိုက်ပျိုးပါ၊ ပြုစုစောင့်ရှောက်ပါ၊ ရိတ်သိမ်းပါ"*

အဲဒီနောက် . . . သူဟာ စိုက်ပျိုးဖို့ ကြီးမားတဲ့ အခွင့်အလမ်း မရခဲ့သေးတာကို ရုတ်တရက် သတိထားမိလိုက်ပါတယ်။

သူ့အနေနဲ့ ထူးဆန်းတဲ့လူတွေနဲ့ တွေ့ခဲ့ရပေမယ့် သူတို့နဲ့ တရင်း တနှီးဆက်ဆံဖို့ မကြိုးစားမိသေးပါလား။ သူဟာ ချက်ချင်းပဲ ဆုံးဖြတ်ချက် ချလိုက်ရာက ဥယျာဉ်မှူးမမကို စကားစ,လိုက်ပါတယ်။

"ကျွန်တော်တို့ မိတ်ဆွေတွေ ဖြစ်ချင်ပါတယ်၊ ရမယ်မဟုတ်လားဟင်"

"မင်းသဘောကျရင် ဖြစ်တာပါပဲ၊ တကယ်ပါ . . . မင်းရဲ့ မိတ်ဆွေဖြစ်ရတာ အန်တီ ဝမ်းသာပါတယ်"

သူမ ဘာကိုဆိုလိုလိုက်ပါသလဲ။

မင်းသဘောကျရင် ဖြစ်တာပါပဲတဲ့။

ရစ်ချတ်က တစ်ခုခုလိုနေတယ်လို့ သိလိုက်ပါတယ်။

သူ့ဘက်က မေးခွန်းကောင်းကောင်းထုတ်နိုင်ဖို့ ဦးနှောက်ကို ရေရေလည်လည်သုံးပြီး စဉ်းစားဖို့ လိုပါတယ်။

သူက ရေထဲ ဆင်းကူးဖို့ပြင်နေတဲ့ မိန်းမပျိုလေးတွေကို စောင့်ကြည့်လိုက်မိပါတယ်။

ငါးတွေ ရေကူးတာနဲ့ ပတ်သက်လို့ ဘယ်လိုတွေးမလဲ။ သူ စဉ်းစားမိပြန်ပါတယ်။


သူ မေးလိုက်တယ်။

"အန်တီက ပန်းဥယျာဉ်ကို ဖွံ့ဖြိုးလှပအောင် လုပ်ခဲ့၊ ဘယ်လို အာရုံစိုက်ပြီး သုံးသပ်လေ့လာမှုတွေ လုပ်ခဲ့ရသလဲဆိုတာလဲ သိပါရစေ"

**"သစ်ပင်တွေပေါ်ကကြည့်ရင် သစ်တောကြီးကို မြင်ရတယ်"** ဆိုတဲ့ စကားတစ်ခွန်း မင်း ကြားဖူးတယ်မဟုတ်လား၊ ငါ့ဥယျာဉ်ကြီးကို ဘယ်လိုပုံစံမျိုးဖြစ်ချင်တယ်ဆိုတာ အစက မသိသေး၊ အမြင်ပေါက်လာရာက ဥယျာဉ်ကြီးကို လိုချင်တဲ့ ပုံဖော်မိခဲ့သလို ဘယ်လိုစိုက်ပျိုးရမယ်၊ ဘယ်လိုစောင့်ရှောက်ထိန်းသိမ်းရမယ်၊ ဘယ်အချိန်မှာ ဆွတ်ခူးရမယ် ဆိုတာတွေ သိဖို့ ကြိုးစားခဲ့ရတာပဲ၊ ဥယျာဉ်ထဲ နေ့တိုင်းဆင်းကြည့်ခဲ့ရာက . . . အချိန်ရေပိုက်က ၂၄စက် အပြည့်ချဖို့လဲ ရှင်းရှင်းလင်းလင်း သဘောပေါက်ခဲ့တယ်၊ ဒီရေ ၂၄ စက်ထဲနဲ့ အန်တီ့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တာပဲ။







"ဒါနဲ့ . . . မင်း သိမလားမဆိုနိုင်ဘူး . . . တစ်နေ့ပြီးတစ်နေ့ ဆိုသလိုပဲ ငါဟာ ဂရုမစိုက်ခဲ့တဲ့ သစ်ပင်အိုကြီးတွေရဲ့ အရင်းအမြစ်နဲ့ ပေါင်းမြစ်တွေကို ဂရုတစိုက် ရှင်းလင်းဖို့ လိုက်ကြည့်ခဲ့တယ် . . . ဒါနဲ့ အမျှလဲ ငါ့ရဲ့သုတဆည်းပူးမှု၊ ပညာရှာဖွေမှု၊ မိတ်ဆွေအပေါင်းအဖော်တွေ၊ အဆက်အနွယ်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေရဲ့ စည်ပင်တိုးတက်ရေးကို ဦးစားပေး ကြံဆောင်ခဲ့တယ် . . . ဒီဥယျာဉ်ထဲ နေ့စဉ် ဆင်းလျှောက်ရတာဟာ အမြဲပဲ ငါ့ကို စိတ်လှုပ်ရှားပြီး ပျော်ရွှင်စေခဲ့တယ်"

"ဒီတော့ ရစ်ချတ်၊ မင်းအနေနဲ့ မင်း ဥယျာဉ်ကို ဘယ်လိုပုံစံမျိုး ဖြစ်စေချင်သလဲ ပြောစမ်းပါဦး"

ရစ်ချတ်ဟာ ဥယျာဉ်မှူး မဟုတ်ပါဘူး။ သူ တစ်ခါလား အိမ်မှာ အိုးငယ်လေးနဲ့ အာလူးပင်လေး စိုက်ဖူးခဲ့ပါတယ်။ ဒီထက် မပိုပါဘူး။

ဒါပေမယ့် . . . ဥယျာဉ်မှူးမကြီးရဲ့စကားကို သူ အားတက်သရော နားထောင်ခဲ့သလို . . . မျက်မှန်ဆရာ သွန်သင်ခဲ့တဲ့ ဆက်သွယ်ရေး အဆင့် ၄ ဆင့်ကိုလည်း ပြန်သတိရမိပါတယ်။

*၂။ "မင်းလိုချင်တဲ့အဆင့်ကို ရွေးချယ်ပါ"*

"ကျွန်တော်လဲ လှပသာယာတဲ့ ဥယျာဉ်တစ်ခုကို လိုချင်ပါတယ်။ သစ်ပင်တွေ ဝေဝေဆာဆာနဲ့ တစ်ပုံကြီးရှိရမယ်၊ အဝေးက ကြည့်ရင် သစ်တောကြီးတစ်ခုလို အုံ့ဆိုင်းနေတာမျိုးပေါ့၊ ကျွန်တော် တကယ်ပဲ တောအုပ်ဖြစ်နေတာ လိုချင်ပါတယ်၊ ရည်မှန်းချက်ပြည့်ဝတဲ့ ဘဝနဲ့ အပြန်အလှန် ချမ်းသာမှုတွေရနေတဲ့ဘဝမှာ နေချင်ပါတယ်၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမြင်တွေနဲ့ ဖန်တီးနိုင်တဲ့ဘဝကို တမ်းတမိတယ်၊ အဲဒါ . . . ကျွန်တော် ဘယ်လိုရှာရမလဲ"





"မင်းရဲ့အမြင်ကို ရှာချင်တယ်ဆိုရင်တော့ မင်းရဲ့ပြင်းပြတဲ့ အာသီသနောက်ကို လိုက်ရုံပါပဲ . . . အလုပ်ကို အလုပ်လို့ သတ်မှတ်ထားမှုတွေကို လျှော့လိုက်ရင် မင်းလိုချင်တာနဲ့ လက်တစ်လှမ်းလေး ကပ်နေတာ တွေ့ရလိမ့်မယ်"

ရစ်ချတ် မအူမလည် ဖြစ်သွားရပြန်တယ်။

"ပိုက်ဆရာပြောတဲ့အထဲမှာတော့ ပြင်းပြတဲ့ ဆန္ဒ၊ အာသီသ ဆိုတာတွေ တစ်လုံးမှ မပါပါလား"

"ဒါတော့ မင်း သေသေချာချာ နားမထောင်မိလို့ပဲ ဖြစ်မှာပေါ့ . . . ငါသိသလောက်တော့ သူ့စကားတွေထဲမှာ ပါနေကျပါပဲ . . . မင်းရဲ့ အမြင်ကို ရှာဖွေတွေ့ရှိဖို့ဆိုရင် မင်းရဲ့ပြင်းပြတဲ့ဆန္ဒကို လမ်းညွှန်ကွန်ပါ အဖြစ်နဲ့ သုံးရမှာပဲ . . . ကဲ . . . မင်းကို ငါ တစ်ယောက်နဲ့ တွေ့ပေးချင်သေးတယ်"

ရစ်ချတ် မတ်တတ်ရပ်လိုက်ပြီး ဥယျာဉ်မှူးမကြီးနောက် မြစ်ကမ်းဘေးတစ်လျှောက် လိုက်လျှောက်သွားမိတယ်။ လမ်းလျှောက်ရင်းက ခုလို ရေးမှတ်ခဲ့မိပြန်တယ်။

*၁၁။ မင်းရဲ့ပြင်းပြတဲ့ဆန္ဒဟာ*
*မင်းရဲ့ လမ်းညွှန်ကွန်ပါပဲ"*

သူဟာ သူ့အဖေကြီးကို သတိရလိုက်ပြန်တယ်။

သူ့အဖေရဲ့ ပြင်းပြတဲ့ဆန္ဒတွေက စာဒကတက်သံတွေပဲ ဖြစ်ပါတယ်။ ဒီတော့ . . . သူချမ်းသာအောင် ဘယ်လုပ်နိုင်ပါတော့မလဲ။

သူတို့ဟာ ကလေးမလေးတွေကို ကမ်းဘေးဆိုက်ထားတဲ့ ငါးမြှားလှေတစ်စီးပေါ်မှာ ဆုံလိုက်ရပါတယ်။

မုတ်ဆိတ်ထူထူနဲ့လူကြီးက သူတို့ကို ဆူဖြိုးတဲ့ ငါးကြီးတစ်ကောင်ကို ပြနေရာက လက်ထဲ ထည့်ပေးလိုက်ပါတယ်။

ကောင်မလေးတွေက ကျွက်ကျွက်ညံအောင်ပြီး ငါးကြီးကို ရေထဲပြန်ပစ်ချလိုက်တယ်လေ။

ပြီးတော့ . . . သူတို့က တခစ်ခစ်နဲ့ ရယ်နေကြတာဟာ သူ့အမေကို ရစ်ချတ် ပြန်အမှတ်ရစေပါတယ်။

"ရစ်ချတ် . . . မင်းကို တံငါသည်ကြီးနဲ့ ငါ တွေ့ပေးချင်တယ်၊ ရစ်ချတ်ကတော့ တောလည်ထွက်လာတဲ့ လူငယ်လေးတစ်ယောက်ပါ"

ရစ်ချတ်က သူ့လက်တစ်ဖက်ကို နှုတ်ဆက်ဖို့ ကမ်းပေးလိုက်ရင်းက . . .

"ဟဲလို . . . ကျွန်တော် ရစ်ချတ်ပါ . . . ဦးလေးကြီး ခိုင်းစေသမျှ နာခံဖို့အသင့်ပါ"

"ကောင်းပြီ . . . ကောင်းပြီ . . . ကောင်းပြီ"

တံငါသည်ကြီးက ဆိုမြည်းလိုက်ရာက . . .

"မင်း သစ်တောထဲ ကြည့်ခဲ့ပြီးပြီဆိုပါတော့ . . . ကဲ . . . ဒါဆို လှေထဲ ဆင်းလိုက်၊ တို့ စမ်းချောင်းအတိုင်း မျှောလိုက်သွားကြမလို့ကွဲ့"

ရစ်ချတ် လှေထဲကို ခုန်ဆင်းလိုက်ပြီး ဥယျာဉ်မှူးအန်တီဘက် ပြန်လှည့်ကြည့်လိုက်တယ်။

"အန်တီတို့အနေနဲ့ ကျွန်တော့်ကို ပညာဉာဏ် ပွင့်လင်းစေမယ့် အကောင်းဆုံးစကားတွေ လက်ဆောင်ပါးချင်တယ်ဆိုရင် ဘာတွေများ ဖြစ်မလဲလို့"

ဥယျာဉ်မှူးအန်တီက သူ့သုခဘုံတစ်ပတ် မျက်စိဝေ့ကစား





ကြည့်ရင်းက သက်ပြင်းလေး ချလိုက်ပါတယ်။ နောက် . . . သူ့သမီးလေးတွေကို ပြောလိုက်ပါတယ်။

"သမီးတို့ . . . ရစ်ချတ်ကို စကားလက်ဆောင်တစ်ခွန်းလောက် ပေးလိုက်ပါလားကွယ်"

မိန်းမပျိုလေးတစ်ယောက်က ရစ်ချတ်ကို လှမ်းကြည့်တယ်။ သူ့အနေနှင့် မိန်းမပျိုရဲ့ လှပတဲ့မျက်လုံးလေးတွေကို ပထမဆုံး သတိပြုမိလိုက်တာပါပဲ။ အဲဒီမျက်လုံးလေးတွေက တဖျပ်ဖျပ် အရောင်တွေ တောက်ပနေတယ်။

တံငါသည်ကြီး လှေကို ကမ်းက ခွာတာနဲ့ ကမ်းပေါ်တက် ကျန်ခဲ့တဲ့ ကောင်မလေးက သီချင်းတစ်ပုဒ် ကောက်ဆိုလိုက်တာပဲပေါ့။

"လောကကြီးက စောင့်နေတယ် × × ×

× × × ကြိုတင်ပြင်ဆင်ထားပါတယ်"

ရစ်ချတ်ဟာ ရင်တွေ တလှပ်လှပ်ခုန်ရင်းကပဲ ကောင်မလေးရဲ့ မျက်လုံးတွေထဲကို အရဲစွန့်ကြည့်လိုက်ရာက မျက်လုံးချင်းဆုံသွားသလို အကြာကြီး စိုက်ငေးနေမိကြပါတော့တယ်။

## အခန်း (၆)
## တံငါသည်ကြီး

တံငါသည်ကြီးက ရယ်ရယ်မောမောနဲ့ လှေလှော်လာတယ်။

"သူက ဟိုမှာရောက်သွားပြီ ငါ့လူရယ် . . . ဒါဟာ စောင့်မျှော်တဲ့ ကစားပွဲတစ်ခုပဲ၊ လောကကြီးက တို့ကို ပေးမလို့ စောင့်နေတုန်းမှာ တို့ကလဲ လောကကြီးကို ပေးဖို့ စောင့်နေရတာပဲ . . . ဒီတော့ ဒါဟာ စောင့်မျှော်တဲ့ ကစားပွဲဆိုတာ အမှန်ပေါ့ . . ."

"ငါးမျှားတာကကော စောင့်မျှော်ရတဲ့ ကစားပွဲပဲ မဟုတ်လား"

"အို . . . သိပ်ဟုတ်ပေါ့၊ ငါ သိပ်တော်တဲ့ တံငါသည်တစ်ယောက် ဖြစ်လာတဲ့အထိ စောင့်ခဲ့ရတာပဲဥစ္စာ"

"ပြီးတော့ . . . ဦးလေးကြီးမှာ ဘာတွေ ဘယ်လောက်ချမ်းသာထားပြီလဲ"





"အေး . . . ငါ့မှာ လက်လီဒိုင်တွေ ပိုင်ဆိုင်ထားတာ ရှိသကွ၊ ခု . . . ငါဝတ်ထားတာတွေ မြင်လား၊ ဒီဘွတ်ဖိနပ်တွေကော၊ ဂျက်ကင်တွေကော တွေ့လား၊ ဒါတွေ ငါ့လက်လီဆိုင်တွေက ရတာပဲ၊ အကောင်းစားတွေချည်းပဲပေါ၊ ငါ့လူတွေနဲ့ ငါ အချိန်ဖြုန်းရတာကို ငါနှစ်သက်တယ်၊ ဒီရေထဲမှာ ငါးတွေနဲ့ အချိန်ဖြုန်းရတာကို မြတ်နိုးတယ်၊ ငါကြိုက်တာ ငါပြောတာပဲ၊ အဲဒါ ငါရရှိခံစားနေရတဲ့ ချမ်းသာမှုပဲ၊ မင်းကရော . . . ဘာတွေချမ်းသာသလဲ"

"ကျွန်တော့်မှာ ချမ်းသာမှု သိပ်မရှိပါဘူးဗျာ"

တံငါသည်ကြီးက လေချွန်လိုက်တယ်။

"လောကကြီးက စောင့်နေတယ်၊ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နှင့်ကွယ်"

ဒီနောက် . . . သူက . . .

"မင်း မျက်စိကန်းနေသလား ချာတိတ်ရဲ့"

လှေနံကို ခပ်ပြင်းပြင်းလေးခေါက်ရင်းက မေးလိုက်တာပါ။

ရစ်ချတ်ဟာ ပင်လယ်ထဲမရောက်ဘဲ လှိုင်းမူးသလို ဖြစ်သွားတယ်။ စင်စစ် . . . ဘာဆိုတာ သူ ရေရေရာရာ မသိလိုက်ပါဘူး။ စိတ်ထင်တာဖြစ်မှာပါ။

သူက မှတ်စုစာအုပ်လေး အသင့်ပြင်ပြီး တံငါသည်ကြီးကို မော့ကြည့်လိုက်တယ်။

"မင်းက တောအုပ်ကို ရှာချင်လို့လား . . . တွေ့နိုင်တယ်၊ တွေ့ရမယ်၊ ဒါ . . . တောအုပ်ကြီးပဲ၊ ဒီနေရာမှ ဒီနေရာပေါ့ . . . သစ်တောကြီးက မင်းကို ဝိုင်းရံနေတယ်၊ တောအုပ်အလယ်မှာ မင်း ထိုင်နေတာပဲ"

တံငါသည်ကြီးက လှေနံကို ထပ်ခေါက်လိုက်ပြန်ပါတယ်။

ရစ်ချတ်ဟာ ချမ်းသာတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ လှေဟာ နည်းနည်းရွဲ့ပြီး အဖာအထေးတွေ ရှိနေတာကို သတိမပြုမိဘဲ မနေလိုက်ပါဘူး။

"မဟုတ်သေးဘူးခမျာ၊ ဥယျာဉ်မှူးအဲန်တီကြီးပြောသလို ကျွန်တော်ဆိုလိုတာက သစ်ပင်ပေါ်က မြင်ရတဲ့တောအုပ်ကြီးပါ . . . သစ်ပင်ပေါ်က မြင်ရတဲ့တောအုပ်ကြီးကို လိုက်ရှာနေတာပါ၊ ဒါ ကျွန်တော့်မြင်နိုင်စွမ်းပါပဲ"

တံငါသည်ကြီးက အကြောင်းအရာ ပြောင်းလိုက်ပါတယ်။

"ခု . . . ငါက မင်း ငါးတစ်ကောင်ကို မိအောင်ဖမ်းပေးဖို့ အာရုံစိုက်မယ်လို့ ကတိပေးမယ်ဆိုရင် . . . တံငါသည်ကောင်းတစ်ယောက်ဟာ ဘယ်လိုအရည်အချင်းတွေရှိတယ်ဆိုတာ ပြပေးမယ်"

"စိမ်လိုက်ဗျာ"

ရစ်ချတ် . . . မှတ်စုစာအုပ်လေးကို ဘေးချထားလိုက်ပါတယ်။

"ဒါဆို . . . ရော့ ဒီမှာ . . . ငါးစမျှားပေတော့"

တံငါသည်ကြီးက လှေစက်ကို သပ်လိုက်ပြီး ငါးမျှားတံတစ်ချောင်းကို ဆွဲထုတ်လိုက်ရက ရစ်ချတ်ကို ကမ်းပေးလိုက်ပါတယ်။

ရစ်ချတ်က မေးခွန်းထုတ်မိရဲ့။

"ဦးလေးကြီးက ကျွန်တော့်ကို ငါးတစ်ကောင် တကယ်မိအောင် မျှားခိုင်းနေတာလဲ မသိဘူး၊ ကျွန်တော့်ကို ရှင်းပြပါဦးလား၊ ကျွန်တော် ငါးတစ်ကောင်မိအောင် ဖမ်းဖို့ ဘာကြောင့်လိုအပ်တာလဲ"





"မင်းအနေနဲ့ ဒီထက်ကောင်းတဲ့ မေးခွန်းမျိုးနဲ့ အစပျိုးသင့်တယ် ချာတိတ်ရဲ့ . . . ဒီငါးမျှားတံကို မင်းရလိုက်တဲ့ ပထမအကြောင်းပြချက်က သိရုံသက်သက်နဲ့ လုပ်ဖို့မလိုသေးဘူးဆိုတာ တကယ်မသိသေးလို့ ဖြစ်တာကြောင့်ပဲ . . . ဒုတိယအကြောင်းပြချက်ကတော့ ခု . . . နေ့လယ်စာ စားချိန်ရောက်နေပြီလေ၊ ငါလဲ ဆာလှပြီကွ"

ရစ်ချတ်က ငါးမျှားတံကို ယူရင်းက . . . ကျန်လက်တစ်ဖက်နဲ့ စာအုပ်ထဲ ကောက်ရေးလိုက်မိပါတယ်။

### ၁၂။ "သိပြီးမလုပ်သေးတာဟာ တကယ်မသိသေးလို့ပဲ"

ရစ်ချတ်ဟာ အသိပညာတွေ ပိုရလာပေမယ့် မသိတာတွေလည်း ပိုများလာတယ်လို့ ထင်ရပါတယ် . . . ဒီလိုနဲ့ သူက ပိုလုပ်ဖို့ အချိန်ရောက်ပြီလို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက မှတ်စုစာအုပ်လေးကို ဘေးချပြီး မေးလိုက်မိတယ်။

"ငါးတစ်ကောင်မိတာဟာ ကျွန်တော့်အတွက် ဘာအသုံးကျမှာမို့လဲ"

"မင်း ရွေးပါ"

တံငါအိုကြီးက လှပတဲ့အရောင်မျိုးစုံနဲ့ ငါးမျှားယင်ကောင်တွေပါတဲ့ ဘူးလေးတစ်ဘူးကို ထုတ်ပေးပါတယ်။

ရစ်ချတ်က အကောင်းဆုံးလို့ထင်ရတဲ့ ယင်ကောင်တစ်ကောင်ကို ရွေးလိုက်ပါတယ်။

"ကျွန်တော် ဒီကောင်ယူမယ်"

တံငါသည်ကြီးက မလှုပ်ပါဘူး။ သူက မြစ်ပြင်ကိုသာ ငေးကြည့်နေခဲ့တယ်။

ရစ်ချတ်က ခေတ္တမျှ စောင့်ပြီး မေးလိုက်တယ်။

"ဘယ်အကောင်မျိုးက ပိုကောင်းသလဲလို့"

"အိုး . . . ငါက မင်းမေးဖော့မယ်တောင် မထင်ဘူး၊ ဟော . . . ဟော့ဒီကောင်လေး ယူ"

တံငါသည်ကြီးက နံ့ကောင်နဲ့တူတဲ့ ခြေထောက်သုံးချောင်းသာ ရှိတော့တဲ့ ယင်ကောင်းကြီးတစ်ကောင်ကို ရွေးပေးတယ်။ ရစ်ချတ် . . . ဘာမှမငြင်းတော့ပါဘူး။

တံငါသည်ကြီးဟာ ယင်ကောင်ကို ငါးမျှားချိတ်လေးထိပ်မှာ တပ်ပြီး . . .

"ကဲ . . . ရပ်လိုက် . . . ငါးမျှားတံကို ဒီလိုဝဲပစ်လိုက် . . . ပြီးတော့ . . ."

ငါးမျှားကြိုးဟာ ရှေ့ကို လွင့်ထွက်သွားရာက ငါးမျှားစာ ယင်ကောင်လည်း ရေထဲ မျောပါသွားပါတယ်။

"ကဲ . . . ငါးမျှားကြိုးကို တဖြည်းဖြည်း အသာလေး ပြန်ရစ်ယူနော်"

ရစ်ချတ်က တံငါသည်ကြီး ပြောတဲ့အတိုင်း လိုက်လုပ်ပါတယ်။ ဒီနောက် . . . အချိန်သိပ်မကြာလိုက်ပဲ ကြိုးက တင်းသွားတာနှင့် လန့်သွားပါတယ်။ သူက ကြိုးကို ရစ်လက်စမပျက် အားစိုက်ပြီး ရစ်နေခဲ့ပါတယ်။ သူ အကူအညီလိုတဲ့အချိန်မှာမှ တံငါသည်ကြီးက သူ့ကို ထားခဲ့ပြီး ကုန်းပတ်အောက်က သူ့ပေါင်းမိုးနဲ့ အခန်းလေးထဲ ဆင်းသွားပါလေရော။

"တံငါသည်ဦးလေးကြီး . . . လာလုပ်ပါဦး"





ရစ်ချတ်က ရေပေါ်ကို ခုန်တက်လာတဲ့ ငါးကြီးကို ကြည့်ပြီး အော်လိုက်မိပါတယ်။

တံငါသည်ကြီးက ခြင်းတစ်ခြင်းနဲ့ ပြန်တက်လာရာက ရစ်ချတ်မိထားတဲ့ ငါးကြီးကို ကြိုးကဆွဲပြီး ရေထဲက ထုတ်ယူလိုက်တော့တာပါပဲ။

"ဟဲလို စယ်လီ . . . ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ . . . ဒီမှာ . . . ရစ်ချတ်ကို နှုတ်ဆက်လိုက်ပါဦး"

သူက ငါးကြီးခေါင်းကို ရစ်ချတ်ဘက် လှည့်ပြီး လှုပ်ပေးလိုက်တာပါ။ နောက် . . . ကြိုးကိုဖြုတ်လို့ ရေထဲ ပြန်လွှတ်ပေးလိုက်ပါတယ်။ စယ်လီက ရေထဲကျသွားရာက ကူးပြေးသွားပါတယ်။

"ဦးလေးကြီးက အဲဒီငါးနဲ့ သိလို့လား"

"ငါ အလကားနောက်တာပါကွာ၊ စယ်လီဆိုတာက ငါ့မိန်းမကွ၊ ကဲ . . . လာ . . . တို့ နေ့လယ်စာစားဖို့ အချိန်တန်ပြီ"

တံငါသည်ကြီးက ခြင်းတောင်းကိုဖွင့်ပြီး အသားညှပ်ပေါင်မုန့်တွေ၊ သစ်သီးတွေနဲ့ အချဉ်ဘူးတွေကို ထုတ်လိုက်ပါတယ်။

"ကျွန်တော်က နေ့လည်စာကို ငါးကင်နဲ့ ဦးလေးကြီး စားမယ်ထင်နေတာ . . ."

"ငါ စားရလွန်းလို့ အီနေပါပြီလေ၊ ဒီမြစ်ထဲမှာ ငါးတွေတစ်ပုံကြီးပဲကွ၊ ခုလောလောဆယ်တော့ မင်းအတွက် ငါးမျှားလေ့ကျင့်ခန်း ပြီးသွားပြီဆိုရမှာပေါ့ . . . ဒီတော့ . . . တို့နှစ်ယောက် သဘောတူထားတဲ့အတိုင်း မင်းကို တံငါသည်ကောင်းတစ်ယောက်ဖြစ်နည်းကို ပြောပြရဦးမယ်"

"ဒါပေမယ့် . . . ခုမှ ကျွန်တော်က လုပ်ကာစပဲ ရှိသေးတာ"

"ငါက တကယ့်ငါးအစစ်ကို အမိဖမ်းဖို့ ပြောတာကွဲ့၊ ငွေပိုက်

ခေါင်းတစ်ခု ဆိုပါတော့၊ လက်တွေ့လုပ်ဆောင်မှုမရှိရင်တော့ သိထားတာတွေ အပိုပဲ"

ရစ်ချတ်က အသားညှပ်မုန့်တစ်ခုကို ကောက်ယူလိုက်ပါတယ်။

"ဒါနဲ့ ဦးလေးကြီးက ပထမဆုံး ငွေပိုက်ကို ဘယ်လိုစဖွင့်နိုင်ခဲ့ပါသလဲ"

"ငါပြောခဲ့သလိုပဲ ငါဟာ ကျွမ်းကျင်တဲ့ တံငါသည်တစ်ယောက်ဖြစ်အောင် လုပ်ခဲ့ပါတယ်လို့၊ ငါက ငါးအကြောင်းကိုပဲ ဦးစားပေး စဉ်းစားခဲ့တယ်၊ ငါ တံငါသည်ကောင်းတစ်ယောက်ဖြစ်လာတာနဲ့ ငါးတစ်ကောင်လိုပဲ တွေးမိတယ်၊ ဒါဟာ ခြားနားတဲ့အသိပဲဆိုတာ မင်းသိသင့်တယ်၊ ငါးသွားရာနောက်ကို လိုက်ဖမ်းရတာ ပင်ပန်းလှပါဘိသနဲ့ကွာ . . . တကယ်တော့ ငါဟာ အရောင်းမန်နေဂျာတစ်ယောက်ဖြစ်ပြီး ငါ့အလုပ်ကို ငါမုန်းနေတာ ကြာပြီ၊ အကြောင်းရင်းကတော့ . . . ဝယ်လက်တွေ ဖောက်သည်တွေနောက် အဆက်မပြတ် လိုက်ဖမ်းရတာ ဆုံးတယ်မှ မရှိတော့ပဲကိုး"

"ငါ ပိုတော်တဲ့ တံငါသည်ကောင်းဖြစ်လာတဲ့အချိန်မှာ အရောင်တောက်တဲ့ ယင်ကောင်တွေကို ဖန်တီးဖို့ အာရုံပြုမိခဲ့တယ် . . . ယင်ကောင်တွေက ဆွဲဆောင်မှုကောင်းတာနဲ့အမျှ ငါးတွေ ပိုမိတာကိုး၊ မင်းအနေနဲ့ ဆွဲဆောင်မှုရှိအောင် ဖန်တီးနိုင်ရင် နောက်က လိုက်ဖမ်းစရာ မလိုတော့ပါဘူး၊ ဒီလိုနဲ့ ငါ့ရဲ့အချိန်တွေကို တန်ဖိုးရှိတဲ့ ဖန်တီးမှုအပေါ် မှာပဲ အသုံးချပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ခဲ့တော့တယ်၊ အဖိုးမတန်တဲ့နေရာမှာ ချမ်းသာခြင်းဆိုတာလဲ မရှိနိုင်ဘူးလေ၊ ချမ်းသာမှုတွေ စီးဆင်းနေတဲ့မြစ်ဟာ အဖိုးတန်တာပဲ"





ရစ်ချတ်က တံငါသည်ကြီးစကားကို ဆက်နားထောင်ရင်းနဲ့ပဲ . . . မှတ်စုလေး ရေးချလိုက်မိပါတယ်။

*၁၃။ "တန်ဖိုးမဖြတ်နိုင်တာ ချမ်းသာမှုတွေ စီးဆင်းနေတဲ့ မြစ်ပဲ"*

"ငါဟာ ငါ့ရဲ့လုပ်ငန်းအပြင်ဘက်မှာ လူတွေကို ဆွဲဆောင်နိုင်တဲ့ တခြားထုတ်လုပ်မှုတွေကို လုပ်ခဲ့တယ်၊ ငါဟာ စျေးကွက်မှာ အရောင်းထိုင်းနေတဲ့ ဂျက်ကင်အကျီတွေကို ရောင်းဖို့ ကြိုးစားခဲ့တယ်၊ ဒီလိုနဲ့ . . . လူတွေ ဘာတွေကြိုက်တယ်၊ ဘာတွေဝယ်တယ်ဆိုတာကို အချိန်ယူလေ့လာတယ်၊ အဓိပ္ပာယ်က ငါ့ထက် အများကြီး အောင်မြင်နေတဲ့ ကုန်သည်တွေနဲ့ တွေ့ဆုံဆွေးနွေး အကြံယူတယ်ဆိုတာပါပဲ"

"ခြောက်လလောက်သာကြာတဲ့နောက် ငါ့မှာ ပညာအတော်လေး ပြည့်သွားသလို . . . အထည်တွေရောင်းတဲ့ ငါပိုင်စတိုးဆိုင်လေးအတွက် အဆက်အသွယ်တွေ ရလာတယ်၊ ပြီးတော့ . . . နေ့တိုင်းလိုလို ဖောက်သည်တွေနဲ့ တစ်ဆင့်ခံ အရောင်းသမားတွေအကြိုက်ကို တန်ဖိုးထားပြီး ဖြည့်ဆည်းပေးခဲ့တယ်၊ နေ့တိုင်းပဲ ဘယ်လောက်အထိ တန်ဖိုးတက်အောင် လုပ်ပေးမလဲဆိုတာလဲ ငါ့ကိုယ်ငါ မေးနေကျပေါ့"

"ဒီလိုနဲ့ ငါ့ရည်မှန်းချက်အတိုင်း လုပ်ငန်းက ဖြစ်ထွန်းတိုးတက်မှုရလာတယ်၊ စတိုးဆိုင် တိုးတက်အောင်မြင်လာတာနဲ့အမျှ လက်ခွဲတွေလဲ တိုးလာတော့တာပဲ"

"ရည်မှန်းချက်အတိုင်း ဖြစ်ထွန်းတိုးတက်မှုဆိုတာ ဘာကို ဆိုလိုပါသလဲ"

တံငါသည်ကြီးက ယင်ကောင်တစ်ကောင်ကို ကောက်ကိုင်လိုက်ပါတယ်။

"ဒီကောင်ကို မင်းမြင်တယ်မှတ်လား၊ ဒါလေးကို လုပ်ဖို့ ငါးမိနစ်လောက်ပဲ ကြာမယ်လို့ မှတ်ရတယ်၊ ဒါပေမယ့် . . . တစ်ကောင် စ,ဖြစ်ဖို့ ၅ နှစ်တိတိ အချိန်ယူခဲ့ရတယ် . . . ငါဟာ ယင်ကောင်အတုလုပ်ဖို့၊ ပုံစံဆွဲဖို့၊ ဘယ်လိုအလုပ်ဖြစ်တယ်ဆိုတာ စမ်းသပ်ကြည့်ရှုဖို့ . . . နေ့စဉ်နဲ့အမျှ ငါ စဉ်းစားနေခဲ့ရတယ်၊ နောက်ပြီး . . . စိတ်တိုင်းမကျမချင်း ထပ်တလဲလဲ ပြန်လုပ်ခဲ့ရတယ် . . . နောက်ဆုံးတော့ အောင်မြင်မှုရပြီး ယင်ကောင်ပေါင်းများစွာ ထုတ်လုပ်နိုင်ခဲ့တာပဲ။

ရစ်ချတ်လည်း ပိုက်ဆရာပြောခဲ့တဲ့စကားကို ပြန်အမှတ်ရလိုက်ပါတော့တယ်။

### ၇။ "ခွန်အားပါ၊ မှတ်ပါ
### လုပ်ပါ၊ ပြန်သုံးသပ်ပါ"

"ဒါကြောင့် ဒီယင်ကောင်အရုပ်ဟာ ရည်မှန်းချက်အတိုင်း ဖြစ်ထွန်းတိုးတက်မှုလို့ ဆိုနိုင်တယ်၊ စင်စစ်တော့ . . . ဒါဟာ အပြီးသတ်သေးတာ မဟုတ်ဘူး၊ ဘယ်တော့မှလဲ ပြီးပြည့်စုံအောင် မလုပ်နိုင်ဘူး၊ အပြီးသတ်လိုက်တာဟာ ပျော်ရွှင်ခြင်းကို ဖျက်ဆီးပစ်လိမ့်မယ်၊ ပျော်ရွှင်ခြင်းဆိုတာ အပြစ်အနာအဆာတွေနဲ့ အမှားတွေထဲမှာပဲ ရှိတယ်၊ ဒီတော့ . . . ငါကိုယ်တိုင်လဲ ဒီအတိုင်းပဲ၊ ငါဟာ ရည်မှန်းချက်အလျောက် ဖြစ်ထွန်းတိုးတက်အောင် လုပ်ဆောင်နေသူတစ်ယောက်သာ ဖြစ်တယ်"

ရစ်ချတ်က ဥယျာဉ်မှူးအန်တီရဲ့ ဥယျာဉ်ခြံမြေကြီးနဲ့ ပိုက်ဆရာရဲ့ အမြင်တွေကို ပြန်စဉ်းစားမိလိုက်တယ်။ သူတို့ဟာလည်း ရည်မှန်းချက်အရ ဖြစ်ထွန်းတိုးတက်အောင် လုပ်ဆောင်နေသူတွေပါပဲလား။

ဒီလိုနဲ့ . . . သူ့မှတ်စုစာရင်းမှာ ဒါလေးကို ရေးထည့်လိုက်တော့တာပါပဲ။





### ၁၄။ ရည်မှန်းချက်အတိုင်း
### ဖြစ်ထွန်းတိုးတက်အောင်
### လုပ်ဆောင်သူတစ်ဦးဖြစ်ပါစေ။

"ဒါနဲ့ . . . ဦးလေးကြီးရဲ့ စတိုးဆိုင်ကို စဖွင့်တဲ့အချိန်မှာ မအောင်မမြင်နဲ့ ဆုံးရှုံးမှာကို မကြောက်ဘူးလား"

"ဘုရားစူးရစေရဲ့၊ လုံးဝမကြောက်ခဲ့ဘူး၊ ဆုံးရှုံးမှုတွေကို ငါတွက်ပြီးသားပဲ၊ မင်းဆိုရင်လဲ ဆုံးရှုံးမှုတွေကို ရင်ဆိုင်ဖို့ စီစဉ်ကြံဆထားပြီးသား ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်တော့ မင်း . . . အမြဲပူပန်စိုးရိမ်ပြီး စိတ်ညစ်နေရတော့မှာပေါ့ . . . ကဲ . . . ဒီမှာ ကြည့်စမ်းပါဦး"

တံငါသည်ကြီးက သံစုံတီးဝိုင်းတစ်ခုကို တီးကွက်ပြနေတဲ့ ဂီတမှူးတစ်ယောက်ပုံမျိုးနဲ့ မြစ်ပြင်ကို လက်ဝှေ့ရမ်းပြလိုက်ပါတယ်။

"ဟောဒီမြစ်ကြီးထဲမှာ ငါးတွေဟာ ထောင်သောင်းချီပြီး ရှိနေကြတာပဲ . . . ငါ ငါးမျှားကြိုးပစ်လိုက်တဲ့အချိန်မှာ အားလုံးထဲက တစ်ကောင်မိဖို့သာ ကြံစည်ခဲ့တာပဲ၊ ဒါဟာ မမိဖို့ ၉၉. ၉၉ ရာခိုင်နှုန်းရှိနေတဲ့သဘောပေါ့၊ အဲသလို မမိဖို့ ၉၉. ၈ ရာခိုင်နှုန်း ဖြစ်သွားပြီဆိုတာနဲ့ ငါဟာ ငါးနှစ်ကောင်တော့ ဖမ်းမိနေပြီ၊ နှစ်ကောင်ဆိုတာကလဲ တစ်နေ့စာကို နှစ်ဆတိုးပြီး တွက်ခဲ့တဲ့အဓိပ္ပာယ်ပါ"

"ငါ ဈေးကွက်သစ်ရှာဖို့ အကြံနဲ့ စမ်းသပ်မှုတွေ လုပ်ခဲ့တုန်း၊ ဒါမှမဟုတ် . . . စတိုးဆိုင်သစ်ကို အရောင်းမြှင့်ခဲ့စဉ်က၊ ဒါမှမဟုတ် ထုတ်လုပ်မှုအသစ်ကို ဈေးကွက်ပေါ်တင်တုန်းကဆိုရင် . . . အရှုံးရာခိုင်နှုန်းကို မြင့်မြင့်မားမား တွက်ထားပြီးတော့မှ အချိန်နဲ့ ငွေတွေကို ရင်းနှီးမြှုပ်နှံခဲ့ရတာပဲ၊ နောက်ပြီး . . . အချိန်နဲ့ ငွေ ရင်းနှီးမြှုပ်နှံမှုနဲ့အမျှ ပြန်

ရလာမယ့် အကျိုးအမြတ်တွေကိုလည်း မျှော်လင့်ချက် အပြည့်ထားခဲ့ တယ်၊ ဒီလိုနဲ့ . . . တစ်နေ့တခြား အမြတ်တွေ ထွက်လာတာ တွေ့ခဲ့ရ တာပဲပေါ့"

"ဒီလိုရလာဘ်တွေထဲမှာ မျှော်လင့်တွက်ဆထားတာထက် ပိုဆိုး တာမျိုးကော ကြုံခဲ့ရသလား"

"ကြုံရပြီလား ငါ့လူရယ် . . . ငါ တံငါသည်ကောင်းတစ်ယောက် မဖြစ်ခင်အထိ တောက်လျှောက်ကြုံခဲ့ရတာပေါ့၊ မျှော်လင့်ချက်တွေ၊ ရည် မှန်းချက်တွေ ကြီးကြီးမားမား တစ်ပုံကြီး ထားခဲ့တဲ့ကြားက ကြုံခဲ့ရတော့ ပိုဆိုးတာပေါ့ . . .၊ မှန်းထားတာထက် ပိုတဲ့အတွက်လဲ ပိုစိတ်ထိခိုက် ခဲ့ရတယ် . . စိတ်မချမ်းမသာ ဖြစ်ခဲ့ရသလို အချိန်တွေ ငွေတွေ ရင်းနှီး ထားခဲ့ရတာတွေလဲ သဲထဲ ရေသွန် ဆုံးရှုံးခဲ့ရတယ်လို့ ဆိုရမှာပဲ"

"ခုတော့ . . . ငါဟာ ကျွမ်းကျင်တဲ့ တံငါသည် ဖြစ်ခဲ့ပါပြီ၊ အရှုံး အမြတ်ကို ကောင်းကောင်းချိန်တွက်ထားနိုင်ခဲ့ပြီ၊ ဒီအခါကျတော့လဲ အကြိမ်တော်တော်များများဟာ အံ့သြဝမ်းသာစရာ ရလာဘ်ကောင်းတွေ ထွက်လာတာ တွေ့ရတယ်၊ တစ်ခါတလေ မျှော်လင့်တာထက် ဆုံးရှုံးမှု ကြီးမားတာ ကြုံရပေမယ့် သိပ်မမှုတော့ဘူး၊ ဒါကလဲ ဆုံးရှုံးမှုတိုင်းဟာ ပိုကောင်းတဲ့ ယင်ကောင်လှုလှုလေးတွေ ထပ်လုပ်ဖို့ အခွင့်အလမ်းသစ် တွေ ပေးခဲ့လို့ပါပဲ"

ရစ်ချတ် . . . ဉာဏ်မျက်လုံးပွင့်သွားပါပြီ။ တံငါသည်ကြီးဟာ သူ့အဖေထက် အကြိမ်ပေါင်းများစွာ ထပ်ခါထပ်ခါ အရှုံးနှင့် ရင်ဆိုင်ခဲ့ရ ပေမယ့် စိတ်ဓာတ်မကျခဲ့။ ဒါကပင် သူ့ကို အဆမတန် အောင်မြင်မှု ရစေခဲ့တဲ့ လမ်းစ။ နောက်ပြီး နောက်မဆုတ်တမ်း စိုက်လိုက်မတ်တတ် ပျော်ပျော်ကြီး ဆက်လုပ်ခဲ့တာ လည်း ဖြစ်ပါသတဲ့။





တံငါသည်ကြီးအဖို့ သင်ကြားမှုဟာ တကယ်ပဲ ကစားပွဲဖြစ်ခဲ့ တာပါလား။ စည်းကမ်းချက်တွေကို မသိတဲ့ လူများစုဟာ အနိုင်မရဘဲ လူတချို့သာ အောင်ပန်းဆင်နိုင်ခဲ့တာကိုး။

တံငါသည်ကြီးက ရစ်ချတ်တွေးနေတာတွေကို ရိပ်မိလိုက်ပုံနဲ့ ခုလို ပြောပြန်ပါတယ်။

"ဆယ်ခါမှာ ကိုးခါ အရှုံးပေါ်မယ်ဆိုတဲ့နည်းနဲ့ ချမ်းသာကြီးပွား ရေးကို စီမံကိန်းချပါ၊ ဒီနည်းဟာ အောင်အောင်ရှုံးရှုံး မင်းကို ချမ်းသာမှု ပေးနေမှာပဲ၊ ဆယ်ခါမှာ ကိုးခါအောင်မြင်ရမယ်ဆိုတဲ့စိတ် မွေးမယ်ဆိုရင် တော့ ချမ်းသာမှုနဲ့ လွဲနိုင်တယ်၊ ကံကောင်းထောက်မ,မှ ချမ်းသာလိမ့်မယ်၊ တချို့ တံငါသည်တွေက အဲသလိုလုပ်ကြတယ်၊ သူတို့က ကံကို အားကိုး တယ်၊ ကံကောင်းထောက်မဖို့ စောင့်ကြတယ်၊ သူတို့အတွက်တော့ ဒါဟာ စောင့်မျှော်ရတဲ့ ကစားပွဲသာပဲပေါ့"

ရစ်ချတ်က မှတ်စုရေးချလိုက်ပြန်ပါတယ်။

*၁၅။ "ဂူးဖို့ကျက်ထားပါ"*

မြစ်က ကျယ်သထက်ကျယ်လာပြီး ရေကြောင်းက နှေးနှေးလေး ပဲ ဆက်စီးနေပါတယ်။

တံငါသည်ကြီးက မတ်တတ်ထလိုက်ပြီး ပြောပါတယ်။

"အခု မင်းကို ငါ တစ်ခုမေးမယ်၊ တံငါသည်ကောင်းတစ်ယောက် ဖြစ်ဖို့ မင်း ဘာတွေ သင်ထားခဲ့ရပြီလဲ"

ရစ်ချတ် ဖြေမယ်လုပ်ပြီးမှ နှုတ်ပိတ်နေလိုက်မိပါတယ်။ စင်စစ် တော့ ငါးမျှားကြိုးလေး တစ်ချက်ဝဲပစ်ပြီး ငါးကိုမိတော့ ပြန်ရစ်ရုံကလွဲလို့ ငါးဖမ်းတဲ့ပညာကို ကောင်းကောင်းကြီးမှ မတတ်သေးပဲဥစ္စာ။

သူဟာ ငါးမျှားဖို့ ယင်ကောင်ကို မှားရွေးခဲ့တယ်။ ပြီးတော့ ဘယ်ကောင်ဟာ အကောင်းဆုံးလဲလို့ တံငါသည်ကြီးကို မေးမိတော့မှ အမှန်ကို ရခဲ့တယ်။

ဒီလိုနဲ့ . . . မျက်မှန်ပါရဂူနဲ့ တွေ့ခဲ့တဲ့နောက် ရေးခဲ့တဲ့ မှတ်ချက်ကို သတိရလိုက်ပါတယ်။

*၄။ "မေးပါ၊ မေးဂျင် အဖြေရမယ်"*

"ကျွန်တော် မသိတာရှိရင် မေးရမယ်လို့ သင်ခဲ့ပြီးပါပြီ"

"ဦးလေးကြီးအနေနဲ့ မသိခဲ့တာ (တစ်နည်းပြောရင်) အချိန်ကို ရင်းနှီးရမှန်းသိအောင် ကြိုးစားခဲ့ရတာ ဘယ်လောက်ကြာသလဲ"

"အင်း . . . ငါးနှစ်လောက်တော့ ရှိမယ်၊ မင်းဆိုရင် ဒီအတောအတွင်းမှာ ဘယ်သူတွေကို မေးခဲ့မလဲ"

ရစ်ချတ်က ပြုံးလိုက်ပြီး . . .

"ကျွန်တော်ဆိုရင်တော့ ပြင်းပြတဲ့ ရည်မှန်းချက်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတဲ့ ယင်ကောင်နဲ့ ငါးမျှားတဲ့လူမျိုးကို မေးမှာပဲ"

"ကောင်းမှကောင်းကွာ . . . ရည်မှန်းချက်အပြည့်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်နေတဲ့ လူတွေအများကြီးပါဝင်တဲ့ ကွန်ယက်တစ်ခုမှာ မင်းအချိန်ကို အရင်းပြုလိုက်ခြင်းအားဖြင့် မင်းရဲ့ကြီးပွားချမ်းသာမှုကို အံ့မခန်း အကြီးအကျယ် တိုးပွားစေနိုင်တာ အမှန်ပဲ"

"ဒါဟာ မင်းသိတဲ့အတိုင်း လူချမ်းသာအားလုံး လုပ်ဆောင်ကြတဲ့ လမ်းစဉ်ပဲ၊ မင်းရဲ့ကိုယ်ပိုင်အချိန်ကို ရင်းနှီးမြှုပ်နှံပြီး သင်ကြားရာက မင်းရဲ့ပြင်းပြတဲ့ဆန္ဒနဲ့ အမြင်စွမ်းအားတွေကို တိုက်ရိုက်အထောက်အကူ ပြုနိုင်တဲ့ နည်းပဲပေါ့"





ရစ်ချတ်က ပိုရှင်းအောင် ကြိုးစားလိုက်ပါတယ်။

"ဒီတော့ . . . ဦးလေးကြီးက အဖိုးတန်တာတွေ ဖန်တီးရာမှာ ရည်မှန်းချက်အလျှောက် ဖွံ့ဖြိုးတိုးတက်အောင်လုပ်သူဖြစ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါကလဲ ဦးလေးကြီးရဲ့ ပြင်းပြတဲ့ဆန္ဒနဲ့ အမြင်အာရုံတွေ ရှိထားလို့ဖြစ်တယ်၊ ဒီလိုနဲ့ ပိုက်ဆရာလို ပိုက်သွယ်တဲ့စနစ်တွေ တတ်ကျွမ်းတဲ့ လူတွေနဲ့ ဥယျာဉ်မှူးလို လုပတဲ့ဥယျာဉ်ကြီး ဖန်တီးတတ်သူတွေကို ရှာဖွေခဲ့တယ်၊ ဒီနေရာမှာလဲ . . . ဆန္ဒနဲ့ အမြင်တွေကို အားကိုးပြုခဲ့တာပဲ၊ နောက်ဆုံးတော့ . . . ဝါသနာတူ စရိုက်တူ ရည်မှန်းချက်တူတဲ့ လူချင်းပေါင်းမိခဲ့ကြတာပဲ ဆိုပါတော့"

"ဟုတ်မှဟုတ် . . . အတိအကျပဲ"

"ဒါ့ထက် . . . ကျွန်တော့်ကို ကူညီချင်ခဲ့တာတွေ ဘာကြောင့်ပါလဲ"

"အကြောင်းကတော့ မင်းဟာ ရည်မှန်းချက်အပြည့်နဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရှာကြံနေသူဖြစ်မှန်း သိလိုက်လို့ပဲပေါ့"

ရစ်ချတ် ဘဝင်လေး နည်းနည်းမြင့်ချင်သလို ဖြစ်သွားပါတယ်။

ဒါပေမယ့် . . . သူ့အနေနှင့် လုပ်စရာတွေ တစ်ပုံကြီး ကျန်သေးတယ်။ အပြည့်အဝ မလုပ်ရသေးဘူးဆိုတာ နားလည်ပြီး စိုးရိမ်မကင်းဖြစ်သွားမိတယ်။

"ကျွန်တော် ဒီနေ့လက်ငင်း ချမ်းသာဖို့အတွက် ဘာတွေ လုပ်နိုင်ပါသလဲ"

တံငါသည်ကြီးက တဟားဟားရယ်တယ်။

"မင်းက ကိုးနှစ်သားလေးပဲ ရှိသေးတာဆိုတော့ လူချမ်းသာကြီး

တွေက သူတို့လို ချမ်းသာအောင် မင်းကို ဘယ်လုပ်ပေးနိုင်ပါ့ဦးမလဲကွ"

တံငါသည်ကြီးဟာ ပြောပြောဆိုဆိုနဲ့ လှေနံကို ခေါက်တီးလိုက်ပါတယ်။

"ဒီသစ်သားကို ကြည့် ငါ့လူ၊ အဲဒီမှာ မင်းရှာနေတဲ့ ချမ်းသာမှု ရှိနေတယ်"

သူက လှေကို ကမ်းခြေဘက် ဦးတည့်လိုက်ရာက ရစ်ချတ် လှည့်ကြည့်လိုက်တော့ လှေဆိပ်တစ်ခုကို တွေ့လိုက်ရပါတယ်။



# အခန်း (၇)

## လှေလှော်သူ

တံငါသည်ကြီးက သူ့လှေကို ကမ်းမှာ ထိုးဆိုက်လိုက်တဲ့အချိန်မှာပဲ လူလတ်ပိုင်း လှေလှော်သမားတစ်ယောက်က ပြိုင်ပွဲသုံးတဲ့ လှေအငယ်စားလေးထမ်းပြီး အနားရောက်လာပါတယ်။

"ချာတိတ်ရေ . . . မင်းနေခဲ့ဦး၊ ငါ ဆေးရည်တစ်ပုလင်းလောက် တက်ဝယ်လိုက်ဦးမယ်၊ မင်း အဆင်သင့်ဖြစ်ပြီဆိုရင် ခေါ်လိုက်နော်၊ နောက်ပြီး . . . မင်းကတိကို မင်းမမေ့နဲ့ဦး"

ရစ်ချတ်က လှေဆိပ်က အိမ်တစ်လုံးရှိရာ တက်သွားတဲ့ တံငါသည်ကြီးကို ငေးကျန်ခဲ့တယ်။ ငါက အဆင်သင့်ဖြစ်တာနဲ့ သူ့ကို ခေါ်လိုက်တဲ့၊ ဘာကို ဘယ်တော့ အဆင်သင့်ဖြစ်ရမှာလဲ။

အေးလေ၊ သူ့ဘက်ကတော့ ဘာမဆို အမြဲအဆင်သင့်ပြင်ထားပြီးသားပဲ။ ဒါပေမယ့် . . . တံငါသည်ကြီးဆိုလိုရင်းကို သူ ရှင်းရှင်းလင်းလင်း မသိခဲ့ပါဘူး။ သူ မမြင်နိုင်တဲ့ အကြောင်းကိစ္စတစ်ခုခုတော့ ရှိပုံရပါတယ်။ သူက လှေသမား။ သူ့ရဲ့လှေငယ်ကို ရေထဲချပြီး လှော်တက်တွေ ဆင်နေတာကို သူ ကြည့်လိုက်မိပြန်တယ်။

ရစ်ချတ်က လှေသမားကို စိုက်ကြည့်နေရာက ကမ်းပေါ် ပြန်တက်လာမယ်လို့ နားလည်လိုက်ပါတယ်။ သူက လက်ဆန့်ကမ်းပြီး . . .

"ဟဲလို . . . ကျွန်တော် ရစ်ချတ်ပါ . . . ကျွန်တော့်ကို ကူညီပါလား"

လှေလှော်သမားက ရယ်လိုက်တယ်။

"ဟုတ်လိုက်လေ . . . မင်းက ဘာမှချမ်းသာပုံမပေါ်ဘဲနဲ့ ငါ့ကို ဘယ်လိုကူညီနိုင်မှာမို့လဲကွ"

ရစ်ချတ်လည်း မျက်နှာနီမြန်းသွားရာက ရင်ကော့လိုက်ပါတယ်။

"အိုကေ . . . ခင်ဗျားကို ကျွန်တော် ဘာကူညီရမလဲ"

လှေလှော်သမားက ကမ်းစပ်မှာ ကျောခင်းချလိုက်ရင်းက . . .

"ငါ ရှေ့ဆက် တစ်နာရီလောက် လှော်ရဦးမယ်က . . . ငါ စိတ်ကူးလို့ကောင်းအောင် လုပ်စမ်းပါဦး"

ဒီလိုနဲ့ ရစ်ချတ်က သူ့ဇာတ်လမ်းကို ပြောပြလိုက်တယ်။

"ကျွန်တော့်အဖေက မမာနေတာ၊ တော်တော့်ကို မကျန်းမာဘူး၊ အရမ်းဖျားပြီး အမော့ဆို့နေတယ်၊ ကျွန်တော်က တစ်ဦးတည်းသောသားပြီးတော့ အဖေ့ကို သိပ်ချစ်တယ် . . . အဖေဟာ ပါရမီရှင်တစ်ယောက်





ဖြစ်ပါတယ်၊ ဒါကို သူ့ကိုယ်သူတောင် မသိပါဘူး၊ ကျွန်တော်က သူ့အလုပ်ကို ကူလုပ်ပေးရင်းက သူဘယ်လောက်တော်တယ်ဆိုတာ သိခဲ့ရတာပါ၊ ခုဆို . . . ကျွန်တော်တို့သားအဖ လှပတဲ့ဥယျာဉ်တစ်ခု စိုက်ပျိုးဖို့ အချိန်နဲ့ ရင်းပြီး အတော်ကောင်းတဲ့ ပိုက်သွယ်စနစ်ကို သုံးမယ်လို့ ကြံထားတာပဲ"

"ကျွန်တော် ဒီနေ့အိမ်ပြန်သွားပြီး ကျွန်တော်တို့နဲ့ ထိုက်တန်တဲ့ ချမ်းသာမှုနဲ့ အချိန်တွေကို တန်ဖိုးရှိရှိ သုံးနိုင်တဲ့ ဘဝတစ်ခုကို ဖန်တီးမယ်၊ အချိန်ထက် အဖိုးတန်တာ ဘာမှမရှိတာ သိခဲ့သလို ကျွန်တော့်အတွက် အချိန်ဟာ တန်ဖိုးအရှိဆုံးဖြစ်ခဲ့ပါပြီ . . . အကြီးကျယ်ဆုံးဘဝ မဖြစ်တဲ့တိုင်အောင် ကျွန်တော့်ဘဝကို အဆန်းတကြယ် အလှခြယ်ဖို့ ရည်ရွယ်ထားတယ်"

"တကယ့်ဇာတ်လမ်းကောင်းကြီးတစ်ပုဒ်ပါလားကွ၊ ငါ မြင်ယောင်တယ်၊ အတော့်ကိုလှတဲ့ မြင်ကွင်းပဲ"

ရစ်ချတ်က လှေလှော်သမားကို ငေးကြည့်လိုက်မိသည်။

လှေလှော်သမားက မျက်လုံးဖွင့်ကြည့်သည်။ သူ့မျက်လုံးတွေက တောက်ပမှုတွေနှင့် ရွှန်းစိုနေတယ်။

ရစ်ချတ် . . . စောင်းလှည့်ပြီး တံငါသည်ကြီးရဲ့လှေကို ဖန်သားကဲ့သို့ ကြည်လင်သော မျက်လုံးများဖြင့်ကြည့်ကာ လှေအိမ်ဆီသို့ တက်ပြေးခဲ့ပါတယ်။

သူက ခြေသွက်သွက်ဖြင့် အတော်မြန်မြန်လေး ပြေးခဲ့ခြင်း ဖြစ်ပါတယ်။ သူ အဆင်သင့် ဖြစ်သွားပြီလေ။

"ကျွန်တော် အဆင်သင့်ပဲ၊ ဦးလေးကြီးကို ကူညီနိုင်ပါပြီ"

တံငါသည်ကြီးက မော့ကြည့်ပြီး ပြုံးပြလိုက်ပါတယ်။

"ဆောရီးပဲဗျာ . . . ကျွန်တော် နည်းနည်းနှေးသွားတယ်၊ ဒါပေမယ့် . . . ကျွန်တော် ပညာသင်နေတာပါ . . . ကျွန်တော်ဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေသူတစ်ဦးပါပဲ . . . ဦးလေးကြီးရဲ့ လှေကို ကော်ပတ်စားပြီး အရောင်လည်း တင်ပေးပါ့မယ် . . . ဒီအလုပ်ကို အဖေ့တွက် ကျွန်တော် ခဏခဏ လုပ်ပေးနေကျပါ . . . သူက လက်သမားဆရာပဲ"

"အား . . . ဒါဆို နောက်ဆုံးတော့ မင်းဟာ သစ်သားကို တွေ့ခဲ့ပြီပဲပေါ့"

"ဥယျာဉ်မှူးကြီးက 'တောအုပ်ကို သစ်ပင်တွေက ကြည့်'လို့ ပြောခဲ့တုန်းက ကျွန်တော် ကြားဖူးနေကျအတိုင်း မှတ်ခဲ့တာပါ။ သစ်တောအုပ်ဆိုတာ ပုံကြီးချဲ့ထားတဲ့ မြင်ကွင်းပဲ၊ ခုတော့ အဲဒီစကားဟာ သစ်တောလို့ အဓိပ္ပာယ်ရသလို သစ်သားကို ဆိုလိုမှန်းလဲ သဘောပေါက်ခဲ့ပါပြီ၊ သစ်ပင်တွေက သစ်သားကို ဖန်တီးပေးတာပဲ၊ ဘယ်အချိန်မဆို ဒီအခွင့်အလမ်းကို ဖန်တီးနိုင်ကြတာပဲ"

တံငါသည်ကြီးက ခေါင်းညိတ်တယ်။

"ငါကတော့ သစ်ပင်က သစ်သားဖြစ်လာတာကို သဘောကျတယ်၊ ဒါလဲ မင်း မှတ်ထားသင့်တယ်"


*၁၆။ "သစ်ပင်တွေကကြည့်ရင် သစ်တောကို မြင်ပါ"*

*၁၇။ "အခွင့်အလမ်းဟာ အချိန်တိုင်းမှာရှိတယ်"*

သူက စိတ်ကူးပေါ်တုန်းလေးမှာ ပုံတစ်ပုံ ကောက်ဆွဲထားလိုက်ပါတယ်။







သူက တံငါသည်ကြီးဘက်ကို လှည့်လိုက်ပါတယ်။

"ဒါဆို . . . ကျွန်တော် ကူညီဖို့အသင့် ရှိနေပါပြီ . . . လက်သမားကျော်တစ်ယောက်ဖြစ်အောင် အစပျိုးခဲ့ပါပြီ၊ သစ်တောဆိုတာ ဘာဘယ်လို အဓိပ္ပာယ်ဆောင်တယ်ဆိုတာလဲ မြင်ခဲ့ပါပြီ . . . ရေမရှိဘဲနဲ့ သစ်ပင်သစ်တောတွေ မရှင်သန် မကြီးထွားနိုင်ပါဘူး၊ ကျွန်တော့်အဖေဟာ လက်ဖျားခါလောက်အောင်တော်တဲ့ လက်သမားဆရာ ဖြစ်ခဲ့သလို ကျွန်တော်လဲ သူ့လိုဖြစ်အောင် ကြိုးစားပါတော့မယ် . . . သိတဲ့အတိုင်း သူဟာ ပါရမီရှင်လို့တောင် ခေါ်နိုင်ပါတယ် . . . ဒါပေမယ့် ခုလောလောဆယ် လက်သမားအလုပ်တွေ လုပ်မှာမဟုတ်ပါဘူး၊ လက်သမားကောင်းသာ ဖြစ်ချင်တာပါ . . . ဦးလေးကြီးဆီက နမူနာယူပြီး ကျွန်တော့်အဖေနဲ့ အတူ ဘဝသစ် တည်ဆောက်ဖို့ ကြိုးပမ်းမှာပါ . . ."

"မင်းပြောတာ နှစ်ဘက်အပေးအယူ မျှတမှုရှိလို့ ငါ ဝမ်းပမ်းတသာ လက်ခံပါတယ် . . . လုပ်ခအနေနဲ့ တစ်နာရီ ၅ ဒေါ်လာနှုန်း သတ်မှတ်မယ်လေ၊ ငါ့မှာ လှေသုံးစင်းတောင် ရှိတယ်၊ ဒါပေမယ့် မင်းကို ရှင်းရှင်းလင်းလင်း သိစေချင်တာက . . . ပိုက်ဆံက ငွေပိုက်ကို ဖွင့်ပြီး ရတာမျိုး မဟုတ်ဘူးနော်၊ ဆန့်ပေးလို့ ဆီရသလို . . . အချိန်နဲ့ ငွေနဲ့ လဲလှယ်တဲ့ အလုပ်သဘောသက်သက်ပဲ ရှိလိမ့်မယ်"

"ဒီတော့ အခု မင်းရဲ့အစစ်တကယ် ရင်းနှီးမြှုပ်နှံမှုက အသိပညာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ပဲ . . . ဒါပေမယ့် မင်း ဘယ်တော့မှစမယ်ဆိုတာ စောင့်စရာမလိုဘူး . . . ခုဆိုရင် . . . မင်းမှာ မြင်နိုင်စွမ်းအဆင့်အမျိုးမျိုး ရှိခဲ့သလို ငွေပိုက်တပ်ဆင်ပုံကိုလဲ အာရုံစိုက်တတ်လောက်ပြီ၊ အခွင့်အလမ်းဆိုတာ အချိန်တိုင်းမှာ ရှိတယ်၊ လက်ရှိပစ္စုပ္ပန်မှာရော၊ အနာဂတ်နဲ့ အတိတ်လဲ ပါဝင်တယ်ဆိုတာ မှတ်ထားပါ"





ရစ်ချ်က တံငါသည်ကြီးကို ကျေးဇူးတင်စကားပြောပြီး လှေဆိပ်ဘက် ပြန်ဆင်းလာခဲ့ပါတယ်။

သူက ဒီတစ်နေ့တည်းမှာတင် ကြုံခဲ့တဲ့ အတိတ်ရဲ့အခွင့်အလမ်းတွေကို ပြန်စဉ်းစားမိတယ်။

သူ့အမြင်တွေနဲ့ အာရုံစိုက်သုံးသပ်မှုတွေဟာ ရှင်းလင်းပြတ်သားမှု ရှိခဲ့ရလား။ ဘယ်လိုများဖြစ်နေမလဲ။ သူဟာ စိတ်အားထက်သန်မှုနဲ့ အာသီသပြင်းပြမှုတွေ ကြွယ်ကြွယ်ဝဝနဲ့ အစပျိုးခဲ့မိသလား။ ဘာအခွင့်အလမ်းတွေကို သူ ဖော်ထုတ်နိုင်ဦးမှာလဲ။

တံငါသည်ကြီးရဲ့ လက်လီစတိုးဆိုင်တွေကို သူ သတိရလိုက်ပါတယ်။ အဲဒါတွေအားလုံးက စင်ပေါ်ရောက်နေတာပဲ။ ဥယျာဉ်မှူးမကြီးရဲ့ ခုံတန်းလေးနဲ့ ပိုင်ဆိုင်မှုတွေကိုလည်း တစ်ခုမကျန် မြင်ယောင်လိုက်မိတယ်။ ဒီနောက် . . . ပိုက်ဆရာကြီးရဲ့ ပြင်ဆင်ဝန်ဆောင်မှုတွေနဲ့ အိမ်ရာမြေ ဖွံ့ဖြိုးရေးကုမ္ပဏီအကြောင်းလည်း တွေးမိပါရဲ့။ လက်သမားတစ်ယောက်ရဲ့ လက်သမားလုပ်ငန်းအတွက် အခွင့်အလမ်းတွေက တစ်ပုံကြီးပါပဲ။

ဒီနေ့တစ်ရက်တည်းတင် ချမ်းသာမှုကို ဖန်တီးနိုင်စွမ်းရှိတဲ့ အခွင့်အလမ်းတွေ မနည်းမနော တွေ့ခဲ့ရပေမယ့် . . . သူ အားလုံးကို လက်လွှတ်ခဲ့ရတာပါလား။

"မင်းကြည့်ရတာ သိပ်လောကြီးနေပုံရတယ်"

ရစ်ချ်က လှေလှော်သမားကို ပြန်ကြည့်လိုက်ရာက . . .

"ဟုတ်တယ်၊ ကျွန်တော် လောကြီးမိတယ်၊ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ တစ်သီကြီးပဲလေ၊ ကျွန်တော်အနေနဲ့ သိသင့်တတ်သင့်

တာတွေ သင်ယူခဲ့ပြီးပြီဆိုတော့ အခု လက်တွေ့လုပ်ငန်းစရတော့မယ့် အချိန်ပေါ့၊ သိပြီးပါလျှက်နဲ့ ဘာမှမလုပ်တာဟာ တကယ်သိတာ မဟုတ်သေးဘူး ဆိုကြသမို့လား"

"အလှမ်းကျယ်ရင် အလယ်လပ်ရုံမကဘူး၊ အရှိန်လေး နှေးသွားတတ်တယ်ကွ"

လှေလှော်သူက မှတ်ချက်ချပါတယ်။

"ဘာများပြောလိုက်ပါလိမ့်ခဗျား"

"မင်းအဖို့ ဒါတစ်ချောင်းတော့ လိုအပ်တယ်"

လှေလှော်သူက သူ လှော်တက်တစ်ချောင်းကို မြှောက်ပြတယ်။ ရစ်ချ်က လှော်တက်နဲ့ လှေသမားကို တစ်လှည့်စီ ကြည့်ပြီး လှော်တက်ကို ပြန်ကြည့်မိတယ်။

"ခင်ဗျားဟာ ကျွမ်းကျင်တဲ့ လှေလှော်သမား ဖြစ်လာတဲ့အချိန်မှာ ဘာတွေ ကြုံရသလဲ"

"ကောင်းပြီ . . . ငါ လှေလှော်စမှာ သန်းပေါင်းများစွာရအောင် လုပ်နည်းကို သင်ကြားခဲ့ရတယ်၊ ကျွမ်းကျင်တဲ့ လှေလှော်သမား ဖြစ်လာတော့ သန်းချီနေတဲ့ ဒီငွေတွေကို သိမ်းဆည်းပုံတွေ ထပ်သင်ခဲ့ရတယ်၊ မင်းအနေနဲ့ သိပ်အလျင်စလိုနိုင်လွန်းရင်တော့ ရှေ့မတိုးဘဲ နောက်ဆုတ်သွားသလို ချမ်းသာမှုနဲ့ ပိုဝေးသွားနိုင်တယ်၊ ကြီးပမ်းသလောက် အရာမထင်ဘဲ ခြေကုန်လက်ပမ်း ကျသွားမယ် . . . ကြီးပွားချမ်းသာရေးမှာ နရီစည်းချက်တစ်ခု ရှိတယ်ကွ"

"ကြီးပွားချမ်းသာရေးနရီ . . . ဟုတ်လား"

"မင်းအဖို့ ချမ်းသာမှုဆိုတာ တကယ်ရှိနေတာကို ပထမ မြင်





လိုက်ပြီဆိုတာနဲ့ နေရာအနှံ့အပြားမှာ အခွင့်အလမ်းတွေကို မြင်ရတော့မှာပဲ၊ တကယ်လို့ မင်းဟာ နရီစည်းချက်တစ်ခုနဲ့ လိုက်မလုပ်ဘူးဆိုရင် မင်း ရုန်းကန်လှုပ်ရှားရင်း နစ်မွန်းသွားမယ်၊ ကြိုးပမ်းမှုတွေ အလဟဿဖြစ်ပြီး ပျက်ပြားသွားမယ်၊ ဒါမှမဟုတ် . . . ခြေကုန်လက်ပမ်း ကျသွားမယ်"

ရစ်ချ်က သူပြောတာတွေကို မှတ်မယ်အပြင်မှာပဲ လှေလှော်သမားကြီးက လှော်တက်ကို ပြန်ကိုင်လိုက်ပါတယ်။

"ချမ်းသာမှုကိုတွေ့ပြီး မကြာခင်မှာ ဒါကို မင်းကိုင်ရမှာပဲ"

"လှော်တက်၊ ဟုတ်လား"

"လိုတိုးပိုလျှော့ အရှိန်ထိန်းကိုရိယာဆိုရင်လဲ မမှားဘူးပေါ့ . . . ကုပ်လိုပဲ အားနည်းနည်းလေး ထည့်ရုံနဲ့ အကြီးအကျယ် ခရီးရောက်တာကို၊ ချမ်းသာမှုကို ဖန်တီးဖို့အတွက် မင်းရဲ့လုံ့လဝီရိယ၊ မင်းရဲ့အချိန်၊ မင်းရဲ့ငွေတွေကို ဘယ်လိုအလျှော့အတင်းလုပ်ပြီး ထိန်းကျောင်းရမလဲ ဆိုတာ သင်ကြားနားလည်ထားရမယ် . . . အလားတူပဲ တခြားလူတွေရဲ့ လုံ့လ၊ အချိန်၊ ငွေတွေကို လိုသလိုထိန်းနိုင်ရမယ်"

ရစ်ချတ်ဟာ ဒီအချက်ကို ပိုက်ဆရာကြီး သူ့ရဲ့လုပ်ငန်းခွဲက အစုစပ်တွေနဲ့ လက်တွဲလုပ်ကိုင်ပုံကို သိမြင်ခဲ့ရသလို . . . ဥယျာဉ်မှူးမကြီးရဲ့ မြေယာစီးပွားရေးနဲ့ ကွန်ယက်လုပ်ငန်းတွေကို ထိန်းကျောင်းခဲ့တာလည်း ပြန်တွေးမိပါတယ်။ ဒီ့အပြင် သူကိုယ်တိုင်တောင် တံငါသည်ကြီးဆီက ပညာတွေနဲ့ အရှိန်ကို ဘယ်နည်းနဲ့ ထိန်းရတယ်ဆိုတာ သိပြီး ငါးတစ်ကောင် ဖမ်းမိခဲ့သေးတာပဲ မဟုတ်လား။

သူတို့ဟာ တခြားလူတွေရဲ့ ကြိုးပမ်းချက်၊ အချိန်တွေ ငွေတွေ

စတဲ့ ကူညီပံ့ပိုးမှုမပါဘဲနဲ့ ချမ်းသာကြွယ်ဝမှုရအောင် လုပ်နိုင်မှာမဟုတ်ဘူးဆိုတာလည်း နားလည်သဘောပေါက်လိုက်ပါတယ်။

ဒါနဲ့အမျှ . . . ဆက်သွယ်ရေးအဆင့်အတန်းနဲ့ ပတ်သက်လို့ မျက်မှန်ပါရဂူကြီးရဲ့ အကြံဉာဏ် တကယ်အရေးကြီးမယ်ဆိုတာလည်း ပိုပြီးလက်ခံလာမိပါတယ်။

သူတို့တစ်ဦးချင်းဟာ လူတွေကို အသိအမြင်တွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခဲ့တဲ့ အကျိုးဆက်အားဖြင့် သူတို့ရဲ့ စွမ်းအားတွေကို လိုသလို ထိန်းသိမ်းအသုံးပြုနိုင်ခဲ့ပါတယ်။ ရစ်ချ်ကိုယ်တိုင်လည်း အရှိန်စွမ်းအားကို ထိန်းလိုလာပါတယ်။

လေ့လှော်သမားကြီး ဆက်ပြောတာက . . .

“ဒါပေမယ့် . . . စွမ်းအားကိုထိန်းတဲ့ သော့ချက်က ဒီတက်လိုပဲ၊ မသုံးတတ်ရင် ဘာမှအဖိုးတန်မှာ မဟုတ်ဘူး၊ လွဲမှားတဲ့နည်းကို သုံးမိပြန်ရင် မင်းကိုယ်တိုင် အမောပဲ အဖတ်တင်ရုံမက တခြားလူတွေရဲ့ လုံ့လဝီရိယ၊ အချိန်နဲ့ ငွေတွေ အကျိုးမဲ့ဖြစ်ကုန်မယ်”

ဒီလိုနဲ့ ရစ်ချ်က ကောက်ရေးချလိုက်ပါတယ်။

*၁၈။ “အချိန်စွမ်းအားကိုထိန်းတဲ့ သော့ချက်ဟာ မင်းရဲ့ကိုင်တွယ်မှုပေါ် မူတည်တယ်”*

လေ့လှော်သမားက ဘေးဖယ်ပေးပြီး ရစ်ချ်ကို လှော်တက်ခွင်မှာ ဝင်ထိုင်ဖို့ မေးငေါ့ပြလိုက်ပါတယ်။

ရစ်ချ်က လှော်တက်တွေကို ယူပြီး လှော်ရင်းနဲ့ လေ့လှော်သမားပြောတဲ့ဇာတ်လမ်းကို နားထောင်နေခဲ့မိပါတယ်။

“ငါ လေ့စလှော်တတ်ပြီး မကြာခင်မှာပဲ အပန်းဖြေ ခရီးသွား





လုပ်ငန်းကုမ္ပဏီတစ်ခုကို တည်ထောင်လိုက်တယ်၊ ငါက အလည်အပတ်ထွက်ရတာ ကြိုက်သလို . . . လူတွေကို နိုင်ငံရပ်ခြားက ကြည့်စရာရှုစရာရှိရာ ကမ္ဘာအနှံ့ လိုက်ပို့ပေးရတဲ့ ကုမ္ပဏီတစ်ခုအဖြစ်ကို မှန်းဆခဲ့တယ်”

“ဒီနေရာမှာ အရှိန်ကို ထိန်းနိုင်တဲ့စွမ်းအားကို တွေ့ရှိခဲ့သလို . . . ဘဏ္ဍာငွေကြေး ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ခဲ့တယ်၊ မန်နေဂျာတွေခေါ်သလို အစုရှယ်ယာဝင်တွေ စုဖွဲ့ပြီး ကမ္ဘာတစ်လွှားက ခရီးသွားလုပ်ငန်း အေဂျင်စီတွေနဲ့ ညှိနှိုင်းသဘောတူချက် ရယူတယ်၊ ငါးနှစ်လောက်သဲသဲမဲမဲ လုပ်လိုက်ရာက အံ့သြစရာကောင်းတဲ့ နှုန်းနဲ့ ကုမ္ပဏီဟာ တိုးတက်ခဲ့တယ်”

“လူလဲ တော်တော်လေးပန်းသွားတယ်၊ ဒါပေမယ့် . . . ငါဆက်လုပ်တာပဲ၊ စီမံခန့်ခွဲမှုတွေနဲ့ ပြဿနာတွေကြောင့် အချိန်အများကြီး ကုန်ခဲ့ရတယ်၊ ရင်းနှီးငွေတွေကို ထပ်မြှင့်ပြီး ဝန်ထမ်းတွေ တိုးခန့်ခဲ့တယ်၊ တို့ဟာ တကယ့်ကို လုပ်ငန်းကို ချဲ့ထွင်ခဲ့တာပေါ့၊ ဒီနောက် ခရီးသွားလုပ်ငန်းဈေးကွက်ဟာ ပျက်မတတ် ကျဆင်းသွားတယ်၊ တို့အနေနဲ့ အဆမတန်ချဲ့ထားမိလျက်သား ဖြစ်နေပါရော၊ တို့မှာ ကြွေးတွေ ပတ်လည်ဝိုင်းသွားသလို၊ ဝန်ထမ်းလခပေးစရာလဲ အပုံကြီး၊ လုပ်ငန်းကတော့ ပြန်ကောင်းမလာဘူး၊ ငါလဲ ချုံးချုံးကျ ပက်လက်လန်သွားတာပဲ၊ ဒီလိုနဲ့ ကုမ္ပဏီကို ပိတ်ပစ်လိုက်ရတယ်”

ရစ်ချ်က ဒီအသံမျိုး မကြားချင်ပါဘူး၊ ဒီအသံတွေဟာ တံငါသည်ကြီးရဲ့ အန္ဒုံးတွက်ထားပုံမျိုးလို အားတက်စရာ မကောင်းလှတာတော့ အမှန်ပဲ။

ဒီနောက်မှ ရစ်ချ်က လှေလှော်သမားကြီး တကယ်အလုပ်ဖြစ်ခဲ့တဲ့အကြောင်း မဟုတ်သေးပါလားလို့ နားလည်လိုက်တယ်။

သူဟာ ရှုံးဖို့တွက်မထားမိသေးတာနဲ့အမျှ ရှုံးလိုက်တာနဲ့ တစ်ချီတည်း ပွဲသိမ်းသွားတာကိုး။

လှေလှော်သမားကြီး ဆက်ပြောတဲ့စကားတွေကတော့ . . .

"ဒီလိုအဖြစ်ဆိုးကြုံလိုက်ရတာ ငါ့အတွက်တော့ သိပ်ကောင်းသွားတယ်၊ လှေလှော်သမားကောင်းတစ်ယောက်ဖြစ်ဖို့ စဉ်းစားစရာတွေပေါ်လာစေတယ်၊ ငါ လှေလှော်စတုန်းက ဒီလှော်တက်တွေရဲ့ စွမ်းအားကို တအံ့တသြ ဖြစ်ခဲ့ရတယ်၊ တစ်ဖက်ကလဲ ထိန်းကိုင်ဖို့ ခဲယဉ်းတာ တွေ့ခဲ့ရတယ်၊ ငါ ခပ်ပြင်းပြင်းလေး ဆောင့်လှော်လိုက်လေ လှေက ပိုယိမ်းလှုပ်သွားလေဆိုတော့ မှန်မှန်လေး လှော်ခဲ့မိတယ်၊ အလျင်လိုမှ အနှေးဖြစ်ဆိုသလို အားစိုက်လှော်ခါမှ လက်ပမ်းကျရုံမက ဘာမှအကျိုးမဖြစ်တဲ့အဖြစ်မျိုး ကြုံခဲ့ရတာပဲ"

"ငါ ကျွမ်းကျင်တဲ့ လှေလှော်သမားဖြစ်လာတဲ့အခါကျတော့ ထူးဆန်းတာတစ်ခု တွေ့လာရတယ်၊ အဲဒါကတော့ . . . လှော်တက်ကို မြှောက်ထားတဲ့အခါမှာဟာ ရေထဲနှစ်ပြီး လှော်တဲ့အချိန်ထက် ပိုအရေးကြီးတယ်ဆိုတဲ့အချက်ပေါ့"

ရစ်ချ်က လှေလှော်သမားကြီးကို အထူးအဆန်းလုပ်ပြီး ကြည့်လိုက်မိတယ်။ ပြီးတော့ သံယောင်လိုက်ပြီး . . .

"လှော်တက်ကို မြှောက်ထားတဲ့အချိန် . . . ဟုတ်လား"

"မင်းအဖေလေ၊ သူဟာ သူ့သက်တမ်းမှာ အရှိန်နဲ့စွမ်းအားကို ထိန်းညှိမှုတွေ သိပ်မလုပ်ခဲ့ဘူးလို့ ငါ မှန်းမြင်မိတယ်"





"အစစ်ပဲ၊ မရှိသလောက်ပဲ"

"ဒါဆို ဟုတ်ပြီ၊ အဲဒီတော့ သူ ဆက်တိုက်လှော်တာဟာ ချွေးဒီးဒီးကျပြီး လက်ပမ်းကျ ကြွက်တက်ရုံပဲ ရှိတော့တာပေါ့၊ ငါ ထင်တယ်၊ မင်းအဖေဟာ သူ့လက်တွေနဲ့ လှော်တာဖြစ်မယ်လို့"

ရစ်ချ် မေးခွန်းကို သဲသဲကွဲကွဲ နားမလည်လိုက်ပေမယ့် . . . ခေါင်းညိတ်အဖြေပေးလိုက်မိပါတယ်။

လှေလှော်သမားကြီးက ရစ်ချ်ရဲ့ မှတ်စုစာအုပ်ထဲမှာ ၀ (သုည)က ၂၀ အထိ စကေးကွက်လေး ဆွဲလိုက်တယ်။ နောက်ပြီးတော့ . . .

"မင်းအဖေဟာ သူ့ကိုယ်သူ အသုံးချတာကို သူ့အလုပ်သူ လုပ်တယ်ပဲ ပြောကြပါစို့၊ ဒီလိုအသုံးချရာမှာ သူလုပ်နိုင်စွမ်းရှိတဲ့ အင်အားထဲက ဘယ်လောက်များများ ထုတ်သုံးခဲ့သလဲ"

ရစ်ချ်က လှေလှော်ရပ်ပြီး ၆ ဂဏန်းကို ဝိုင်းပြလိုက်ပါတယ်။

"သူဟာ အချိန်အတော်များများ ခြေပစ်လက်ပစ် ထိုင်ကျသွားတဲ့အထိ လုပ်တာ၊ အတော့်ကို ပင်ပင်ပန်းပန်းလုပ်တာပဲ၊ ဒါပေမယ့် . . . သူ့လုပ်နိုင်စွမ်းအပြည့်တော့ မဟုတ်သေးပါဘူး"

"အိုကေ . . ကဲ . . . မင်းပြတဲ့စကားအရပဲ သူ လုပ်နိုင်စွမ်းရှိသလောက်ရဲ့ တစ်ဝက်ကျော်ကျော် လုပ်ခဲ့ရာက . . . သူ အနားယူချိန်မှာကော အေးအေးဆေးဆေး ပျော်ပျော်ပါးပါး ရှိရဲ့လား။ စိတ်လွတ်ကိုယ်လွတ်နေပြီး အပြည့်အဝ အပန်းဖြေနိုင်သလား"

ရစ်ချ်က ကိုယ်ကိုကိုင်းပြီး နံပါတ် '၄' ကို ဝိုင်းပြလိုက်ပါတယ်။

"သူဟာ အလုပ်ဒဏ်ပိလာတာနဲ့ အိမ်ပြန်ရောက်တဲ့အခါ အပန်းဖြေချိန် သိပ်မရခဲ့ပါဘူး။

"အေး . . . အဲဒါ ငါလိုချင်တဲ့ ပွိုင့်ပဲ၊ သူ့ရေချိန်က '၄' လောက်မှာပဲရှိတယ်ဆိုတာ ပြန်ပြီးအားဖြည့်ရာမရောက်ဘူး၊ အချိုးမညီဘူးပေါ့၊ ဒီတော့ . . . အလုပ်ပြန်သွားရတဲ့အခါကျတော့လဲ မအီမလည်ကြီးနဲ့ စိတ်မောလူမောနဲ့ပဲ သွားရတော့မယ်၊ ဒီတော့ အင်အားကို ထိန်းညှိမှု စလုပ်မယ်ဆိုရင် . . . ဒီစကားတွေကို ဆယ်ဆလောက် တိုးတွက်ဖို့လိုတယ်၊ ငါ ခရီးသွားကုမ္ပဏီထောင်တုန်းက နေ့တိုင်း လျှာထွက်မတတ် ပြေးလုပ်ခဲ့တယ်၊ လှေလှော်တော့လဲ အချက်တိုင်းမှာ အင်စိုက်အားစိုက် လှော်ခဲ့တယ်"

"ခု . . . ကျွမ်းကျင်တဲ့ လှေလှော်သမားဖြစ်တော့ နပ်သွားပြီပေါ့ကွာ . . . လှော်တက်မြှောက်ထားတုန်းမှာ အပန်းဖြေရင်းနဲ့ အားပြန်မွေးဖို့ နားလည်ခဲ့တယ် ဆိုပါတော့ . . . ဒီတော့ နောက်တစ်ချက် ထပ်လှော်ဖို့အတွက် အားပိုကောင်းသလို ပြင်ဆင်မှုလဲ ပိုရခဲ့တာပဲ . . . ဒါကြောင့်လဲ အပန်းဖြေ အားမွေးတယ်လို့ ခေါ်ကြတာပေါ့၊ ဒီ့ထက်အရေးကြီးတာက . . . ငါ့လှော်တက်ဟာ ရေထဲချလှော်တဲ့အချိန် နည်းလေလေ ငါသွားရာမှာ ပိုမြန်လာလေ ကြုံရတာပဲ . . . ဒီတော့ . . . ရေထဲမှာနေချိန် အပြင်မှာ တစ်ဝက်လောက်သာ အားစိုက်ရုံနဲ့ အဲဒီ့ထက်နှစ်ဆလောက် ခရီးတွင်အောင် အမြန်နှုန်းရခဲ့တယ်ဆိုရမှာပဲ"

"ခုဆို . . . ငါဟာ စွန့်စားရတဲ့ အားကစားကုမ္ပဏီတစ်ခု၊ ခရီးသွားလုပ်ငန်း အေဂျင်စီတစ်ခုနဲ့ အပန်းဖြေစခန်းတစ်ခု ပိုင်ဆိုင်နေပြီ . . . တစ်လမှာ တစ်ပတ်လောက် ငါ အလုပ်လုပ်တယ်၊ ကျန်တဲ့အချိန်တွေမှာ ခရီးထွက် အပန်းဖြေပြီး ချိန်ခွင်လျှာညီနေတဲ့ဘဝမှာ အံ့သြလောက်အောင် ပျော်ရွှင်နေရပါပြီ၊ ငါ့ကိုယ်ငါ အသုံးချတဲ့အချိန်မှာ အပြည့်အဝ ခွန်အား






သုံးတယ်၊ အနားယူ အပန်းဖြေပြီဆိုတော့လဲ လုံးဝအနားယူ အပန်းဖြေလိုက်တာပဲ . . . ဘယ်လိုစိမ်ခေါ်မှုပဲဖြစ်ဖြစ် ငါ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့တယ်၊ ငါ အပတ်စဉ် လစဉ် ကြိုတင်ပြင်ဆင်မှု၊ အကောင်အထည်ဖော်မှုနဲ့ ပြန်လှန်သုံးသပ်မှုတွေ လုပ်ခဲ့တယ် . . . ဒါဟာ ငါ့ရဲ့ချမ်းသာမှုကို လျှော့ကျ မသွားအောင် ထိန်းနိုင်ခဲ့တဲ့ နရီစည်းချက်တစ်ခုပဲပေါ့"

ရစ်ချ်က သူ့အဖေအကြောင်းတွေးရင်းနဲ့ အားရပါးရ ခေါင်းညိတ်ထောက်ခံလိုက်ပါတယ်။ ပြီးတော့ . . . ဒီလိုရေးချလိုက်ပါရော။

*၇၉။ "မကျအောင်ထိန်းထားတဲ့ ချမ်းသာမှုနောက်မှာ စည်းချက်ကျနမှု ရှိတယ်"*

ပြီးတော့ သူလိုချင်တဲ့ စံချိန်စံညွှန်း စကေးကွက်တစ်ခုလည်း ရေးဆွဲမိတယ်။



သူတို့နှစ်ယောက်သား တအောင့်ကြာ ဆက်ထိုင်ပြီး လေညင်း ခံနေလိုက်ကြတယ်။ မြစ်ကြောင်းက သူတို့ကို ပိုဝေးတဲ့ ပင်လယ်ဝဆီ သယ်ဆောင်သွားပါတယ်။

ရစ်ချ်က အိပ်ရာထဲလဲနေတဲ့ သူ့အဖေအကြောင်းကို စဉ်းစားနေမိလေရဲ့။

"ဒါဖြင့် . . . ကျွန်တော်တို့ အလုပ်မလုပ်ဘဲ နားနေတာဟာ အလုပ်လုပ်သလောက် အရေးကြီးတယ်လို့ ဆိုရမှာလား"

လေ့လျော့သမားကြီးက ခေါင်းခါပြတယ်။

"ပိုအရေးကြီးတယ်လို့ ပြောချင်တာကွ၊ မင်းအမြင်သန်လာလို့ အာရုံစိုက်ပြီး သုံးသပ်ကြည့်နိုင်မယ်ဆိုရင် . . . မင်းရဲ့အကောင်းဆုံးအလုပ်ဟာ အလုပ်မလုပ်ဘဲ ရပ်ထားတဲ့အချိန် ဖြစ်မှာပဲ၊ ဒါပေမယ့် မင်း မှတ်ထား ရစ်ချ် . . . ချမ်းသာတဲ့လူတွေဟာ အလုပ်မလုပ်ကြတော့ဘူး . . . သူတို့ဟာ သူတို့အာရုံကျရာ ဆန္ဒပြင်းရာနောက်ကိုပဲ နောက်ယောင်ခံလိုက်လေ့ ရှိတာပဲ"

ရစ်ချ်လည်း ရေထဲဆင်းကနေတဲ့ ပိုက်ဆက်သမားနဲ့ ပျော်ပွဲစားထွက်တဲ့ ဥယျာဉ်မှူးအကြောင်း တွေးမိလိုက်တယ်။ အမှတ်တမဲ့ ကြည့်ရင်တော့ ဒီလိုနေတာဟာ . . . သူတို့ရဲ့ချမ်းသာမှုကို အထောက်အကူပြုမယ်လို့ မထင်ရဘူး၊ ဒါပေမယ့် . . . သူတို့ကတော့ အေးအေးသက်သာ နေနေကြတာကလား။


သူတို့ကိုယ်သူတို့ ဂရုတစိုက် ပျိုးထောင်ရင်းနဲ့ သူတို့ဟာ ပိုချမ်းသာလာကြတယ်။ သူတို့ဟာ ၂၀ စံချိန်ပြည့် အပန်းဖြေ အနားယူနေကြတာပါပဲ။ ပြီးတော့ . . . သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ





အချိန်ပြန်ရင်းဖို့လည်း ၂၀ ရာခိုင်နှုန်း အပြည့်သုံးနိုင်ကြတယ်လေ။ သူတို့ဟာ ၂၀/၂၀ အချိုးညီအမြင်ရှိခဲ့ကြတယ် ဆိုရမှာပေါ့။

သူ ပုံဆွဲလိုက်တယ်။



ရစ်ချ် လေထဲ လွင့်မျောလာကဲ့ ပုလွေသံတစ်သံ ကြားလိုက်ရတယ်။

သူတို့ဟာ မြစ်ဝကို ရောက်လာရာက ပင်လယ်ကမ်းခြေပေါ်က လေသာဆောင်ကြီးပါပဲ။ သစ်သားစံအိမ်လေးတစ်လုံးကို လှမ်းကြည့်မိကြတယ်။ အမျိုးသမီးလေးတစ်ယောက်က ပင်လယ်ဘက်လှည့်ပြီး ပုလွေမှုတ်နေတာပဲ။

လှေလှော်သမားက ရစ်ချ်ကို ပြောလိုက်တယ်။

"အဲဒါ ဂီတသမားပဲ၊ မင်း တကယ်ချမ်းသာတဲ့ အတွေ့အကြုံတွေ လိုချင်ရင် သူနဲ့ သွားစကားပြောကြည့်ပါလားလို့ ငါ အကြံပြုချင်တယ်"

ပုလွေသံကို နားစွင့်ရင်းက ဥယျာဉ်မှူးမကြီး ပြောခဲ့တာကို ရစ်ချ် အမှတ်ရလိုက်ပြန်တယ်။

*၇၇။ "မင်းရဲ့ မြင့်မြတ်တဲ့ဆန္ဒဟာ*
*မင်းရဲ့ လမ်းညွှန်ကြယ်ပါပဲ"*

ရစ်ချ်က လှေလှော်သမားဘက် မျက်နှာမူလိုက်ပြီး . . .

"အိုကေ . . . ဒါ ကျွန်တော့်ရဲ့ ဖုန်းနံပါတ်ပါ . . . ဦးလေးရဲ့ လှေကို ကော်ပတ်စားပြီး အရောင်တင်ပေးခွင့်ရမယ်ဆိုရင် ကျွန်တော် တကယ်ဝမ်းသာမှာပါ"

လှေလှော်သမားက ပြုံးလိုက်တယ်။

"ကောင်းပြီ၊ ကျေးဇူးပါပဲ၊ ငါ့မှာ လှေအိမ်တစ်လုံးနဲ့အပြည့် လှေတွေ ရှိထားတာ၊ ချေးချွတ်ပြီး အရောင်တင်ရဦးမယ်၊ မင်း ခရီးဆက် အကူအညီတောင်းဖို့ လိုဦးမယ်ထင်ပါရဲ့ . . . သွားပေဦးတော့"



# အခန်း (၈)

## ဂီတပညာရှင်

ရစ်ချ်ဟာ ရှုမျှော်ခင်းအိမ်လေးပေါ် တက်သွားမိတယ်။

"ဟိုင်း . . . ကျွန်တော် ရစ်ချ်ပါ၊ ကျွန်တော်ဟာ သစ်သားတွေနဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှု လုပ်နိုင်သလို . . . မမရဲ့ တပည့်တစ်ဦးဖြစ်ဖို့လဲ နှစ်နှစ်သက်သက် လိုလားပါတယ်"

ဂီတပညာရှင်မမက ရယ်လိုက်တယ်။

"ဩ . . . လက်စသတ်တော့ မင်းက စွန့်ဦးတီထွင်လုပ်ငန်းရှင်ပေါက်စလေးကို . . . ကံမကောင်းတာက ဒီစံအိမ်ဟာ မမအိမ်မဟုတ်တာပဲ၊ ဒါပေမယ့် မမရဲ့ပုလွေလေးကိုတော့ အရောင်တင်နိုင်ပါတယ်"

ရစ်ချ် ထိုင်ချလိုက်ရာက ပင်လယ်ပြင်ကို မျှော်ကြည့်နေလိုက်

တယ်။ ပင်လယ်ကြီး ဘယ်လောက်ကြီးတယ်ဆိုတာ အရင်က သူ မသိခဲ့ပါဘူး။

"ကျွန်တော့်မြင်နိုင်စွမ်းအားကို မမကို ပြောပြရမလား"

ရစ်ချ်က စကားစလိုက်ပါတယ်။


ဂီတပညာရှင်မလေးက သူ့ပုလွေက လေချွန်သံလေးတစ်ချက် ထုတ်လိုက်ပြီး ပုလွေကို ချလိုက်ရာက . . .

"မမကို ပုံဆွဲပြလေကွာ . . ."

ဒီနောက် . . . မိနစ်နှစ်ဆယ်လောက် သူက ပုံဆွဲနေတုန်းမှာ ပုလွေမယ်မမက သူ့ပုလွေလေးကို ဆက်မှုတ်နေခဲ့တယ် ဆိုပါတော့။







"ဒါဆိုရင် . . . မင်း ဘာကြောင့်ဆုံးရှုံးနိုင်မလဲဆိုတာ ပြောပါဦး"

ရစ်ချ် စဉ်းစားရပါပြီ။ သူ ဆုံးရှုံးတယ်ဆိုရင်လည်း အမှားလုပ်မိလို့ မဟုတ်ဘဲ ဆုံးရှုံးမှုအတွက် ထည့်မတွက်လို့ပဲ ဖြစ်ရမယ်။ သူ့အနေနဲ့ အချိန်နဲ့ ငွေကို အလကား လေလွင့်ဖြုန်းတီးပစ်မှာ မဟုတ်လို့လည်း ရှုံးနိုင်ခြေ သိပ်မရှိပါဘူး၊ ပြီးတော့ . . . စည်းချက်ကျကျ လျှော့သွားမယ့်အတွက် မမြန်လွန်း မနှေးလွန်းပဲ ပုံမှန်ရွေ့လျားသွားမှာ ဖြစ်တာကြောင့်လည်း ထိခိုက်ဆုံးရှုံးမှု မရှိနိုင်ပါဘူး။

"ကျွန်တော် မသိဘူးခဗျ၊ ကျွန်တော် ဘယ်လိုလုပ် ရှုံးမှာလဲ"

"မင်း နွေဦးပေါက်မှာ အပင်စိုက်ရင်၊ ဒါမှမဟုတ် ဆောင်းဦးပေါက်မှာ ရိတ်သိမ်းရင် ရှုံးသွားမယ်၊ ပြီးတော့ . . . စည်းကိုက်ဝါးကိုက် သံစဉ်ပြေပြစ်ညီညွတ်မှု မရှိရင် အသံမချောရင် မင်းရှုံးလိမ့်မယ်"

သူမက ရစ်ချ်ကို ကြည့်လိုက်ပါတယ်။ မျက်လုံးထဲမှာ ထူးဆန်းတဲ့ အရောင်တွေ တဖျပ်ဖျပ်ထွက်နေတာ တွေ့လိုက်ရတယ်။

"ကဲ . . . ပြောစမ်းပါဦး ရစ်ချ်၊ မင်း အချိန်အကြောင်း ဘာတွေ ဘယ်လောက်သိပြီးပြီလဲလို့"

"ကျွန်တော် သိသလောက်တော့ ကျွန်တော်တို့ ချမ်းသာတဲ့လူတွေဟာ အချိန်ကို ငွေထက် ပိုတန်ဖိုးထားတာရယ်၊ အချိန်ဟာ အဖိုးတန်လွန်းလို့ လေးလေးစားစား ဂရုစိုက်ရမယ်လို့ပါပဲ၊ အချိန်ကို အလဟဿ ဖြုန်းတာမျိုး ကျွန်တော် မုန်းတယ်"

ပုလွေရှင်က သဘောတူတဲ့အနေနဲ့ ခေါင်းညိတ်ပြီး . . .

"အချိန်ဟာ ငွေနဲ့ နှိုင်းလို့ယှဉ်လို့ မရတာ အမှန်ပေါ့၊ ငွေဆိုတာက သုံးပစ်လိုက်လို့ ကုန်သွားရင် ပိုရအောင် ပြန်ရှာလို့ရသေးတယ်၊ အချိန်ကျတော့ ကုန်သွားတာနဲ့ အစားပြန်မရတော့ဘူး၊ ဒီတော့ . . . အချိန်ဟာ အဖိုးတန်ဆုံး ကိုယ်ပိုင်ပစ္စည်းတစ်ခုဖြစ်ပြီး နားလည်မှုအပြည့်နဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ရတယ်"

ဒီတွင် ရစ်ချ်က သူ့စာရင်းထဲ ထည့်မှတ်လိုက်တာပါပဲ။

*၂၀။ "အချိန်ဟာ အဖိုးတန်ဆုံး*
*ကိုယ်ပိုင်ပစ္စည်း*

ရစ်ချ်က ဆက်မေးလိုက်ပါတယ်။

"ဒီတော့ . . . အချိန်အကြောင်း ပိုနားလည်အောင် မမက ဘာတွေ ထပ်သင်ဦးမှာလဲ"

ဂီတပညာရှင်မမက ပင်လယ်ဘက် မျှော်ကြည့်လိုက်ရင်းက . . .

"အချိန်မှာ မွေးရန့်တွေ ရှိတယ်၊ ဒါကို အမိအရ ရှုမိအောင် ကြိုးစားတာနဲ့အမျှ မင်းချမ်းသာဖို့ သေချာသွားတာပဲ"

သူမက ခေတ္တရပ်လိုက်ပြီး . . .

"မင်းကို မမပြမယ်၊ လှိုင်းတွေကို ကြည့်လိုက်စမ်း"

ရစ်ချ် လှိုင်းတွေကို ကြည့်နေလိုက်တယ်။

လှိုင်းတွေ တလိမ့်ချင်း တက်နေတာ တွေ့ရတယ်။

ပုလွေရှင်က စကားဆက်တယ်။

"လှိုင်းတွေနဲ့အတူ လိုက်အသက်ရှူကြည့်လိုက်စမ်း"

ရစ်ချ်က လှိုင်းရေတွေ ပြန်လျော့ကျသွားချိန်မှာ အသက်ရှူသွင်းလိုက်ပြီး ကမ်းခြေပေါ် လှိုင်းလုံးတွေ ပြန်တက်ရိုက်လာတဲ့အခါ အသက်ရှူထုတ်နေပါတယ်။

ပုလွေရှင်က သူ့ပုလွေလေးကို လှိုင်းအတက်အကျကြားထဲမှာ အသံစဉ်ကို အတက်အကျနဲ့ ပြေပြေချောချောလေး မှုတ်ပြနေခဲ့တယ်။

ရစ်ချ် . . . လှေလှော်သမားကြီးရဲ့အသံကို ကြားယောင်လိုက်မိပါတော့တယ်။

*၇၉။ "မကျအောင်ထိန်းထားတဲ့ ချမ်းသာမှုနောက်မှာ စည်းချက်ကျနမှု ရှိတယ်"*

ဒါပေမယ့် . . . ခုဟာက အဲဒီထက် ပိုလေးနက်နေတယ်။

လှိုင်းသစ်တစ်လုံးတက်လာတိုင်း ရစ်ချ်ရဲ့ကျောရိုးထဲမှာ စပ်ဖျဉ်းဖျဉ်းလေး ဖြစ်သွားရပါတယ်။

ထူးထူးဆန်းဆန်းတစ်ခုတော့ စ,ကြုံရပါပကော။

သူဟာ ရစ်ချ် ဖြစ်ရုံမျှမဟုတ်တော့ဘူး။

သူဟာ နဂိုက ရစ်ချ်ထက် ပိုပြီး ကြီးထွားလာခဲ့ရပါပြီ။

သူ့ရဲ့ဝင်သက်ထွက်သက်တွေနဲ့အမျှ သူဟာ ပင်လယ်ကြီး ဖြစ်လာခဲ့သလို တေးသွားတစ်ခု ဖြစ်သွားတဲ့အပြင် အဆမတန် နားလည်မှုအသိတွေ ပိုသွားပါတယ်။

သူ . . . အဖေ့အကြောင်း စဉ်းစားမိတယ်။ တမလွန်ရောက်သွားလို့ ပျောက်ဆုံးသွားခဲ့ပြီဖြစ်တဲ့ သူ့အမေအကြောင်းလည်း စဉ်းစားမိတယ်။ သူတို့သားအဖဆီက လုယူသွားတဲ့ သေခြင်းတရားကို အပြစ်တင်မိတယ်။ သူ့အမေကို သူ ပြန်တွေ့ရလိမ့်မယ်လို့ မမျှော်လင့်နိုင်တော့ပါဘူး။ ခုလောလောဆယ် ဒီနေရာမှာ သူ့အတွက် ဘယ်သူမှ အရေးမပါတော့သလိုပါပဲ။ ဒါပေမယ့် . . . တစ်ယောက်တည်းအထီးကျန်မှုက အသိဉာဏ်တွေဟာ တစ်ဖက်သတ် အနိုင်ယူလိုစိတ်တွေ ပါဝင်နေပါတယ်။

ခံစားမှုတွေရဲ့ လွှမ်းမိုးမှုအစား သူဟာ မယုံနိုင်လောက်အောင် တည်ငြိမ်မှု ရှိနေပါရဲ့။





အတွင်းအားတွေဟာ သူ့ကိုယ်ခန္ဓာထဲမှာ တရှိန်ရှိန် တက်လာတယ်လို့ ခံစားရပါတယ်။

အင်အားတွေဟာ သူ့ခန္ဓာကိုယ်အနှံ့အပြားကို စီးဝင်ပြီး သူ့ရင်ပြင်၊ သူ့မျက်နှာ၊ သူ့မျက်လုံးတွေထဲအထိ လျှံတက်လာသလိုပါပဲ။

ဖော်မပြတတ်တဲ့ စွမ်းအင်တစ်မျိုးကို ရစ်ချ် ခံစားရရှိလိုက်တာပါပဲ။

သဘာဝရဲ့စည်းချက်တွေကြားက သံစဉ်လှလှလေးတွေကို နားထောင်ရင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါမှာ အကြီးအကျယ်အံ့မခန်း ကြည်လင်မှုကို တွေ့လိုက်ရပါတယ်။

ဒီလို အမြင်တွေ ကြည်လင်နေသလို သူ့မျက်လုံးတွေကလည်း အရောင်တဖျပ်ဖျပ် လင်းလက်နေရာက တီးတိုးသံလေးနဲ့ ရေရွတ်မိပါတယ်။

"လက်စသတ်တော့ လောကကြီးဟာ ဒီလိုကိုး"

ပုလွေရှင်မမက ပုလွေမှုတ်တာ ရပ်လိုက်ပါတယ်။

ဒါပေမယ့် ရစ်ချ်ကတော့ တေးသွားလေးကို ကြားနေဆဲပါ။

"ဘယ့်နဲ့လဲ . . . မင်း အရသာတွေ့ရဲ့လား"

သူမက မေးပါတယ်။

ရစ်ချ်က ခေါင်းညိတ်ပြလိုက်တယ်။

ပုလွေရှင်က ဆက်ပြောတယ်။


"မင်း ညီညွတ်ချောမွေ့သံစဉ်လေးတွေကို တကယ်ရှာတွေ့ပြီဆိုရင် ပြောမပြနိုင်တဲ့ စွမ်းအားတွေကို ရလိုက်ပြီပဲ . . . ဒီတော့ သံစဉ်ပြေပြစ်ညီညွတ်မှုဟာ ချမ်းသာခြင်းရဲ့ အခြေခံအုတ်မြစ်ပဲ"

ရစ်ချ် ကမန်းကတမ်း ကောက်ခြစ်လိုက်ပါတယ်။

၂၇။ "သံခင်မြေပြန် ညီညွတ်မှုဟာ
ချမ်းသာခြင်းရဲ့ အခြေခံအုတ်မြစ်"

ပုလွေရှင်မမက စက်ဝိုင်းတစ်ခု ဆွဲပြပါတယ်။

သံခင် မြေပြန် ညီညွတ်မှုဟာ
ချမ်းသာခြင်းရဲ့ အခြေခံအုတ်မြစ်







"ပင်လယ်ထဲမှာဆိုရင် . . . လှိုင်းတွေ၊ ဒီရေတွေ၊ ရေစီးကြောင်းတွေပေါ်မှာ လှိုင်းတွန့်လေးတွေ ရှိစမြဲပေါ့ . . . အချိန်နဲ့အတူ တစ်ထပ်တည်းကျနေတာပဲ၊ ပြီးတော့ . . . ရာသီတွေ အလှည့်ကျပြောင်းနေတဲ့ ရာသီစက်ဝန်းလဲ ရှိတယ်၊ နှစ်တိုင်းမှာ နွေ၊ နွေဦး၊ ဆောင်းဦး၊ ဆောင်း ဆိုပြီး ရာသီရှိသလို တစ်ရက်ချင်းလဲ ရှိတယ်၊ အဲဒီလိုပဲ မင်းဘဝ၊ မင်းရဲ့ ဆွေမျိုးမိတ်သင်္ဂဟ၊ မင်းရဲ့ရင်းနှီးမြှုပ်နှံမှုနဲ့ မင်းလုပ်ငန်းတွေမှာ ရာသီအမျိုးမျိုး ရှိနေတယ်၊ အခုခရီးကို ထွက်လာတဲ့ မင်းလဲ တစ်ရာသီရခဲ့ပြီပဲပေါ့"

"မင်းရဲ့လေ့လာသင်ကြားမှုတွေနဲ့ လက်တွေ့လုပ်ဆောင်မှုတွေမှာ ရာသီတွေ ရှိတယ်၊ ခုအချိန်ကစပြီး မင်းစာအုပ်ထဲမှာ ရာသီတွေအကြောင်း မှတ်ထားလိုက်ပါ၊ မင်းရဲ့ စည်းဝါးကိုက်သံစဉ် ညီညွတ်ချောမွေ့မှုက ဒီအသိပညာကို ပေးခဲ့တာပဲ"

ရစ်ချ် အဲဒီစကားကို ပြန်စဉ်းစားတယ်။

ဟုတ်တယ်။ မမပြောတာ အမှန်ပဲ။

"မင်း . . . အချိန်ကိုရင်းတဲ့အခါ . . . ထွန်ယက်စိုက်ပျိုးရတယ်၊ ပြုစုပျိုးထောင်ရတယ်၊ ရိတ်သိမ်းရတယ်၊ ဒါတွေကို မင်းရဲ့မိတ်ဆွေ၊ ဝန်းကျင်၊ မင်းရဲ့ရင်းနှီးမြှုပ်နှံမှု၊ မင်းရဲ့ပညာရေး၊ မင်းရဲ့အာသီသ၊ မင်းရဲ့အမြင်၊ မင်းရဲ့အာရုံတွေမှာ လုပ်ရတာပဲ၊ ဒါနဲ့အမျှ နွေဦးပေါက်မှာ အပင်စိုက်ဖို့၊ နွေမှာ ပြုစုပျိုးထောင်ဖို့၊ ဆောင်းဦးကျတော့ ရိတ်သိမ်းဖို့ သေချာအောင် လုပ်ရတယ် မဟုတ်လား၊ ဒါဟာ မင်းဘာလုပ်တယ်ဆိုတာထက် ဘယ်တော့လုပ်ရမယ်ဆိုတာ အဓိကကျကြောင်း ပြခဲ့တာပဲ"

ရစ်ချ်က ရေးချလိုက်ပြန်ပါတယ်။

*၂၂။ "အချိန်မှာ ဂုဏ်သိက္ခာ ရှိတယ်"*

*၂၃။ "မင်း ဘာလုပ်တယ်ဆိုတာထက်*
*ဘယ်အချိန်လုပ်တယ်ဆိုတာ အဓိကပိုကျတယ်"*

ပုလွေရှင်က ပြောပြန်တယ်။

"မင်း အမြင်သန်လာပြီး ကြည်လင်မှုရလာပြီဆိုရင် မင်းရဲ့ ချမ်းသာမှုကို ရှာတွေ့တော့မှာပဲ၊ ချမ်းသာမှုကို မင်းရှာတဲ့အခါမှာ . . . မင်းအချိန်ကို ဘယ်လိုရင်းနှီးမြှုပ်နှံရမလဲဆိုတာ ပြတ်ပြတ်သားသား အာရုံစိုက်ရမယ်၊ မင်းအချိန်ကို ရင်းနှီးမြှုပ်နှံပြီဆိုလဲ တန်ဖိုးကို တွက်ရမယ်၊ တန်ဖိုးကို တွက်မိပြီဆိုတာနဲ့ မင်းရဲ့ကြီးပွားချမ်းသာမှုဟာ လမ်းစပေါ်ပြီး စီးဝင်လာတော့မှာပဲ၊ မင်းရဲ့ချမ်းသာမှုဟာ စည်းချက်ကျကျ သံစဉ်ပြေပြေနဲ့ စီးဝင်လာပြီဆိုရင် ထပ်တလဲလဲ ဂယက်လှိုင်းတွေ ဆက်စီးလာတော့မှာပဲပေါ့"

"မမပြောတဲ့ ဂယက်ထတယ်ဆိုတဲ့စကားက ဘာအဓိပ္ပာယ်ပေါက်တယ်ဆိုတာ မင်း နားလည်ရဲ့လား"

"သိတော့သိသလိုပဲ၊ ဒါပေမယ့် သိပ်နားမလည်ဘူး မမ"

"ထပ်တလဲလဲ ဂယက်ရိုက်တယ်ဆိုတာ ရေကန်ထဲက လှိုင်းတွန့်လေးတွေလိုပဲ၊ တုန်ခါမှုတစ်ခု ဖန်တီးလိုက်တာမျိုးပဲ၊ မင်းက အံ့သြစရာအကောင်းဆုံး ဆွဲဆောင်မှုကို ဖန်တီးနိုင်လိုက်တာဟာ အကောင်းဆုံးလူတွေ၊ အကောင်းဆုံးအခွင့်အလမ်းတွေနဲ့ အကောင်းဆုံးပတ်ဝန်းကျင်ကို ဆွဲဆောင်လိုက်တာပဲ၊ အဲဒါဟာ မင်းရဲ့လူနေမှုဘဝကို တကယ်အပြည့်အဝ လက်တွေ့စလိုက်ပြီဆိုတာနဲ့ တွေ့ရမှာပဲ၊ မင်း ဂယက်ထအောင်လုပ်ရင် မင်း ကြီးပွားမှာ မုချပဲ"





ရစ်ချ်ဟာ ဥယျာဉ်မှူးရဲ့ ပန်းခြံထဲက ငှက်လေးတွေ၊ လိပ်ပြာလေးတွေ အာရုံထဲမှာ မြန်မြင်လိုက်ပါတယ်။

ဒီလိုနဲ့ သူ ရေးမှတ်လိုက်မိပါပြီ။

*၂၄။ "ဂယက်ထအောင်လုပ်နိုင်ရင်*
*ကြီးပွားမယ်"*

ကောင်းကင်ပြင်မှာ တဖြည်းဖြည်း နေစောင်းလာသလို၊ လေတွေကလည်း စိမ့်အေးလာပါပြီ။

ရစ်ချ် . . . ပုလွေရှင်မကို ကြည့်လိုက်တယ်။

သူ ဘယ်လိုချမ်းသာလာတယ်ဆိုကာမှ မမေးရသေးဘဲ။

ဒါပေမယ့် . . . မေးစရာမလိုတော့ဘူးလို့လည်း နားလည်လိုက်ပါတယ်။

သူ့တစ်ကိုယ်လုံးမှာ ချမ်းသာမှုတွေနဲ့ အလှဆင်ထားပြီးသားကိုး။

ဒီတော့ . . . ခုလို သူ စူးစမ်းမိတော့တယ်။

"မမ ခုဒီလောက်တောင် ဘာလို့ချမ်းသာနေရတာလဲ၊ ရှိသမျှအားလုံးကို ညို့ဆွဲနိုင်ခဲ့လို့လား"

ပုလွေရှင်မမက ခေါင်းခါပြရင်းက . . .

"ညို့ဆွဲမှုဆိုတာ အကြောင်းရင်းမဟုတ်ပါဘူး၊ အဲဒါက အကျိုးသက်ရောက်မှုပဲဥစ္စာ၊ အံ့သြစရာကောင်းတဲ့အရာတွေကို မင်း ညို့ဆွဲမယ်လို့ အစပျိုးလိုက်ရင်ပဲ မင်းဟာ လမ်းမှန်ပေါ် ရောက်နေပြီဆိုတာ ထင်ရှားတဲ့ သဲလွန်စပေါ့၊ ဒီလိုမှ မဟုတ်ရင်တော့ မင်း ပြန်ရှုန်းတက်ဖို့ အချက်ပြလိုက်တာပဲ ဆိုရမယ်၊ ဆွဲဆောင်မှုဆိုတာ မင်းရဲ့ကြိုးပမ်းအားထုတ်မှုက ထွက်ပေါ်လာတဲ့ ဆုလာဘ်ပဲ"

"ဟင့်အင်း၊ ငါ ကျွမ်းကျင်တဲ့ ဂီတပညာရှင်ကောင်းတစ်ယောက် ဖြစ်လာချိန်မှာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေကို ဘယ်အချိန် ဘယ်နေရာမှာ ထည့်ရမယ်ဆိုတာ ကြည်ကြည်လင်လင် မြင်အောင် ကြည့်တတ်ခဲ့တယ်၊ ပြီးတော့ . . . အဲဒါတွေကို ဘယ်အချိန်မှာ ပျိုးထောင်ပြီး ဘယ်အချိန်မှာ ရောင်းရမယ်ဆိုတာလဲ ကျွမ်းကျင်ခဲ့တယ်၊ မမဟာ အချိန်နဲ့ အာရုံစိုက်မှုတွေကို မမရဲ့အကြံပေးပုဂ္ဂိုလ်တွေနဲ့ ဈေးကွက်က သံစဉ်တွေကို နားထောင်ရုံနဲ့ သိတဲ့ဆရာမကြီး ဖြစ်လာခဲ့တယ်။ မမအနေနဲ့ အကြီးအကျယ် ကြွယ်ဝချမ်းသာမှုရဲ့ လျှို့ဝှက်ချက်ကို တွေ့ခဲ့တယ်ဆိုပါတော့"

"အဲဒီလျှို့ဝှက်ချက်က ဘာလဲလို့"

"ဒါတော့ မင်းဟာမင်း ရှာပေါ့"

"သဲလွန်စလေးတစ်ခုလောက်တောင် မပေးတော့ဘူးလား"

ပုလွေရှင်မမက ပြုံးလိုက်ပါတယ်။

ပြီးတော့ . . . စောစောက သူမှုတ်နေတဲ့ တေးသံစဉ်အတိုင်း ပုလွေလေးကို မှုတ်နေပါတော့တယ်။

ရစ်ချ်လည်း ပင်လယ်ပြင်ဘက်ကို ပြန်မျှော်ငေးနေလိုက်ပါတော့တယ်။

သံစဉ်တေးလေးက ရစ်ချ်ရဲ့ စိတ်အလျဉ်မှာ စီးဝင်နေလေရဲ့။

သူမက ရစ်ချ်ဘက် လှည့်လာပြီး . . .

"မင်းမှတ်ထားတဲ့ ဆောင်ပုဒ်လေးတစ်ခုကို ဘာလဲဆိုတာ ငါ ရိပ်မိလိုက်သလိုပဲ"

ရစ်ချ်က ပုလွေရှင်မမကို အူကြောင်ကြောင်ပြန်ကြည့်မိဆဲမှာပဲ သူ့ခေါင်းထဲကို တခြားတေးသံတစ်ခု တိုးဝင်လာပါတယ်။





"လောကကြီးက မှောင်နေတယ်

ကြိုတင်မြင်ဆင်ထားပါတယ်"

ရစ်ချ်ဟာသူ့ရဲ့ပုံရိပ်ကို ပြုံးနေတဲ့မမရဲ့ မျက်လုံးပြာလေးတွေထဲမှာ တွေ့လိုက်ရတယ်။

သူ့ပုံရိပ်က ရောင်ပြန်တွေဟာ တဖျပ်ဖျပ်တလက်လက် တောက်ပနေတာကလား။

သူဟာ ပုလွေရှင်မမကို ဆက်ငေးနေတုန်းမှာပဲ . . . အဲဒီမမက မျက်တောင်ခတ်ပြလိုက်ပါတော့တယ်။

# အခန်း ( ၉ )

## စားသောက်ဆိုင်တာဝန်ခံ

ရစ်ချ်နဲ့ ဂီတပညာရှင်မမက လှပတဲ့ အပန်းဖြေစခန်းရှိရာ ဦးတည်ပြီး ကမ်းစပ်အတိုင်း လျှောက်လာခဲ့မိတယ်။

သူတို့အနီး ကပ်သွားတဲ့အခါမှာ ဧရာမလူထွားကြီးတစ်ယောက်က ထွက်ကြိုပါတယ်။ ပုလွေရှင်မမက ရစ်ချ်ကို ပြောပြတယ်။

"ဒီစခန်းဟာ လှေလှော်သမားကြီးရဲ့ အပန်းဖြေစခန်းတွေထဲက တစ်ခုပဲပေါ့၊ ဒါကတော့ စားသောက်ဆိုင်တာဝန်ခံကြီးပါပဲ၊ သူက မင်းကို အိမ်ပြန်ပို့ပေးလိမ့်မယ်၊ ဒါပေမယ့် အရင်လောလောဆယ်တော့ သူနဲ့ အချိန်နည်းနည်းဖြုန်းနေလိုက်ပါဦး"

ရစ်ချ်က ပြန်မေးမိတယ်။





"မမက ကျွန်တော် သူ့ဆီမှာ အချိန်တချို့ ရင်းနှီးမြှုပ်နှံမှု လုပ်ရမယ်လို့ ပြောချင်တာလား"

ပုလွေရှင်မမက ပြုံးဖြီးဖြီးလေးနဲ့ . . .

"ဟုတ်တယ်၊ ရင်းနှီးမြှုပ်နှံမှု လုပ်ပါ"

စားသောက်ဆိုင်တာဝန်ခံကြီးက ရစ်ချ်ကို ကြောက်စရာကောင်းတဲ့ ဝက်ဝံလက်ကြီးတွေနဲ့ လက်ဆွဲနှုတ်ဆက်သလို နပမ်းသမားတစ်ယောက်ရဲ့ ပွေ့ဖက်မှုမျိုးနဲ့ ကြိုဆိုခဲ့ပါတယ်။

"ရစ်ချ်ဆိုတာ မင်းပဲမှတ်တယ်၊ ငါ့ရဲ့သုခဗိမာန်က ကြိုဆိုပါတယ် . . . ကျေးဇူးပြုပြီး အထဲဝင်ပါ"

ရစ်ချ် . . . အပန်းဖြေရိပ်သာထဲ ဝင်လိုက်တဲ့အခါ . . . အလှဆုံး ပန်းခြံတွေ ရေတံခွန်တွေနဲ့ ငါးကန်တွေကို တွေ့လိုက်ရပါတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးဟာ မြင်လိုက်ရုံနဲ့ တကယ့်ကို လုံးဝအမောပြေသွားနိုင်ပါတယ်။

ဟိုတယ်ဝန်ထမ်းတွေကလည်း ဖိနပ်တွေမှာ စက်တပ်ထားသလို မိုးပျံမတတ် ပျားပန်းခတ်နေကြတာကလား။

"ခုမနက်ပဲ ကျွန်တော်ဟာ ဥယျာဉ်မှူးအန်တီကြီးနဲ့ တွေ့ခဲ့ပါတယ်၊ ခု အန်ကယ်ရဲ့ ပန်းခြံကြီးကလဲ သူ့ဥယျာဉ်လိုပဲ လှမှလှဗျာ . . . အဲဒီအန်တီကြီးမှာ အံ့သြလောက်တဲ့အမြင်တွေ အဆန်းတကြယ် ရှိပါပေရဲ့။

စားသောက်ဆိုင်တာဝန်ခံက သက်မကြီးချလိုက်တယ်။

"အေး၊ ဟုတ်တယ် . . . ငါ့မှာလဲ အဲဒီဥယျာဉ်မှူးမကြီးထက်သာပြီး အမြင်ကျယ်တဲ့ မိတ်ဆွေတစ်ယောက် ရှိခဲ့ဖူးတယ်"

"ဟုတ်လား . . . ဘယ်သူများပါလိမ့်"

"အို . . . သူက ထင်ထင်ရှားရှားထဲက မဟုတ်ပါဘူး၊ သူ့ဘဝမှာလဲ ဘာမှထွေထွေထူးထူး လုပ်မသွားနိုင်ခဲ့ပါဘူး၊ အသိကြွယ်ရုံလောက်ပဲ ရှိခဲ့တာပါ"

ရစ်ချ် အဲသလိုဖြစ်မယ်လို့ မမျှော်လင့်ခဲ့တာ အမှန်ပါပဲ။

"သူက ချမ်းသာအောင် ဘာလုပ်ရမယ်ဆိုတာ သိမယ်မဟုတ်လား၊ သူဟာ ပိုက်ဆရာနဲ့ တံငါသည်ကြီးတွေ တွေ့ဖူးခဲ့တယ် မဟုတ်လား၊ ပုလွေရှင်မမနဲ့တောင် တွေ့ဖူးဦးမှာပါ"

"အင်း . . . သူတွေ့ဖူးတာတော့ ကျိန်းသေတယ်၊ သူမက သူတို့ဘယ်တော့မှ မလုပ်ခဲ့ပါဘူးလေ"

နေဝင်စပြုခဲ့သလို ရစ်ချ် ပြောမပြတတ်အောင် ကြောက်စိတ်တွေ ရုတ်တရက် ခံစားလိုက်ရပါတယ်။ တကယ်လို့ မနက်ဖြန် သူ အိပ်ရာက နိုးခဲ့ရင် ခုအတွေ့အမြင်တွေအားလုံးဟာ ဂယောင်ချောက်ချားနဲ့ အာရုံမှောက်မှားမှုတွေများ ဖြစ်ကုန်လေမလား။

ခု ကမ်းခြေမှာ မြင်ခဲ့ရတာတွေလောက် ရှင်းလင်းသဲကွဲမှု မရှိရင် ဘယ်လိုနေမလဲ။

ဒီနောက် . . . ပုလွေရှင်မမရဲ့ မျက်လုံးတွေကို မြင်ယောင်လိုက်မိရာက တကယ်ကောင်းတဲ့ မေးခွန်းတစ်ခု ထုတ်လိုက်မိပါတယ်။

"အန်ကယ်ပြောတဲ့ အန်တီကြီးက ဘာဖြစ်လို့ ချမ်းသာအောင်မလုပ်ခဲ့တာလဲ"

"သူက ရှိတာလေးနဲ့ ရောင့်ရဲနေရတာပဲ ပျော်နေတာကိုးကွ၊ မင်းသိတဲ့အတိုင်း အန်ကယ်လဲ စားသောက်ဆိုင်ရှင်ကြီး မဖြစ်ခင်အထိ သူ့လိုပဲ နေခဲ့မိတာပဲ"





ရစ်ချ်က ရှေ့ဆက်လာမည့်စကားတွေကို စောင့်မျှော်နေလိုက်မိသည်။

"မင်း သိမှာပါ . . . အန်ကယ်က လူတွေကို အကျိုးဆောင်ရတာ ဝါသနာပါတယ်၊ လူတွေကို အံ့ဩစရာ အတွေ့အကြုံတွေ ပေးဝေရတာ မြတ်နိုးတယ်၊ အထူးသဖြင့် . . . သူတို့က လိုလိုချင်ချင် လာတောင်းကြတဲ့အခါမျိုးမှာပေါ့ . . . အန်ကယ်ဟာ အစဉ်သဖြင့် အကောင်းဆုံးလုပ်ချင်တဲ့စိတ် ရှိတယ်၊ ဒီလိုနဲ့ အလုပ်ထဲမှာကော နေ့စဉ်ဘဝတာမှာကော ကောင်းသထက်ကောင်းအောင် လုပ်ခဲ့တယ်၊ ဒါပေမယ့် ဟိုးလွန်ခဲ့တဲ့အတိတ်ကတော့ အန်ကယ့်အဆင့်အတန်းဟာ နိမ့်ပါးခဲ့တာပေါ့"

"အကောင်းဆုံးစွမ်းဆောင်ရက်သားနဲ့ ဘာလို့အဆင့်နိမ့်ခဲ့ရတာလဲ"

စားသောက်ဆိုင်တာဝန်ခံက ဆက်တီဆိုဖာလှလှကြီးပေါ် ထိုင်ချလိုက်ပါတယ်။ ရစ်ချ်လည်း လိုက်ထိုင်တယ်။ စားပွဲထိုးတစ်ယောက်က သီးစုံဖျော်ရည်နှစ်ခွက် လာချပေးတယ်။

"မင်း ကြယ်သုံးပွင့်ဟိုတယ်ကို ရောက်ဖူးသလား"

ရစ်ချ်က ပြန်စဉ်းစားလိုက်ပြီး . . .

"ကျွန်တော်ကတော့ ရွာက ကြယ်နှစ်ပွင့်ဟိုတယ်ထဲကိုပဲ ရောက်ဖူးပါတယ်"

"အဲဒီမှာ တာဝန်ရှိတဲ့လူတွေက အကောင်းဆုံး လုပ်ကိုင်နေကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ သူတို့ဟာ တကယ့်ကို ဧည့်ဝတ်ကျေကြတာပါပဲ"

"အခု မင်း ဒီရောက်လာတော့ကော အဲဒီလို အတွေ့အကြုံမျိုးနဲ့ တစ်ထပ်တည်း မတူဘူးလား"

"မတူပါဘူး၊ တကယ့်ကို လုံးဝမတူတာပါ"

ရစ်ချ် ပြောလက်စ ရပ်လိုက်ပါတယ်။

ကြည်လင်တဲ့ အမြင်သစ်တစ်ရပ် ရုပ်လုံးပေါ်စ ပြုခဲ့ပါပြီ။

စားသောက်ဆိုင်တာဝန်ခံက ဆက်ပြောတာက . . .

"အန်ကယ်ဟာ အချိန်အကြာကြီး ငါ အမြဲလိုလို အကောင်းဆုံးတွေ လုပ်ဆောင်ခဲ့တယ်လို့ အောက်မေ့ခဲ့မိတယ်၊ ဒါပေမယ့် ဒီကြားထဲကပဲ တိုးတက်မှု ဘာမှမရခဲ့ဘူး၊ ဒီလိုနဲ့ . . . ကိုယ့်ကိုယ်ကို မြှင့်တင်ဖို့ အချိန်နဲ့ရင်းပြီး လေ့လာဆည်းပူးမှုတွေ လုပ်ခဲ့မိတယ်၊ ချမ်းသာရေးရဲ့ သော့ချက်တွေ အများကြီးပဲ သိလာတယ်၊ အဲဒီအချိန်ထိ ချမ်းသာမှုက အန်ကယ့်ကို ရှောင်ပြေးနေတုန်းပဲ"

"အချိန်ကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ရမယ်ဆိုတာ နားလည်ခဲ့တဲ့ကြားကပဲ အချိန်တွေ ဆက်ဖြုန်းနေခဲ့သေးရဲ့၊ ပိုကောင်းတဲ့ ပိုက်သွယ်စနစ်ကို တပ်ဆင်ရမယ်ဆိုတာ သိပါလျက်နဲ့လဲ ရေတွေ အလကား အကုန်ခံနေတယ်၊ ချမ်းသာရေးမှာ နရိစည်းချက်ကျနမှုတွေ လိုအပ်မှန်း သဘောပေါက်ခဲ့တဲ့တိုင်အောင်လဲ လက်တွေ့မကျင့်ခဲ့သေးဘူး၊ အန်ကယ်ဟာ အကောင်းဆုံးတွေ ဆက်လုပ်နေပေမယ့် အလိုနည်းနေမိတုန်းပေါ့"

ရစ်ချ်က ကြားဖြတ်လိုက်ပါတယ်။

"ဒါဆိုရင် . . . အန်ကယ် ဘယ်လိုနည်းနဲ့ အခြေအနေ ပိုကောင်းတဲ့ စားသောက်ဆိုင်ရှင်ကြီးဘဝ ရောက်ခဲ့ရပါလိမ့်"

"အန်ကယ်က ကိုယ့်အဆင့်အတန်းကို မြှင့်လိုက်တာကိုး၊ မင်း





သိတဲ့အတိုင်း . . . မင်းရဲ့အသိပညာသက်သက်က ချမ်းသာအောင် လုပ်ပေးနိုင်တာ မဟုတ်ဘူး၊ အသိပညာကို လက်တွေ့အသုံးချမှ အကောင်အထည် ပေါ်လာရတာ"

ရစ်ချ်လည်း တံငါသည်ကြီးစကားကို ကြားယောင်လိုက်မိပြန်ပါတယ်။

*၁၂။ "သိပြီးတော့မလုပ်တာဟာ*

*တကယ်မသိသေးလို့ပဲ"*

"အန်ကယ်ဟာ ကိုယ့်အဆင့်အတန်းကို မြှင့်လိုက်တာနဲ့ အချိန်တွေ အလကားအကုန်ခံချင်တဲ့စိတ် မရှိတော့ဘူး၊ ဒုတိယတန်းစားဘဝမှာ မနေချင်တော့ဘူး၊ ညစ်နွမ်းသိမ်ငယ်တဲ့စိတ်နဲ့ မှုန်ဝါးဝါး ယောင်တိယောင်ကန်းအမြင်တွေ မလိုချင်တော့ဘူး၊ ဒီမကောင်းတဲ့ စရိုက်လက္ခဏာတွေကို လက်ခံမထားချင်တော့ဘူးဆိုတဲ့အဆုံးမှာ . . . လက်တွေ့လုပ်ငန်းနဲ့ ပြောင်းလဲပစ်ဖို့ကလွဲလို့ တခြားလမ်း ဘယ်ရှိပါတော့မလဲ"

"ဒီတော့ . . . တို့ရဲ့ဘဝကို မနက်ဖြန်မှာ တို့နေချင်တဲ့ဘဝက ပြဌာန်းတာ မဟုတ်ဘူး၊ ဒီနေ့ ဘဝအဆင့်အတန်း သတ်မှတ်ချက်ကသာ ဘဝကောင်းကို အရောက်ပို့တာ၊ တို့ဟာ တို့အဆင့်အတန်းကို သတ်မှတ်မြှင့်တင်ရမယ်"

ရစ်ချ်က မှတ်ချက်ရေးလိုက်ပါတယ်။

*၁၃။ "မင်းအဆင့်အတန်းကို*

*မင်းပဲ သတ်မှတ်တာပါ"*

"ကဲ . . . ရစ်ချ် . . . အဲဒါ မင်းအတွက် လျှို့ဝှက်ချက်တစ်ခုပဲ"

ရစ်ချ်က သီးစုံဖျော်ရည်ကို သောက်လိုက်ပါတယ်။

"ပုလွေရှင်ဂီတသမားလေးက ဆွဲဆောင်မှုအကြောင်း မင်းကို ပြောခဲ့သေးလား"

ရစ်ချ် ခေါင်းညိတ်ပြလိုက်ပါတယ်။

"မင်းအနေနဲ့ ကြယ်နှစ်ပွင့်ဟိုတယ်ဖွင့်ရင် ဘယ်လိုလူစားမျိုးတွေကို ဆွဲဆောင်ဖို့ ရည်ရွယ်မလဲ"

"ကြယ်နှစ်ပွင့်အတန်းအစားရှိတဲ့လူတွေပဲပေါ့"

"ဒါဖြင့် . . . ကြယ်ငါးပွင့်ဟိုတယ် ဖွင့်ပြီဆိုရင်ကော"

ရစ်ချ် ခတ်ပေါက်သွားပါပြီ။

"ပြီးတော့ . . . နောက်လျှို့ဝှက်ချက်တစ်ခုက ဒီမှာကွ"

စားသောက်ဆိုင်တာဝန်ခံက ဘူ့လက်တွေနဲ့ မာဘယ်ကျောက်ပြား ခင်းကြမ်းပေါ်မှာ မျိုးစေ့တွေ စိုက်တဲ့ဟန် လုပ်ပြတယ်။

"ကြယ်ငါးပွင့်ဆိုတာ ဝန်ဆောင်မှု၊ အဆင့်အတန်း၊ အရည်အသွေးနဲ့ လုပ်နည်းလုပ်ငန်းတွေ ကွာခြားတာကို ဆိုလိုတာပဲ၊ အဲဒါတွေ တစ်ခုမှ ငွေကုန်ကြေးကျ သိပ်များတာမဟုတ်ဘူး၊ ကိုယ့်အဆင့်နိမ့်မသွားအောင် စည်းကမ်းနဲ့ စနစ်တွေ ပိုကောင်းဖို့ပဲ လိုတယ် . . . ဒီအတွက် အဆင့်အတန်းမြင့်တယ်ဆိုတာ ငွေပိုကုန်တာ မဟုတ်ပါဘူး . . . စင်စစ်တော့ . . ."

စားသောက်ဆိုင်တာဝန်ခံကြီးက ရှေ့ကို ညွတ်လိုက်သလို၊ ရစ်ချ်ကလည်း လိုက်ညွတ်ရာက ခေါင်းချင်းဆိုင်မိပါတယ်။

"ကြယ်နှစ်ပွင့်ဘဝက လူနဲ့ ကြယ်ငါးပွင့်ဘဝမှာနေတဲ့လူ ဘယ်သူကပိုပြီး အားစိုက်ကြိုးပမ်းရမယ်ထင်လဲ"





ရစ်ချ်ဟာ ဘဝကို လျှော့တွက်ပြီး ရှိတာလောက်နဲ့ တင်းတိမ်ရောင့်ရဲနေချင်တဲ့လူတွေအကြောင်း သွားစဉ်းစားမိတယ်။ အဲဒီထဲမှာ သူ့အဖေက ထိပ်ဆုံးကပါလား။

ပြီးတော့ . . . ဒီနေ့ သူတွေ့ခဲ့တဲ့လူတွေနဲ့ ပတ်သက်လို့လည်း တွေးမိပြန်တယ်။ ဘာမှထွေထွေထူးထူး ပြောစရာမရှိပါဘူး။

"ကြယ်နှစ်ပွင့်ဘဝမှာရှိတဲ့လူတွေဟာ ပင်ပင်ပန်းပန်း ဟိုအလုပ်လုပ်ရလေ့ ရှိပါတယ်"

ဒီနောက် သူက မှတ်စုရေးချလိုက်မိတော့တာပါပဲ။

*၂၆။ "ကြယ်ငါးပွင့်ဘဝဟာ*

*ကြယ်နှစ်ပွင့်ဘဝထက် ပိုသက်သာတယ်"*

ရစ်ချ်တစ်ယောက် စိတ်ကူးညဏ် ထပ်ပွင့်သွားရာက ကြယ်ငါးပွင့်ရဲ့ စည်းကမ်းချက်တွေနဲ့ စနစ်တွေကို စာရင်းလုပ် ရေးထားလိုက်ပါတယ်။

ဒီနောက် . . . စားသောက်ဆိုင်တာဝန်ခံကို မေးခွန်းမေးဖို့ ပြင်မိတယ်။

"အခု အန်ကယ်က ကြယ်ငါးပွင့်အဆင့်ရှိတဲ့ဘဝကို ရောက်နေပြီးတော့မှ ဘာကြောင့် ကိုယ်ပိုင်လုပ်ငန်းမထောင်ဘဲ လှေသမားကြီးရဲ့ အပန်းဖြေစခန်းမှာ ဝင်လုပ်နေရတာလဲ"

စားသောက်ဆိုင်တာဝန်ခံက ခေါင်းထောင်ပြီး ရယ်တယ်လေ။

"အန်ကယ်က ဒီအလုပ်ကို ချစ်တယ်ကွ၊ ကိုယ်ကိုတော့ ဘေးကန်ထုတ်မပစ်လိုက်ပါနဲ့ကွာ၊ ငါနေချင်သလို နေလို့ရသလို သူခဘုံမှာ အခမဲ့နေရတာပဲ မဟုတ်လား၊ နောက်ပြီး ငါရတဲ့ငွေတွေကို အုံဩလောက်

တဲ့ ငွေပိုက်သွယ်စနစ်တစ်ခုနဲ့ ဂရုတစိုက် ထိန်းသိမ်းထားတာပါ၊ ငါ့ရဲ့ ချမ်းသာမှုက ငါ့ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးခဲ့တယ်လေ၊ လက်ရှိ ဘဝဟာ ငါရွေးချယ်တဲ့ဘဝ၊ ငါကြိုက်တဲ့အခြေအနေပေါ့၊ ဒါဟာပဲ ပြည့်စုံ တဲ့ ဘဝကောင်းတစ်ခုအပေါ် ငါမြင်တဲ့အမြင်ပါပဲ"

စားသောက်ဆိုင်တာဝန်ခံက မတ်တတ်ထလိုက်ပါတယ်။

"ကဲ . . . ရစ်ချ်၊ အခု မင်းကို ငါ မေးခွန်းတစ်ခု ထုတ်မယ်၊ တကယ်လို့ မင်းကသာ ငါ့ကို ကြယ်နှစ်ပွင့်အဆင့်အတန်းရှိတဲ့ နေရာ ဝန်းကျင်မှာ သွားထားပြီဆိုရင် ဘာတွေဖြစ်ကုန်မလဲ သိလား၊ အန်ကယ် ကကော အဲဒီကြယ်နှစ်ပွင့်ဘဝကို ပြန်သွားနိုင်ပါမတဲ့လား"

ရစ်ချ်က အဖြေကို အထင်အလင်း စဉ်းစားမိပြီးသား။

"ဘယ်သွားပါတော့မလဲ၊ အန်ကယ့်အနေနဲ့ ကြယ်နှစ်ပွင့်ပတ် ဝန်းကျင်ကို ပြောင်းပစ်ရုံ (ဒါမှမဟုတ်) ကြယ်ငါးပွင့်ဝန်းကျင်တစ်ခုကို သွားနေရုံရှိမှာပေါ့၊ ဘာကြောင့်ဆို . . . အန်ကယ်က အောက်တန်းကျကျ မှ မနေနိုင်တော့တာကိုး"

စားသောက်ဆိုင်တာဝန်ခံက ခေါင်းညိတ်ပါတယ်။

"ကောင်းပြီ၊ ဒီတော့ . . . ဒီည မင်းအိမ် မင်းရွာကို ပြန်ရောက် ရင် ဘာလုပ်မလဲ"

ရစ်ချ် . . . နှုတ်ဆိတ်ပြီး ထိုင်နေမိပါတယ်။

"မှတ်ထား ရစ်ချ် . . . မင်းရဲ့ရွေးချယ်ခွင့်အရ မင်းဘဝဖြစ်လာ မှာပဲ . . . မင်းရဲ့ရွေးချယ်မှုနဲ့ သင်ကြားမှုတွေဟာ မင်းရဲ့ပတ်ဝန်းကျင် အခြေအနေကို ဖန်တီးပေးလိမ့်မယ်၊ လေ့လာသင်ယူမှုဆိုတာ ကစားပွဲ တစ်ခု ဖြစ်တယ်ဆိုရင် မင်းပတ်ဝန်းကျင်ဟာ မင်းရဲ့ကစားကွင်းပဲပေါ့ . . . အောက်တန်းနောက်တန်းတော့ ဘယ်တော့မှ အကျမခံနဲ့"






ရစ်ချ် ရေးလိုက်ပြန်ပါတယ်။

၂၇။ "မင်းပတ်ဝန်းကျင်ဟာ
မင်းရဲ့ကစားကွင်းပေါ့"

၂၈။ "မင်းဟာ မင်းရွေးချယ်မှုရဲ့
ရလဒ်ပဲ ဖြစ်တယ်"



## ကြယ်ငါးပွင့် စည်းကမ်းချက်များ

- ကိုယ်မျှော်မှန်းတဲ့ ချမ်းသာကြွယ်ဝမှုကို ဘယ်လိုဆောက်တည်ရမလဲ မေးပါ။
- တခြားလူတွေကို ဘယ်လိုတန်ဖိုးမြှင့်တင်ပေး ရမလဲ မေးပါ။
- ဒီနေ့ ဘယ်လိုချမ်းသာမှုမျိုး ငါ ရနိုင်မလဲ မေးပါ။
- အချိန်ကို ငွေထက် တန်ဖိုးထားပြီး အပတ်စဉ် အချိန်ဘယ်လောက် ရင်းခဲ့တယ်ဆိုတာ တွက်ပါ။
- ပိုင်ဆိုင်မှုတွေလို ကိုယ့်ကိုယ်ကို တန်ဖိုးထားပါ။ နေ့စဉ် ကိုယ် ဘယ်အခြေထိ တိုးတက်နေသလဲ ကြည့်ပါ။ (အချိန်၊ ကွန်ယက်၊ လုပ်ငန်း)





- ချမ်းသာမှုရဲ့စည်းချက်အတိုင်း လိုက်နာပါ။ အလုပ်ကို ဖိလုပ်တာဟာ ခရီးဖင့်နွေးရုံပဲ ရှိပါတယ်
- အချိန်နဲ့ အမြင်ကို အမြဲအရသာခံပါ။
- အာသီသကို လမ်းညွှန်ကွန်ပါ အဖြစ် သုံးပါ။

### စနစ်များ

- အချိန်ရင်းနှီးမြှုပ်နှံမှုကို တိုးတက်ဖွံ့ဖြိုးမှုအဖြစ် စီမံခန့်ခွဲပါ။ တစ်ပတ်ထက်တစ်ပတ် အမြင်တိုးတက်မှု ရှိ မရှိ ဆန်းစစ်ပါ။
- ကိုယ့်အမြင်နဲ့ အာသီသတွေ မျှဝေခံစားနိုင်သူတွေနဲ့ အချိန်ယူဆွေးနွေးပြီး ဆက်သွယ်ရေးကွန်ယက်ဖြန့်ပါ။ အကြံပေး၊ အားပေးနိုင်သူတွေနဲ့ ပေါင်းပြီး အချိန်ကို အကျိုးရှိစွာ အသုံးချပါ။

- အသိပညာတိုးပွားအောင်
  နေ့စဉ်လေ့လာသင်ကြားမှုတွေလုပ်ဖို့ စီမံပါ။
  အမြင်ကျယ်လာသလို အဖိုးတန်တဲ့အမြင်တွေ
  ရအောင် သင်ယူပါ။

| |
|---|
| လမ်းညွှန်ချက်<br>အပေါင်း<br>စည်းကမ်းလိုက်နာမှု<br>ညီမျှခြင်း<br>ခိုင်မာသော ဆုံးဖြတ်ချက်များ |

## စည်းကမ်းချက်များ

- ဘာကြောင့်မချမ်းသာသေးတာလဲ
  မေးပါ။
- အချိန်ကို တန်ဖိုးမထားဘဲ
  စိတ်လွတ်ကိုယ်လွတ် ဖြုန်းနေပါ။
- မိမိကိုယ်မိမိ တန်ဖိုးမထားသလို
  အတွင်းအားမဖြည့်ဘဲ
  အပြင်မှာ အားတွေကုန်နေခြင်း





- ပတ်ဝန်းကျင်ကို
  အပြစ်ဖို့နေခြင်း
- ကြိုးစားအားထုတ်မှု
  လျော့ခြင်း
- စိတ်အလိုလိုက်မှုကို
  လမ်းညွှန်ကွန်ပါအဖြစ်
  သုံးခြင်း

## စနစ်များ

- အလုပ်နဲ့ စိတ်အေးသက်သာမှုအတွက်
  လိုအပ်သလောက်သာ လုပ်ဆောင်ရန်
  စီမံခြင်း
- ကွန်ယက်အဆက်အသွယ်များ
  မိတ်ဆွေအသိအကျွမ်းများနှင့်
  အပျော်သဘောသာ အချိန်ဖြုန်းဖို့
  စီစဉ်ခြင်း
- နေ့စဉ် မျက်စိအောက် မြင်ရသလောက်
  သင်ကြားမှုနှင့်သာ ကျေနပ်နေခြင်း။

ရည်မှန်းချက်
အနုတ်
လေ့လာသုံးသပ်မှု
ညီမျှခြင်း
ဆုတ်ယုတ်ပျက်စီးခြင်း

မှောင်နေပါပြီ။ ရစ်ချ်က လှလှပပ ပြပြင်ထားတဲ့ လမ်းလေး အတိုင်း လျှောက်ရင်းက သူ့ရွေးချယ်ခွင့်ကို စဉ်းစားလာပါတယ်။ ခုတော့ . . . ဒီရွေးချယ်မှုရဲ့ အကျိုးရလဒ်အနေနဲ့ သူ 'လူ' ဖြစ်ခဲ့ရပြီပေါ့။

စားသောက်ဆိုင်တာဝန်ခံက ကားမောင်းပြီး သူ့ကို အိမ်ပြန်ပို့ပေးခဲ့ရာက သူ့အဖေကို သူ ဘာတွေပြန်ပြောရမလဲဆိုတာလည်း စဉ်းစားလာတယ်။

မျက်မှန်ပါရဂူပြောခဲ့တဲ့ စကားတွေကို သွားတွေးမိတယ်လေ။

၂။ *"မင်းနေချင်တဲ့အဆင့်ကို*
*မင်း ရွေးချယ်ပါ"*

သူ့ဘဝတစ်သက်တာ (၉)နှစ်ကာလအတွင်းမှာ တစ်ခုတည်းသော ဆက်သွယ်ရေးအဆင့်အနေနှင့် ရှိခဲ့တဲ့ သူနဲ့ သူ့အဖေရဲ့ဆက်ဆံရေးဟာ ပြောင်းလဲတော့မှာ ဖြစ်ပါတယ်။

ဒီညအဖို့ . . . သူဟာ အသိဉာဏ်အလင်းကို ထွန်းညှိဖို့ ရည်ရွယ်ခဲ့ပါပြီ။



# အခန်း (၁၀)

## လက်သမားဆရာလေး

သူ အိမ်ပြန်ရောက်ခဲ့ပါပကော။

ရစ်ချ်ဟာ အိမ်ရှေ့တံခါးကို စိတ်လှုပ်ရှားစွာနဲ့ ပြေးခဲ့တယ်။ သူ့လက်ထဲမှာ မှတ်စုစာအုပ်လေးကိုင်လျက်နှင့် တံခါးကို ဖွင့်လိုက်တယ်။

သူ့နှလုံးတွေဟာ တဒိတ်ဒိတ်ခုန်နေတယ်။

ကြီးမားတဲ့အပြုံးအပျော်တစ်ခုဟာ သူ့မျက်နှာပြင်မှာ ထင်းထင်းကြီးစွဲလို့။

ရစ်ချ် အိမ်ထဲကို ပြေးဝင်ခဲ့ရာက သူ့အဖေရဲ့ အိပ်ခန်းတံခါးကို ဖွင့်လိုက်တယ်။

"ဖေဖေရေ . . . ကျွန်တော်တို့ သူဌေးဖြစ်တော့မယ်ဗျ . . .

ဒီနေ့ ကျွန်တော် ဘာတွေကြုံလာတယ်ဆိုတာ ပြောပြရင် ဖေဖေ ယုံမှာ တောင် မဟုတ်ဘူး"

"ရစ်ချ် . . . မင်း ဘာလို့ ဒီလောက်ကြာနေရတာလဲ၊ ဘယ်မလဲ ရေချိုတွင်းက ရေ"

ရစ်ချ်ဟာ ကြက်သေသေသွားတယ်။

"အို . . . မပါလာဘူး အဖေ၊ ရေချိုတွင်းက ရေကို ကျွန်တော် ရမလာခဲ့ဘူး၊ ဒါပေမယ့် . . . ကျွန်တော် ဘာရလာသလဲ ကြည့်ပါဦး"

သူက မှတ်စုစာအုပ်လေး ထုတ်ပြလိုက်တယ်။

လက်သမားကြီးက အိပ်ရာပေါ်က အနိုင်နိုင် လူးလဲထပြီး ရစ်ချ်ကို စိတ်ပျက်လက်ပျက် ကြည့်လိုက်တယ်။

"ရစ်ချ် . . . ရေတွင်းရေကော . . . ဒီနေ့အဖို့ မင်းကို ငါ ခိုင်းလိုက်တာ၊ အဲဒီကိစ္စပဲ၊ ခုသွား . . . ရေတွင်းကရေတွေ ခပ်လာစမ်း၊ တို့မှာ ရေလိုနေတယ် ရစ်ချ် . . . အခု မင်းက ရေမပါလာဘူး၊ ရေ ဘယ်မလဲ"

ရစ်ချတ်က လျှောက်လဲချက်ပေးတယ်။

"မဟုတ်သေးဘူး ဖေဖေ၊ ကျွန်တော်တို့အဖို့ အဲဒီရေမလိုတော့ပါဘူး၊ ချမ်းသာမှုရေတွင်းဆိုတာလဲ အဖေထင်တဲ့နေရာမှာ မရှိပါဘူး၊ ကျွန်တော်က တကယ့်ပင်လယ်ကြီးကို တွေ့ခဲ့တာ ဖေဖေရဲ့၊ ကျွန်တော် ပင်လယ်ကြီးတောင် မြင်ခဲ့ပြီးပြီ"

ရစ်ချတ်ဟာ သူ့အဖေ လက်သမားကြီးက ခေါင်းတရမ်းရမ်းနှင့် ခါရင်းနဲ့ မျက်ရည်တွေ စို့လာတာ တွေ့လိုက်ရတယ်။

သူ့အဖေက အိပ်ရာပေါ်က မရအရ ကုန်းရုန်းထပြီး ခြေအိတ်တွေ ကောက်စွပ်ဖို့ ကြိုးစားတယ်။





"ငါသွားမှဖြစ်မယ်၊ ရေတွင်းရှိရာကို ငါ အခုသွားမယ်၊ ငါတို့ ရေရဖို့ အရေးကြီးတယ်"

"ဖေဖေ . . . အခု ည မိုးချုပ်နေပါပြီ၊ မနက်ကျမှ သွားပါလား ဗျာ၊ အချိန်ဆိုတာ တန်ဖိုးမဖြတ်နိုင်ဘူး ဖေဖေရဲ၊ ကျွန်တော့်အမြင်ကို ပြောပါရစေ၊ ဒီနေ့ ကျွန်တော် ဘာတွေပညာရခဲ့တယ်ဆိုတာ ပြောခွင့်ပြုပါ"

စကားလုံးတွေက သူ့နှုတ်က ထွက်သွားပြီး လက်သမားကြီးရဲ့ နားထဲ မဝင်ခင်မှာ ကြမ်းပေါ်ကို လွင့်ကျကုန်ပါတယ်။

"ငါပေးလိုက်တဲ့ ဒေါ်လာစက္ကူကော ရစ်ချတ်"

လက်သမားကြီးဟာ နာကျင်တဲ့ဝေဒနာ ခံစားရင်းက စကားလုံးတွေ အန်ထုတ်ရသလို . . . သူဟာ ရပ်နေရင်းက ယိမ်းထိုးနေတယ်၊ ရစ်ချတ် ငိုလိုက်ရပါပြီ။

"ဝမ်းနည်းပါတယ်၊ ကျွန်တော့်မှာ ငွေတစ်ပြားမှ မရှိတော့ပါဘူး"

"ဟာ . . . ရစ်ချတ်ရာ . . . မင်းမှာ ဦးနှောက်မရှိဘူးလား၊ အဖြစ်ဆိုးလိုက်တာကွာ၊ အတော့်ကို ကြောက်စရာကောင်းတာပဲ၊ မင်း ဘာတွေ လျှောက်လုပ်ခဲ့တာလဲ"

လူအိုကြီးက ငွေသေတ္တာလေးဖွင့်ပြီး တစ်ဒေါ်လာတန် ငွေစက္ကူ ကိုင်လျက်နှင့် ကုတ်အကျီကို ဝတ်နေပြီ။

"ငါ အခု သွားမှာပဲ၊ ရေတွင်းကို ငါ အခုသွားမယ်၊ တံခါးသော့ ခတ်လိုက်၊ ငါ့မှာ သော့တွေပါတယ်"

လက်သမားကြီးက တံခါးဝကို အလူးအလဲ ထွက်သွားချိန်မှာ ရစ်ချတ်ကတော့ ငိုကြီးချက်မ ငိုနေမိပါပြီ။

"မသွားပါနဲ့ ဖေဖေရယ်၊ ကျေးဇူးပြုပြီး . . . ကျေးဇူးပြုပြီး ကျွန်တော် ပြောပါရစေဦး၊ ကျွန်တော့်မှတ်စုစာအုပ်လေးကို ကြည့်ပါ၊ ကျွန်တော်ရေးထားတာတွေကို ဖတ်ကြည့်ပါဦး၊ ကျေးဇူးပြုပြီး တောင်းပန်ပါတယ် ဖေဖေ၊ ဒီမှာ ကျွန်တော် သိခဲ့ရတာတွေပါ၊ သင်ကြားမှုဆိုတာ ကစားပွဲတစ်ခုတဲ့၊ အချိန်ဆိုတာ ကျွန်တော်တို့ရဲ့ အဖိုးအတန်ဆုံး ပိုင်ဆိုင်မှုတဲ့ ဖေဖေရဲ့၊ ဒါတွေအားလုံး ဒီစာအုပ်ထဲမှာ ပါတယ်၊ တစ်မိနစ်လေးလောက် ခဏထိုင်ပြီး ကျွန်တော်ရှင်းပြတာ နားထောင်ပါဦး"

ရစ်ချတ်ဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ မျက်လုံးက မျက်ရည်တွေ သုတ်လိုက်မိတယ်။ သူ့မျက်ရည်တွေက သူ့အမြင်စွမ်းအားတွေကို အရည်ဖျော်ပစ်လိုက်ပါပြီ။ သူ့ကြည်လင်မှုတွေကို လျှော်ဖွပ်ပစ်လိုက်ပါပြီ။

"အဖေ အားတက်အောင် ပြောပါရစေ၊ ရေတွင်းက ကျွန်တော်တို့ဆီမှာပဲ ရှိတာ၊ ရေတွင်းက ဖေဖေ့ပါးစပ်ဖျားက စကားလုံးတွေပဲဥစ္စာ"

သူက ပိတ်သွားတဲ့တံခါးကြီးကိုပဲ လှမ်းပြောမိလျက်သား။

သူက ကြမ်းပေါ် ထိုင်လိုက်ပြီး ငိုချလိုက်ပါတော့တယ်။ သူ့မေမေ့အကြောင်းကို စတွေးမိပြန်တော့ ဝမ်းနည်းပက်လက်ပိုဖြစ်ပြီး ငိုလို့မဆုံးတော့ပါဘူး။

စင်စစ်တော့ ဒီနေ့ဟာ သူ့အတွက် မင်္ဂလာအရှိဆုံး ကံအကောင်းဆုံးနေ့ဖြစ်ပြီလို့ ယူဆခဲ့ပေမယ့် ခုတော့ . . . အဆိုးဆုံး ကြက်သရေမရှိဆုံးနေ့ ဖြစ်ခဲ့ပါပေါ့။

သူ့ မျက်ရည်တွေက သက်သေပြနေတယ်။

သူ့မျက်ရည်တွေ၊ သူ့အဖေရဲ့ သောကဝေဒနာ၊ ဒေါသခြေရာတွေနဲ့ အေးစက်နေတဲ့ ကြမ်းပြင်။





ရစ်ချတ်တစ်ယောက် အရုပ်ကြိုးပြတ် ခွေကျနေရာက ငိုရင်းနဲ့ အိပ်ပျော်ဖို့ ကြိုးစားနေမိဆဲမှာပဲ ပုလွေရှင်မမက သူ့စိတ်ကြေးမုံပြင်မှာ ဘွားခနဲ ပေါ်လာပါတယ်။

*၂၇။ "မင်းဘာလုပ်တယ်ဆိုတာထက် ဘယ်အချိန်လုပ်တယ်ဆိုတာ အဓိကပိုကျတယ်"*

ဒီနောက်တော့ . . . ဆောင်းရာသီ ကုန်လွန်သွားပါရောလား။

# အခန်း (၁၁)
## အဘွားအို

"ဒါ နည်းနည်းမှ တရားမမျှတဘူး"

"ငါ ကျန်းမာရေးထိခိုက်ပြီး အမောဖောက်နေပြီ"

သူ့ခမျာ နေမကောင်းဖြစ်ရာက အမောဆို့နေရပါရောလား။

စင်စစ်မှာ . . . သူဟာ ကျန်းမာရေးထိခိုက်လို့ မောနေရသလို . . . မောလွန်းလို့လည်း ပန်းဖျားဖျားနေရတာပါ။

ဒါ ဖြစ်သင့်ပါရဲ့လား။

ရစ်ချ်ရဲ့အဖေဟာ ဘဝတစ်လျှောက်လုံး လက်သမားအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့ရတယ်။ ပင်ပန်းတကြီး အလုပ်လုပ်ခဲ့ရတယ်။

သူဟာ အစဉ်အမြဲ ချမ်းသာချင်ပေမယ့် ဘယ်တော့မှ မချမ်းသာခဲ့ရရှာပါဘူး။





ပြေပြေလည်လည် ချမ်းသာချင်စိတ်ကြောင့်ပဲ အလုပ်ကို အသည်းအသန် ဇွဲနဘဲနဲ့ နင်းကန်လုပ်ခဲ့တဲ့တိုင်အောင် အလုပ်ဒဏ်ပိပြီး နောက်ဆုံး အိပ်ရာထဲ ဗုန်းဗုန်းလဲခဲ့တာသာ အဖတ်တင်ခဲ့ရတယ်။

သူဟာ ပုံလျက်သားလဲပြီး အိပ်ရာကျောကပ် နေရတဲ့ဘဝ ရောက်ခဲ့ရတာပါပဲ။

ရစ်ချ်ဟာ သူ့အဖေဘေးမှာ ငုတ်တုတ်လေး။

"ဖေဖေ . . . မနေ့က ဖြစ်ခဲ့တာတွေအတွက် စိတ်မကောင်းပါဘူး၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် အံ့သြစရာ ထူးထူးဆန်းဆန်း ကြုံတွေ့ခဲ့ရတာတွေကိုလဲ နောက်မှ ပြောပြပါတော့မယ်၊ ဒီနေ့တော့ အဖေ့ဆန္ဒအတိုင်း ချမ်းသာမှုရေတွင်းကို သွားခပ်ပေးဖို့ ကတိပြုပါတယ်"

လက်သမားကြီးက ပြုံးလိုက်တယ်။

"ကျေးဇူးပါပဲ သားရယ်၊ ညက မင်းစိတ်ဆင်းရဲအောင် လုပ်မိတာကိုလဲ အဖေ့ကို ခွင့်လွှတ်ပါ၊ ဆောရီးပဲနော်၊ ဒါပေမယ့် . . . တစ်ရက်ကလေးမှ နောက်ကျလို့မဖြစ်ဘူးဆိုတော့ အဖေကိုယ်တိုင်သွားမှပါပဲ၊ တို့ ဝမ်းနည်းနေတာထက် အသက်ရှင် ရပ်တည်ဖို့ ကြိုးစားတာ ပိုကောင်းပါတယ်"

ဒီနောက်တော့ သူက ရစ်ချတ်ကို ငွေတစ်ဒေါ်လာပေးပြီး . . .

**"ရာစုနှစ်ပေါင်းများစွာကတည်းက တို့ရွာကလူတွေဟာ ချမ်းသာမှုရေတွင်းရှိရာကို နေ့တိုင်း မပျက်မကွက် သွားလေ့ရှိကြတယ်၊ ရေတွင်းကို စေတနာထားပြီး ရက်ရက်ရောရော ပေးလိုက်ပါ ငါ့သား၊ ဒါဆို . . . ရေတွင်းကလဲ စေတနာတုံ့ပြန်တဲ့အနေနဲ့ ရက်ရောမှုတွေ ပြန်ပေးလိမ့်မယ်"**

ရစ်ချ်ဟာ မှတ်စုစာအုပ်လေးကိုင်လျက်က ရေတွင်းသွားရာလမ်း အတိုင်း ပြေးခဲ့ပါတယ်။

မကြာခင်ပဲ အဘွားအိုနဲ့ ပြန်တွေ့တယ်။

အဘွားအိုလက်ထဲမှာလည်း ရေအေးအေးလေး တစ်ဖန်ခွက် ကိုင်ထားတယ်။

"မင်း ဒီနေ့တော့ ချမ်းသာနေပုံပဲ သားရဲ့"

အဘွားအိုက အော်နှုတ်ဆက်လိုက်တာပါ။

"ကျွန်တော် အဘွားဆီကို ကျေးဇူးတင်စကားပြောဖို့နဲ့ ဖုန်းနံပါတ်တောင်းရအောင် ပြန်လာတာပါ၊ ကျွန်တော်ဟာ လက်သမားနဲ့ သစ်လုပ်ငန်း စထောင်လိုက်ပါပြီ၊ ပြီးတော့ . . . ပိုက်ဆရာဆီက နောက်ပိုင်း ဖရန်ချိုက်စ်လုပ်ငန်းခွဲတွေ ဖြန့်ဖို့ကိစ္စအတွက် အကြံကောင်းဉာဏ်ကောင်းလေးတွေ တောင်းဖို့သွားဦးမှာပါ၊ ပြီးရင် . . . လှေလှော်သမားဆီမှာ မြစ်ထဲသွားနေတဲ့ လှေတွေကို ပြင်ဖို့ စကားပြောချင်ပါသေးတယ်၊ ကျွန်တော်က သူ့လှေရုံမှာ ဝပ်ရှော့လေးတစ်ခု ထောင်လိုတာကိုး"


"ကောင်းပြီ . . . ကောင်းပြီ . . . ကောင်းပြီ၊ မင်းစကားတွေက မင်္ဂလာရှိလိုက်တာ ငါ့သားရယ်၊ ဒါထက် . . . ဒီမှတ်စုစာအုပ်ကို ကောင်းကောင်းအသုံးချနိုင်ခဲ့ပြီလား"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အဘွား"

သူက ပုံဆွဲထားတဲ့ သူ့စာရင်းကို ပြလိုက်ပါတယ်။







"အလဲ့ . . . တယ်ဟုတ်ပါလား၊ သိပ်ကောင်းတာပဲ၊ ကဲ . . . အခု မင်း ခရီးမဆက်ခင်မှာ မင်းမှာ အဘွားကို မေးဖို့ မေးခွန်းကောင်းတွေ ရှိသေးထင်ပ"

"ဟုတ်ကဲ့၊ မေးမှာပါ၊ ပထမဆုံးအနေနဲ့ ချမ်းသာမှုရေတွင်းကို ရှာဖို့ လိုအပ်နေပါတယ်၊ ကျွန်တော့်အဖေအတွက် ရေတစ်ပုံးလောက် လိုချင်လို့ပါ . . . ရေတွင်းကို ဘယ်လမ်းက သွားရပါ့မလဲ"

"မင်းမှာ အဲဒီထက်ကောင်းတဲ့ မေးခွန်းမရှိတော့ဘူးလား"

ရစ်ချ်က စောဒကတက်လိုက်ပါတယ်။

"ကျွန်တော် ရေတွင်းကို မသွားမဖြစ် သွားရမှာပါ၊ မသွားရင် အဖေ အရမ်းစိတ်ထိခိုက်သွားပါလိမ့်မယ်"

"ထားပါ၊ မင်းမှ တခြားမေးခွန်းကောင်းတစ်ခု ရှိသေးလား"

ရစ်ချ် တဒင်္ဂစဉ်းစားပါတယ်။ ပြီးတော့ . . . သူ့စာရင်းကို ပြန်ကြည့်ပါတယ်။

"ဒီစာရင်းအပြင် နောက်ထပ် ဘယ်နှစ်ခုရှိဦးမှာလဲ အဘွားရဲ့"

အဘွားအိုက ပြုံးလိုက်ရင်း . . .

"ခုလောလောဆယ်တော့ နှစ်ခုလောက် ထပ်ဖြည့်ရုံပါပဲ"





၁။ စဉ်းစားပါ၊ မှတ်ပါ
လုပ်ပါ၊ ပြန်သုံးသပ်ပါ။

၂။ မင်းနေချင်တဲ့အဆင့်ကို
ရွေးချယ်ပါ။

၃။ မင်းမြင်သလောက်
မင်းရမှာပဲ။

၄။ မေးပါ၊ မေးရင် . . .
အဖြေရမယ်။

၅။ သင်ကြားတယ်ဆိုတာ
ကစားပွဲတစ်ခုပဲ။

၆။ အချိန်တွေကို ပိုပြီးရင်းနှီးမြှုပ်နှံပါ၊
အချိန်ဖြုန်းမှုကို လျှော့ပစ်ပါ။

၇။ ငွေကို ပိုပြီး ရင်းနှီးမြှုပ်နှံပါ၊
ငွေဖြုန်းတာတွေ လျှော့ပါ။

၈။ မင်းရဲ့ရေတွင်းဟာ
မင်းစကားလုံးတွေပဲပေါ့။

၉။ ချမ်းသာမှုဟာ အစပဲ၊
အဆုံးမဟုတ်ဘူး။

၁၀။ စိုက်ပျိုးပါ၊ ပြုစုစောင့်ရှောက်ပါ၊
ရိတ်သိမ်းပါ။

၁၁။ မင်းရဲ့ပြင်းပြတဲ့ဆန္ဒဟာ
မင်းရဲ့လမ်းညွှန်ကွန်ပါပဲ။

၁၂။ သိပြီးမလုပ်သေးတာဟာ
တကယ်မသိသေးလို့ပဲ
၁၃။ တန်ဖိုးမဖြတ်နိုင်တာ
ချမ်းသာမှုတွေ စီးဆင်းနေတဲ့မြစ်ပဲ
၁၄။ ရည်မှန်းချက်အတိုင်း
ဖြစ်ထွန်းတိုးတက်အောင်
လုပ်ဆောင်သူတစ်ဦး ဖြစ်ပါစေ။
၁၅။ ရှုံးဖို့တွက်ထားပါ။
၁၆။ သစ်ပင်တွေကကြည့်ရင်
သစ်တောကို မြင်ပါ။
၁၇။ အခွင့်အလမ်းဟာ
အချိန်တိုင်းမှာရှိတယ်။
၁၈။ အရှိန်စွမ်းအားကို ထိန်းတဲ့သော့ချက်ဟာ
မင်းရဲ့ကိုင်တွယ်မှုပေါ် မူတည်တယ်။
၁၉။ မကျအောင် ထိန်းထားတဲ့ ချမ်းသာမှုနောက်မှာ
စည်းချက်ကျနမှုရှိတယ်။
၂၀။ အချိန်ဟာ အဖိုးတန်ဆုံး
ကိုယ်ပိုင်ပစ္စည်း
၂၁။ သံစဉ်ပြေပြစ်ညီညွတ်မှုဟာ
ချမ်းသာခြင်းရဲ့အခြေခံအုတ်မြစ်
၂၂။ အချိန်မှာ ရာသီတွေရှိတယ်။





၂၃။ မင်းဘာလုပ်တယ်ဆိုတာထက်
ဘယ်အချိန်လုပ်တယ်ဆိုတာ အဓိကပိုကျတယ်။
၂၄။ ဂယက်ထအောင်လုပ်နိုင်ရင်
ကြီးပွားမယ်။
၂၅။ မင်းအဆင့်အတန်းကို
မင်းပဲ သတ်မှတ်ထားပါ။
၂၆။ ကြယ်ငါးပွင့်ဘဝဟာ
ကြယ်နှစ်ပွင့်ဘဝထက် ပိုသက်သာတယ်။
၂၇။ မင်းပတ်ဝန်းကျင်ဟာ
မင်းရဲ့ကစားကွင်းပေါ့။
၂၈။ မင်းဟာ မင်းရွေးချယ်မှုရဲ့
ရလဒ်ပဲ ဖြစ်တယ်။
၂၉။ ရေဆိုတာ သူနဲ့တန်တဲ့နေရာကို
အမြဲရှာနေတာပဲ။

ရစ်ချ်က ခေါင်းညိတ်ပြီး . . .

“ဒါဖြင့် . . . အဲဒါတွေကို အခု မသိရသေးဘူးလားခဗျ”

အဘွားအိုက ဆက်ပြုံးရင်း ခေါင်းညိတ်ပြလိုက်ပါတယ်။

ရစ်ချ်ဟာ အဘွားအိုဘေးမှာ ဝင်ထိုင်ရင်းက အကြိတ်အနယ် စဉ်းစားနေမိပါတယ်။ အကြောင်းကတော့ သူ တစ်ခုခုလိုနေတယ်ဆိုတာ သိနေလို့ပါပဲ။ ပြီးတော့ . . . အဲဒါက သိပ်အရေးကြီးပုံရပါတယ်။

အဲဒါကလည်း သူတွေ့ဆုံဆက်ဆံရမယ့်လူတွေနဲ့ ပတ်သက်နေ

မယ်လို့ ခံစားရပါတယ်။ ဒါဟာ သူတို့နဲ့ ဆက်သွယ်ရေးဖြစ်သလို ပုလွေရှင် မမရဲ့ တေးသံစဉ်နဲ့ မိန်းမပျိုလေးတွေရဲ့ သီချင်းသံတွေနဲ့လည်း နှီးနွှယ်နေပါတယ်။

*"လောကကြီးက ခေါင်နေတယ်*

*ကြိုတင်ပြင်ဆင်ထားပါတယ်"*

ရစ်ချ်ဟာ ခေါင်းခဲအောင် စဉ်းစားပါတယ်။ အဘွားအိုလက်ထဲက ရေခွက်ကိုလည်း စိုက်ကြည့်နေမိတယ်။ သူက ဒီရေကို မသောက်ရသေးပါဘူး။ ဒါနဲ့အမျှ ချမ်းသာမှုရေတွင်းက ရေကို သတိရစေပါတယ်။ ပြီးတော့ အဲဒီရေက ဥယျာဉ်ထဲမှ စမ်းရေလေးတွေကိုပါ မြင်ယောင်စေပါတယ်။ တစ်ပြိုင်တည်းမှာ . . . မြစ်ထဲနဲ့ ပင်လယ်ထဲက ရေတွေအကြောင်းကိုပါ တွေးမြင်ခဲ့ရပါပြီ။

သူဟာ ရေနဲ့ပတ်သက်လို့ အသည်းအသန် စဉ်းစားခဲ့သလို သူနှင့် တွေ့ခဲ့တဲ့ပုဂ္ဂိုလ်တွေရဲ့ ရေပေါ်မှာ မြင်တဲ့အမြင်နဲ့ လုပ်ကိုင်ပုံတွေကိုပါ စဉ်းစားမိတယ်။ သူတို့ရွာက ရွာသားတွေကတော့ ရေတွင်းက ရေကို သောက်ဖို့လောက်သာ စဉ်းစားမိကြပါတယ်။

ဒါပေမယ့် . . . မနေ့က သူတွေ့ခဲ့တဲ့လူတွေက ရေကို တခြားနည်းတွေနဲ့ တန်ဖိုးထားပုံရပါတယ် . . . သူတို့က ရေကို အဓိကထားသောက်ရုံသာမက တခြားအကျိုးရှိတဲ့ကိစ္စတွေမှာလည်း အသုံးချဖို့ နည်းလမ်းတွေ ရှာတွေ့ခဲ့ကြပါတယ်။

ဒီနေရာမှာ . . . သူ တစ်ခုခု နားလည်ဖို့ လိုအပ်လာပြီလို့ သိလိုက်ပါတယ်။ မနေ့က ခရီးစဉ်တစ်လျှောက်မှာ သူသုံးနိုင်တာထက် အမြဲပိုလျှံနေတဲ့ ရေတွေနဲ့ ရေပမာဏ များသထက်များလာတာကလား။ ဒီအခါ . . . မျက်မှန်ပါရဂူ ပြောခဲ့တာကို အမှတ်ရမိပါတယ်။





*၇။ "မင်းမြင်သလောက်*

*မင်းဂျမှာပဲ"*

ဒီနောက် . . . လွန်ခဲ့တဲ့ညက သူ ရေတွင်းက ရေခပ်မလာလို့ ဆိုပြီး သူ့အဖေ အထိတ်တလန့်ကြီး ဖြစ်သွားရတာနှင့် သူကိုယ်တိုင် စိတ်ပြောင်းသွားမိတဲ့အဖြစ်ကို ပြန်ဆင်ခြင်မိပါတယ်။

အဘွားအိုက ရစ်ချ် ဘာတွေတွေးနေတယ်ဆိုတာ သိလိုက်ပုံရပြီး တီးတိုးရေရွတ်လိုက်ပါတယ်။

"ရေ . . . ရေ . . . နေရာတိုင်းမှာ ရှိတယ်၊ သောက်ဖို့တစ်စက်သာ ရှိတာမဟုတ်ဘူးကွဲ့"

ရစ်ချ်ဟာ ပိုအမြင်ကြည်သွားတယ်။

သူက ရေဖန်ခွက်ကို ခေါင်းထိုးပြလိုက်ပြီး . . .

"ဒါဖြင့် အဘွားလက်ထဲက ရေတွေက ဘာလုပ်ဖို့လဲ"

"တချို့က မင်းလိုပဲ ရစ်ချ်၊ မင်းလိုပဲ ချမ်းသာချင်လို့ လာမေးတဲ့လူ နည်းနည်းပဲရှိတယ်၊ လူအတော်များများကတော့ ချမ်းသာမှုရေတွင်းကို ရှာဖို့ ငါ့ဆီ ရောက်လာကြတာ၊ ဒါကြောင့်လဲ ငါ သူတို့ကို ရေတွင်းရှိရာ လက်ညှိုးထိုးပြလိုက်တယ်၊ ဒါပေမယ့် . . . တချို့လူတွေက အဲသလိုလေးတောင် မမေးခဲ့ကြဘူး၊ အဘွားဆီ ရောက်လာပြီး သူတို့ ရေသိပ်ငတ်နေတဲ့အကြောင်းသာ တွင်တွင်ပြောခဲ့ကြတာပဲ"

"အဲဒီလူစားတွေကို အဘွားက ရေတစ်ခွက်တိုက်လိုက်တာပေါ့။

"သူတို့ဟာ ရေငတ်ပြေအောင် သောက်ပြီးတာနဲ့ ခရီးမဆက်တော့ဘူး။ အသာလေး နောက်လှည့်ပြီး အိမ်ပြန်သွားကြတော့တာပဲ။

အဘွားအိုက ရစ်ချ်ကို ကြည့်လိုက်တယ်။ ရစ်ချ်ကလည်း ပြန်

ကြည့်တယ်။ သူက ရေဖန်ခွက်ရယ်၊ ရေပုံးရယ်၊ ပင်လယ်ကြီးရယ် အကြောင်းတွေ လျှောက်တွေးတယ်။ အဘွားအိုက သူ့မှတ်စုစာအုပ်လေးကို မေးငေါ့ပြလို့ သူက ကောက်ရေးလိုက်ပါတယ်။

### ၂၇။ "ရေဆိုတာ သူနဲ့တန်တဲ့နေရာကို အမြဲရှာနေတာပဲ"

အဘွားအိုက ရစ်ချ်ကို အရောင်တဖျပ်ဖျပ်တောက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး . . .

"ရော့ . . . ဒါက မင်းအဖေအတွက် လိုအပ်နေတဲ့ ရေတွေပဲ"

ဆိုပြီး . . . ချမ်းသာမှုရေတွင်းက ရေတစ်ပုံးကို လှမ်းပေးလိုက်ပါတယ်။

ရစ်ချ်က နားလည်မှုအပြည့်နှင့် စွေကြည့်လိုက်ရာက . . .

"ဒါဖြင့် . . . ချမ်းသာမှုရေတွင်းကို အဘွားပိုင်တာပေါ့နော်"

"ဟုတ်တယ်၊ အဘွားပိုင်တယ်၊ အဘွားဟာ ဒီရွာမှာ အချမ်းသာဆုံး အမျိုးသမီးပဲ"

"ဒါပေမယ့် . . . ရေတွင်းလဲ မတွေ့ရပါလား"

ရစ်ချ်က လှျာရှည်လိုက်တော့ အဘွားအိုက ပင့်သက်ချလိုက်ပါတယ်။

"အဲဒီရေတွင်းကို တို့အားလုံး ပိုင်ဆိုင်ကြတာပဲ ရစ်ချ်ရဲ့၊ ဒါပေမယ့် . . . အဘွားရဲ့အမြင်မှာ သူတို့ကိုယ်သူတို့ မစွမ်းဆောင်နိုင်ကြတဲ့ လူတွေကို ကူညီရမယ်လို့ပါပဲ၊ ချမ်းသာမှုရေတွင်းက သူတို့ကို ချမ်းသာအောင် လုပ်မပေးနိုင်ပေမယ့် စိတ်သက်သာရာရအောင်တော့ ဖန်တီးပေးတာပဲ . . . ဒီရေဖန်ခွက်ဟာ တစ်ဘဝစာ လုံလောက်မှု မရှိတဲ့တိုင်အောင်





ယာယီစိတ်အေးချမ်းသာမှုကိုတော့ ရစေတာပဲ၊ အောင်မြင်မှု၊ အောက်မကျအောင် ထိန်းထားမှု (ဒါမှမဟုတ်) ရှင်သန်မှု၊ အဲဒါတွေအားလုံးဟာ ရွေးချယ်ခွင့်ရဲ့ အကျိုးတရားတွေပဲပေါ့"

ဒါ မှန်ပါတယ်။ မနေ့က သူသွားခဲ့တဲ့ ခရီးလမ်းကို ဘယ်သူမဆို သွားလို့ရပါတယ်။ အများစုက မသွားတာ ဘာကြောင့်လဲဆိုတော့ ဘဝအောင်မြင်မှုအတွက် အချိန်ယူ ရင်းဖို့ လိုအပ်တာမှန်း မသိသလို၊ သိလျက်နဲ့ ဆန္ဒမရှိကြလို့ပါပဲ၊ စင်စစ်တော့ သူတို့လက်ထဲမှာ ရွေးချယ်ခွင့်တွေ ရှိပါတယ်။ ရစ်ချ် . . . စားသောက်ဆိုင်တာဝန်ခံ ပြောခဲ့တဲ့ စကားတွေကို မှတ်မိနေဆဲပါ။

### ၂၈။ "မင်းဟာ မင်းရွေးချယ်ခွင့်ရဲ့ ရလဒ်ပဲ ဖြစ်တယ်"

"ကောင်းပါပြီ၊ ဒါနဲ့ အခု ကျွန်တော့်ကို ဘာဖြစ်လို့ ကူညီတာလဲ"

"မင်းက မေးခွန်းထုတ်ခဲ့လို့ပေါ့ . . . ဒါက အမြင်မှန်ရထားတဲ့ လူတွေဆီ ငါပို့ပေးခဲ့တာပဲလေ"

"မျက်မှန်ပါရဂူဆီကိုပေါ့နော်၊ သူ အမြင်သန်သလောက်တော့ ကျွန်တော် မြင်နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး"

အဘွားအိုက ပြုံးလိုက်တယ်။

"ရှိတာကို မင်းမသိလို့ပါ၊ ခုမရှိတောင် မကြာခင် တစ်နေ့ရှိလာမှာပါ"

ရစ်ချ်က ပြန်ပြုံးပြလိုက်ရာက ခေါင်းလေးပါညိတ်လို့။ မေးခွန်းကောင်းတစ်ခုကို ဆက်မေးခဲ့မိတယ်။

"ဒါဖြင့် . . . အမှတ်စဉ် ၂၉ ရဲ့နောက်မှာ ဘာရှိဦးမလဲ"

"မင်းမမြင်ဘူးဆိုပေမယ့် မင်းသိပြီးသားအဖြေ ရှိပါတယ်၊ မင်းမြင်သလောက် အမြဲတမ်း မင်းရမှာပဲလေ"

အဘွားအိုက လက်တို့ပြီး အတွင်းစကားဖွင့်ပြောတာကတော့-

"ဒါပေမယ့် ရစ်ချ် . . . မင်းကို ပြောလိုက်ပါ့မယ်၊ ဘာမဆို အဖြေ နောက်တစ်ခု ပေါ်မလာခင်မှာ လက်ငင်းအဖြေရှာနေတာကို လက်မလျှော့လိုက်ပါနဲ့၊ ဘာလို့ဆို . . . တစ်နေ့မှာ မင်း တွေ့လာမှာ ဖြစ်တာကြောင့်ပဲ၊ မင်း စရှာတုန်းကလဲ ချမ်းသာမှုရဲ့ရေတွင်းဟာ ဘာလဲဆိုတာတို့စကားတွေထဲမှာ ပါခဲ့တာပဲ မဟုတ်လား၊ ဒီတော့ နောက်ထပ် ပေါ်လာမယ့် အဖြေတွေဟာလဲ ချမ်းသာမှုရဲ့နောက်ကွယ်မှာရှိတဲ့ စကားလုံးတွေပဲပေါ့။

သူ ဘာပျောက်နေပါလိမ့်။ အမှတ်စဉ် ၂၉ ရဲ့နောက်မှာ ဘာလာဦးမှာလဲ။ နောက်ဆုံးအချက်ဟာ အရေးကြီးတဲ့ အဆိုတစ်ရပ်ဆိုတာတော့ သူ သိပါရဲ့။

သူဟာ သူတွေ့ခဲ့တဲ့ပုဂ္ဂိုလ်တွေကြားက ဆက်နွယ်မှုကို ပြန်ဆင်ခြင်စဉ်းစားတယ်။

ဒါဟာ . . . အစဉ်လိုက် ဆင်ထားတာလည်း ဖြစ်နိုင်တယ်။

သူတို့စကားလုံးတွေကို အလေးအနက်ထားလို့ ခေါင်းစားခံပြီး တွေးကြည့်တယ်။

သူတို့ပြောခဲ့တဲ့ စကားတွေထဲမှာလည်း အသစ်အဆန်း ထပ်မတွေ့ပါလား။

သူဟာ အတော်ဆုံးလက်သမားဖြစ်ဖို့ ဦးတည်နေပါပြီ။

သူရဲ့စာစု ၂၉ စာရင်းမှာ တစ်ခုခုတော့ မှားနေပြီထင်ပါတယ်။





အစီအစဉ်တွေ မကျတာပဲ ဖြစ်ရမယ်။

သူဟာ လှေကားက ခြေနင်းတွေကို ပြောင်းတပ်ဖို့ လိုလေမလား။

သူ့အနေနဲ့ စဉ်းစားဖို့၊ ရေးမှတ်ဖို့၊ လုပ်ဆောင်ဖို့၊ ပြန်လှန်သုံးသပ်ဖို့ လိုနေပါတယ်။

အဘွားအိုကို သူ ပင်ပင်ပန်းပန်း အလုပ်ကြိုးစားပါ့မယ်လို့ ကတိပေးခဲ့တုန်းက . . . ဒီလောက်ခက်မယ်မှန်း မသိခဲ့ပါဘူး။

အမှတ်စဉ် ၂၉ရဲ့နောက်မှာ ဘာလာမှာလဲ။

အဖြေက သူ့နောက်မှာ ကျောကပ်ကလေး ပုန်းနေမယ်ထင်ပါရဲ့။

ဒါပေမယ့် . . . သူ့မှတ်စုစာအုပ်ကို ပြန်ဖတ်လိုက်တဲ့အခါ အဖြေက သူ့ရှေ့လက်တစ်ကမ်းမှာ ရှိနေတာ သေချာသွားတယ်။

အောက်ကျမခံဖို့၊ လက်မလျှော့ဖို့ သူ ဆုံးဖြတ်လိုက်တော့တာပါပဲ။

သူ့အနေနဲ့ သူ့စာအုပ်ကို အဖြေရှာတွေ့တဲ့အထိ အကြိမ်ကြိမ် အဖန်ဖန် ပြတ်ဖတ်ကောင်း ဖတ်ပါလိမ့်မယ်။ ရစ်ချ်ဟာ လတ်ဆတ်တဲ့ ဆောင်းဦးလေကို ရှူ့ကိသွင်းလာရာက ဒီနေရာကို အရင်က ရောက်ခဲ့တာကို သတိရလိုက်ပါတယ်။

အဲဒါ တစ်ရက်ပဲ ရှိဦးမလား။ ဒါမှမဟုတ် . . . တစ်လလား၊ တစ်နှစ်တောင် ကြာသွားလို့လား။

သူ့မှာ ကြည်လင်မှုတွေ အများကြီးရသွားရာက အဘွားအိုကို ပြန်ကြည့်လိုက်မိပါတယ်။

အမှတ်စဉ် ၂၉ရဲ့နောက်မှာ ဘာလာမလဲ?

အဘွားအိုက ပြာလဲ့နေတဲ့ မျက်လုံးတွေနဲ့ အေးစက်စက် အကြည့်နဲ့ သူ့ကို တုံ့ပြန်ကြည့်နေတယ်။

အဲဒီမျက်လုံးတွေဟာ နုပျိုလန်းဆန်းပြီး စိတ်ဓာတ်ခွန်အားတွေ အပြည့်နဲ့ပါ။

အဲဒီ ထူးဆန်းအံ့ဩဖွယ် ရေကန်ငယ်လေးတွေထဲမှာ ပျော်စရာတွေ၊ ရယ်စရာဟာသတွေကိုလည်း မြင်လိုက်ရပါတယ်။

အဘွားအိုရဲ့မျက်လုံးတွေက စမ်းချောင်းထဲမှာ ခုန်ပေါက်က‚ နေတဲ့ ပိုက်ဆရာကို သွားမြင်ယောင်စေခဲ့ပါတယ်။

အလားတူပဲ မြစ်ထဲ ရေဆင်းကူးတဲ့ ကောင်မလေးနှစ်ယောက် ကိုလည်း ပြန်အမှတ်ရစေတာပဲပေါ့။

အဘွားအိုရဲ့မျက်လုံးတွေထဲ သူစိုက်ကြည့်ရင်းက ထိုးဖောက် မြင်လိုက်သလို အချိန်ကို သတိထားမိလိုက်ပါတယ်။

သူဟာ လေ့အောက်က တွန်းတိုက်ဖြတ်သန်းသွားတဲ့ ရေအလျဉ် နဲ့တူတဲ့ အချိန်ရဲ့စီးဆင်းမှုကို ခံစားလိုက်ရပါတယ်။

သူဟာ အပြာရောင်နဲ့ ပကတိငြိမ်သက်မှုထဲကို ကျရောက်နေရာ က လှိုင်းကြက်ခွပ်လေးတွေ ထပြီး ငွေရောင်ဖွေးဖွေးလက်နေတဲ့ ပင်လယ် ပြင်ကြီးကို လှမ်းမြင်လိုက်မိတယ်။

သူ့ရဲ့အဖိုးတန်အချိန်တွေဟာ ပျင်းရိနှေးကွေးစွာ တရွေ့ရွေ့ ကုန်လွန်နေပါတယ်။ ပြီးတော့ . . . ရပ်သွားတော့မယ်။

သူ သက်ပြင်းရှိုက်လိုက်ပါတယ်။





အဘွားအိုက အရောင်တဖျပ်ဖျပ် တောက်နေတဲ့ မျက်လုံးတွေနဲ့ မျက်တောင်တစ်ချက် ခတ်လိုက်ပါတယ်။

နောက်ဆုံးတော့ . . . ရစ်ချ် အဖြေကို မြင်သွားပါပြီ။

*"ကမ္ဘာကြီးက ခေါင်နေတယ်*
*ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားတယ်"*

## နိဂုံးနှုတ်ဆက်စကား

ပြန်တွေ့ရတာ ကြိုဆိုပါတယ်။ ဒီစာအုပ်ကို ဖတ်ခဲ့တဲ့အတွက်လည်း ကျေးဇူးကုဋေပါ။

ဒီစာအုပ်ဟာ သာမန်ပုံပြင်ဇာတ်လမ်းလေးတစ်ပုဒ် မဟုတ်တာကိုတော့ အကြံပြုပါရစေ။ ဒီစာအုပ်ထဲမှာ တကယ့်အဖြစ်အပျက်တွေ မပါပါဘူး။ တကယ့်အဖြစ်အပျက်က ဇာတ်လမ်းရဲ့ နောက်ကွယ်မှာ ရှိနေတဲ့ အံ့မခန်းထူးဆန်းတဲ့ တကယ့်ဖြစ်ရပ်မှန်တစ်ခုအနေနဲ့ ကိုယ်တိုင်ဖန်တီးဖော်ထုတ်ဖို့ အသင့်စောင့်နေတာပါ။

အဓိပ္ပာယ်က ဒီစာအုပ်ကို ထပ်တလဲလဲ ဖတ်မှသာ အဖြေထုတ်နိုင်မယ်လို့ ဆိုလိုတာပေါ့။ ငါးကြိမ်မက ဆယ်ကြိမ်ဖြစ်ဖြစ် ဖတ်တာကတော့ စာဖတ်သူရဲ့ဆန္ဒအပေါ် မူတည်ပါတယ်။

တကယ်လို့ တကယ့်အဖြစ်အပျက်ဇာတ်လမ်းကို ဒီစာအုပ်ထဲမှာ ရှာမတွေ့ခဲ့ဘူးဆိုရင်ကော . . . ကိုယ်တိုင်ဝင်ပါဖို့ အဆင်သင့်ပြင်မထားမိဘူးလား။ ဒါမှမဟုတ် . . . ခင်ဗျားဟာ အလုပ်ကို ပင်ပင်ပန်းပန်း ချွေးနဲ့သွေးနဲ့ရင်းပြီး လုပ်နေတော့မှာလား။

ကျွန်တော်တို့ဟာ ကိုယ့်အဆင့်အတန်း ကိုယ် သတ်မှတ်နေထိုင်ကြတာပဲလေ။

**မြတ်ပန်းရဂုံစာပေ**

ဇာတ်လမ်းထဲမှာပါသလို . . . ဖန်ခွက်အပြည့်တစ်ခွက်ပဲ လိုချင်ရင်လည်း ရတာပဲ။ ပင်လယ်ပြင်ကြီးလောက် လိုချင်ရင်လည်း ဖြစ်တာပဲ။ အဲဒါက ကိုယ့်ဘာသာကိုယ် ဆွေးနွေးအဖြေထုတ်ရမှာပဲပေါ့။

ဒီစာအုပ်ကိုဖတ်တိုင်းမှာ ခင်ဗျားရဲ့အမြင်တွေ တစ်စထက်တစ်စ ကြည်လင်ပြတ်သားမှု တိုးတက်လာမှာ မလွဲပါဘူး။

မြင်သလောက်ရမှာ သေချာပါတယ်။

ပိုမြင်ရင်လည်း ပိုရမှာ မုချဧကန်။

နောက်ဆုံးတော့ . . . ခင်ဗျားရဲ့ရပ်တည်မှုအဆင့်က မြင့်မားလာပြီး ပင်လယ်ပြင်ကြီးထဲအထိ ရောက်သွားနိုင်ပါတယ်။

ရေဆိုတာ ထည့်ရာခွက်ရဲ့ပုံသဏ္ဌာန်အတိုင်း ရှိရုံမက သူ့အဆင့်နဲ့သူ နေရာရှာနေတတ်တာ တွေ့ရပါလိမ့်မယ်။ ဖန်ခွက်တစ်လုံးစာထက် ပိုလိုချင်တယ်ဆိုရင်တော့ တွေးခေါ်စဉ်းစား လေ့လာမှတ်သားခြင်းတွေနဲ့ အဖြေထုတ်ယူနိုင်မှာပါ။

ကိုယ်သိပါလျက်နဲ့ လက်တွေ့မလုပ်သေးဘူးဆိုရင်တော့ တကယ်မသိသေးရာ ရောက်ပါလိမ့်မယ်။

ဘောလ်ပင်က မင်ကုန်ရုံနဲ့ လက်ညောင်းရုံပဲ ရှိတော့မှာပေါ့။

ကြည်လင်ပြတ်သားတဲ့ အမြင်တွေ အများကြီး လိုချင်တယ်ဆိုရင်တော့ မေးခွန်းတွေ ကောင်းကောင်းမေးတတ်ဖို့ လိုပါတယ်။ မေးသင့်တာမှန်သမျှ မေးသာမေးပါ။ ကိုယ့်အယူအဆကို မေးခွန်းအဖြစ် ပြောင်းမေးပါ။

အကြံပေးပုဂ္ဂိုလ်၊ ဆရာတွေ အနက်မှာ ထူးခြားတဲ့လူကို ရှာရမှာပေါ့။





ချမ်းသာခြင်းကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုချင်သလဲဆိုတာလည်း အရေးကြီးလှပါတယ်။

သူတို့ရဲ့ အစီအစဉ် ကျနမှုတွေဟာ ချမ်းသာမှုကို ဖန်တီးရာမှာ ဘာကြောင့်အရေးကြီးပါသလဲ။ သူတို့ရဲ့ အစီအစဉ်တွေဟာ မှန်ကန်တဲ့ လမ်းညွှန်ချက်တွေမှာ ဘာကြောင့် သိပ်မလိုအပ်တော့တာလဲ။

မှန်ကန်တဲ့ လမ်းညွှန်ချက်တွေဆိုတာကော ဘာတွေလဲ။

ရစ်ချ်ရဲ့ မှတ်စုစာရင်းကို အစီအစဉ်တကျ ဘယ်လိုပြန်ပြင်မလဲ။ ဒါဆိုရင် အမှတ်စဉ် ၂၉ နောက်မှာ လာမယ့်အချက် ဘာဆိုတာ အနီးစပ်ဆုံး မှန်းလို့ရမလား။ မျက်မှန်ပါရဂူရဲ့အမြင်ဟာ ဘာတွေလဲ။

တကယ့်အဖြစ်အပျက်ဟာ စာအုပ်ထဲက ဇာတ်လမ်းမဟုတ်ဘူးဆိုရင် တကယ့်ဖြစ်ရပ်မှန်က ဘာဖြစ်မလဲ။

မြင်သလောက် ရမယ်ဆိုတော့ ဘာတွေမမြင်သေးဘူးလဲ။

မဖွင့်ရသေးတာ ဘယ်တံခါးတွေ ရှိနေသေးလဲ။

ပိုကောင်းတဲ့ မေးခွန်းတွေဟာ အထက်ပါ မေးခွန်းတွေရဲ့ သော့ချက်တွေဖြစ်သလို . . . မေးခွန်းမထုတ်ဘဲ ပိတ်ထားတဲ့ တံခါးတွေကို ဖွင့်ပစ်လိုက်ပါ။

တကယ့်ဖြစ်ရပ်မှန်နဲ့ အမြန်ဆုံး နီးစပ်ရာရောက်အောင် ပို့ဆောင်ပေးမယ့် မေးခွန်းကောင်းနှစ်ခု ရှိနေပါသေးတယ်။

ခင်ဗျားမှာရှိတဲ့ အယူအဆတွေကို မေးခွန်းအဖြစ် ထုတ်လိုက်ပါ။

ဇာတ်လမ်းစဉ်တစ်လျှောက်မှာပါတဲ့ ရေတွေဟာ တကယ်ထွက်မလာဘူးဆိုရင် တကယ်ထွက်လာအောင် ဘာလုပ်မလဲ။

ပြီးတော့ . . . ရစ်ချ်ရဲ့ခရီးစဉ်ဟာ ခင်ဗျားအတွက် တစ်ရက်တည်းနဲ့ မလုံလောက်ဘူးဆိုရင် ဘယ်လောက်ကြာကြာ အချိန်ယူမှာလဲ။

ကျွန်တော်တို့ဟာ ကိုယ့်အဆင့်အတန်း ကိုယ် သတ်မှတ်နေထိုင်ကြတာ ဖြစ်ပါတယ်။ ခင်ဗျားရဲ့အဆင့်အတန်းဟာ ဖန်ခွက်တစ်လုံးစာရှိမယ်ဆိုရင် ဒီစာအုပ်ကို ဖတ်စပထမပိုင်းကတည်းက ရသွားပြီလို့ ပြောရမှာပါ။

ဒီ့ထက် ပိုလိုချင်တယ်ဆိုရင်တော့ ပင်လယ်ပြင်အထိ လိုက်ပြီးအထိုင်ချ ဆွေးနွေးနိုင်ပါတယ်။

ခင်ဗျား တကယ်ပဲ စဉ်းစားရဲ့လား၊ ရေးမှတ်ရဲ့လား၊ လုပ်ဆောင်ရဲ့လား၊ ပြန်လှန်သုံးသပ်ပါသလား။

ခင်ဗျားဟာ ခင်ဗျားရွေးချယ်ခွင့်ရဲ့ ရလဒ်ပါပဲ။

ဒီတော့ . . . ကျေးဇူးပြုပြီး ဒီစာအုပ်ကို ရေထွက်တဲ့ ရေကန်တစ်ကန်လိုပဲ သဘောထားပါ။

ခင်ဗျား ဖွင့်ယူနိုင်သလောက် ရမှာပါပဲ။

လက်တွေ့အသုံးချဖို့ လမ်းညွှန်ချက်တွေကတော့ . . .

*လက်တွေ့ကျင့်ဆောင်ပါ။*

*ဆေးကြောသန့်စင်ပါ။*

*ထပ်ခါထပ်ခါ အသုံးပြုပါ။*